# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်းဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)


၁၃၈၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၃ ရက် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၃ ရက်၊ အင်္ဂါနေ့ အတွဲ (၆၀)၊ အမှတ် (၀၃၄)


## အသိပေးကြေညာခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲတည်ငြိမ်အေးချမ်းအောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် မဲဆန္ဒရှင်ပြည်သူလူထုအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးဦးအား လွတ်လပ်စွာ ဆန္ဒပြုနိုင်ရန်အလို့ငှာ ၆ -၁၁-၂၀၂၀ ရက်နေ့ ည ၁၂:၀၀ နာရီအချိန်မှ ၈- ၁၁- ၂၀၂၀ ရက်နေ့ ရွေးကောက်ပွဲကျင်းပပြီးသည်အထိ ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းတို့ကို ရပ်နားရမည်ဖြစ်ကြောင်း ၂၈-၁၀-၂၀၂၀ ရက်စွဲပါ ကြေညာချက်အမှတ် (၂၀၃/ ၂၀၂၀) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းတို့ကို ရပ်နားရမည့်ကာလအတွင်း လူမှုကွန်ရက်ဝက်ဘ်ဆိုက်များ (Facebook နှင့် Twitter…….. စသည်)၊ အွန်လိုင်းဝက်ဘ်ဆိုက်များနှင့်မီဒီယာများမှ မဲဆွယ်စည်းရုံးရာ ရောက်သည့် Post များ၊ အကြောင်းအရာများ လွှင့်တင်ခြင်းမပြုရန် အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသည့် ကိုဗစ် - ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအထောက်အကူပစ္စည်းများ ဆက်လက်ရောက်ရှိ




ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များ၊ မဲရုံတာဝန်ကျဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဖြန့်ဝေပေးမည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသောပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာစဉ်။ သတင်းစဉ်

နေပြည်တော် နိုဝင်ဘာ ၂

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များ၊ မဲရုံတာဝန်ကျဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား ကိုဗစ် – ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဖြန့်ဝေပေးမည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသော ပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တို့သို့ ယနေ့တွင် အထူးလေယာဉ်များဖြင့် ဆက်လက်ရောက်ရှိသည်။

ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အထူးလေယာဉ် ခုနစ်ခေါက်၊ မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လေးခေါက် ရောက်ရှိသည်။

ယနေ့ ရောက်ရှိသောပစ္စည်းများမှာ KN95 Mask များ၊ Protective Face Mask များ၊ Boots များနှင့် PPE Medical Protective clothing များ ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

တက္ကသိုလာ မြကျွန်းသာမှာ ပညာရည်နို့ သောက်စို့ခဲ့ပါသည် အပိုင်း(၇)

စာ > ၆ - ၇

ဖြိတ်နိတော်ဝင် မင်းသားဝီလျံ ဖြေီလအတွင်းက ကိုဗစ်-၁၉ ကူးစက်ခံခဲ့ရကြောင်း ဖြိတိန်မီဒီယာများ ဖော်

နိုင်ငံတကာသတင်း စာ > ၁၂

ဥရောပဆေးရုံတွေရဲ့ လုပ်နိုင်စွမ်းအားကို တစ်ကျော့ပြန် စိန်ခေါ်လာပြီဖြစ်တဲ့ ကိုဗစ် - ၁၉ ကူးစက်မှု

နိုင်ငံတကာရေးရာ စာ > ၁၄


KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# သမိုင်းတစ်ခေတ်ကို ဘယ်လိုရေးမလဲ

သမိုင်းသင်တာ မ အ အောင်လို့ ဟူသည့် သမိုင်းပါမောက္ခ ဆရာကြီး ဒေါက်တာသန်းထွန်း၏စကားသည် မြန်မာနိုင်ငံ၌ ကျော်၏။ သမိုင်းကို ဂဃနဏ သိပါမှ ပစ္စုပ္ပန်ကို ခြေခြေမြစ်မြစ် နားလည်နိုင်မည်။ ပစ္စုပ္ပန်ကို ကျကျနန နားလည်ပါမှ အနာဂတ်အတွက် ပြင်ဆင်နိုင်မည် မဟုတ်ပါလား။

မြန်မာလူမျိုးတို့၏ သဘာဝဟု ဆိုရမည်လားမသိ။ မိမိတို့၏ မိဘဘိုးဘွား ဘေးစဉ်ဘောင်ဆက်ကို ပြန်ပြောမည်ဆိုလျှင်ပင် အမှန်သိသူက နည်း၏။ အဖေ အမေ၊ အဘိုးအဘွား အမည်ဆိုလျှင်ပင် အဖေဘက်က အဘိုးအဘွား၊ အမေဘက်က အဘိုးအဘွား စုံစုံစေ့စေ့ မသိသူတို့ ရှိလာပြီ။ အဖေ့ အဖေ၏ အဘိုးဆိုလျှင်မူ မသိသူက များပြီ။ မှတ်တမ်းမှတ်ရာ အချက်အလက်သိုမှီး မော်ကွန်းတင်မှုတွင် အားနည်းသည်ဟု ဆိုရမည်လားမသိ။

နယ်ချဲ့ဆန့်ကျင်ရေးသမိုင်း၊ ဖက်ဆစ်တော်လှန်ရေးသမိုင်းတို့မှသည် ၁၉၈၈ ဒီမိုကရေစီအရေးတော်ပုံသမိုင်း၊ ၁၉၉၀ အထွေထွေရွေးကောက်ပွဲနှင့် ရွေးကောက်ပွဲလွန်သမိုင်း၊ သံဃာတော်တို့ ကံဆောင်ခြင်းသမိုင်း၊ မေတ္တာပို့ရင်း ဖြိုခွဲခံရသည့်သမိုင်း၊ ၂၀၀၈ နာဂစ် မုန်တိုင်းဒဏ်ကို ထိခိုက်ခံစားခဲ့ရသော မြန်မာပြည်သူတို့၏ သမိုင်းမှတ်တမ်းများကို ကျယ်ကျယ်ပြန့်ပြန့် ပြည့်ပြည့်စုံစုံ ပြုစုသင့်လှပါသည်။ ရှုထောင့်တစ်ခု၊ မြင်ကွင်းတစ်ခုကို အခြေခံသည့် မှတ်တမ်းမျိုးမဟုတ်ဘဲ ဘက်စုံထောင့်စုံက ချိန်ဆနှိုင်းယှဉ်မှုအမျိုးမျိုး၊ အထောက်အထားပြည့်ပြည့်စုံစုံဖြင့် ပြုစုမှတ်တမ်းတင်သော သမိုင်းတို့ ရှိသင့်လှပါသည်။

အလွန်ထင်ရှားသော ၁၉၆၂ ဆဲဗင်းဇူလိုင် အရေးသည် မည်သို့မှ မေ့လျော့ဖို့သင့်သည့် သမိုင်းမဟုတ်။ သည်လိုသမိုင်းကိုပင် တိတိကျကျ ပြည့်ပြည့်စုံစုံ ရေးသားမှတ်တမ်းတင်နိုင်ခြင်းကို မတွေ့ရသေး။ ကျဆုံးသော ကျောင်းသားအများအပြားရှိသည်ဟု သိ၏။ အချို့ကိုသိ၏။ အချို့ကိုမသိတော့။ ဒဏ်ရာရသူအများအပြားကို တစ်ဦးချင်း စာရင်းပြုစုထားသည်ကို မတွေ့ဖူး။ မည်သူ၊ မည်သည့် ဘာသာရပ်၊ မည်သည့်အတန်း၊ မိဘ၊ နေရပ်၊ မည်သည့် ဒေသကလာသည် စသည်တို့ကို မသိ။ မကြာမီဆိုလျှင် ပိုမိုကွာဝေးကာ ခက်ခဲသွားတော့မည်။ မည်သူက အမိန့်ပေး၍ မည်သို့ပစ်ခတ်ဖောက်ခွဲလိုက်သည်ဟူသော ကျောင်းသားသမဂ္ဂ အဆောက်အအုံ၏ သမိုင်းသည်ပင် ကွဲလွဲချက်များရှိနေသေးသည်။

မကြာလှသေးသော ရှစ်လေးလုံး ဒီမိုကရေစီရေး လူထုအုံကြွမှုကြီး၏သမိုင်းသည်လည်း မှတ်တမ်းတင်ရန် ကျန်ရစ်သည်တို့က အများအပြား။ အချက်အလက်အငြင်းပွားမှုတို့ကိုလည်း ကြားနေကြရပါသည်။ အသေးစိတ်မှတ်တမ်းမဟုတ်လျှင်သော်မှ မည်သည့်နေရာက မည်သို့ စတင်ဖြစ်ပွားသည်၊ မည်သို့ပျံ့နှံ့ခဲ့သည်ကိုဖြင့် မှတ်တမ်းတင် သမိုင်းပြုစုကြရန်လိုမည်ဟု ယူဆပါသည်။ မြန်မာ့နိုင်ငံရေးအပြောင်းအလဲ၏ အရေးကြီးသော အစိတ်အပိုင်းဖြစ်သည့်အတွက် သည်လိုသမိုင်းက မျိုးဆက်သစ်တို့ သိရှိရန် မှတ်တမ်းတင်ဖို့လိုမည်ဟု ထင်မြင်ပါသည်။

ထို့ကြောင့် ပြည်သူလူထုတစ်ရပ်လုံးနှင့်ဆိုင်သည့် အတိတ်ကဖြစ်ပျက်မှုများသည် ယနေ့ကာလတွင် နိုင်ငံ၏သမိုင်း ဖြစ်လာနေပြီး ယနေ့ကြုံတွေ့နေရသော လူထုဆိုင်ရာ အရေးကြီး ဖြစ်ပျက်မှုများ အားလုံးသည် အနာဂတ်တွင် သမိုင်းဖြစ်လာမည်တည်း။

အတိတ်တွင်ကျန်ရစ်ခဲ့သောသမိုင်းဟူသည် မမေ့စကောင်း။ ထို့နည်းတူစွာ အနာဂတ်တွင် သမိုင်းဖြစ်လာမည့် ယနေ့ပြည်သူ့လှုပ်ရှားမှုကိုလည်း အလေးအနက်ထားကြရမည် ဖြစ်ပါသည်။

ယနေ့ ကျရောက်လာနေပြီဖြစ်သော အထွေထွေရွေးကောက်ပွဲကြီးသည် ကိုဗစ်ကပ်ရောဂါပိုး ကူးစက်ပြန့်ပွားမှုများကြားက ကျင်းပကြရခြင်းဖြစ်ပါသည်။ ယနေ့ ကြိုတင်မဲထည့်ကြ၊ မဲပေးကြသည်ကအစ နိုဝင်ဘာ ၈ ရက်တွင် မဲရုံများ၌ သွားရောက်မဲထည့်ကြသည်တို့က နောင်အနာဂတ်၏ သမိုင်းဖြစ်လာတော့မည်။ မြန်မာ့နိုင်ငံရေးအတွက် ရွေးကောက်ပွဲပြုလုပ်ခွင့်ရ၍ ပြည်သူ့သဘောထားများနှင့်အညီ ရွေးချယ်တင်မြှောက်မည့် ပြည်သူ့ကိုယ်စားလှယ်များသည် နောင်ငါးနှစ်တာကာလတွင် တိုင်းပြည်၏ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး မဏ္ဍိုင်များကို တာဝန်ယူကြတော့မည်။ ဤသမိုင်းကို ပြည်သူလူထုတို့ ယခုရေးကြရတော့မည် ဖြစ်ပါသည်။

တိုင်းပြည်၏ အချုပ်အခြာအာဏာကို ပြည်သူလူထုကသာ ပိုင်၏ ဆိုသည့်အဖြစ်ကို အမှန်တကယ် တည်ဆောက်နိုင်သည့် သမိုင်းမှတ်တမ်းကို မော်ကွန်းထိုးနိုင်ကြပါစေသတည်း။ ။

## ကိုဗစ်-၁၉ လူနာများအား ကုသပေးမည့် ရောဝတီစင်တာ (မန္တလေး) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် လာရောက်ကြည့်ရှု

**ရန်ကုန် နိုဝင်ဘာ ၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လိုအပ်ချက်နှင့် လမ်းညွှန်မှု၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၏ ဦးဆောင်မှုဖြင့် ရောဝတီဖောင်ဒေးရှင်းက တည်ဆောက်လျက်ရှိသည့် ကိုဗစ်-၁၉ လူနာများအားကုသပေးမည့် ရောဝတီစင်တာ (မန္တလေး) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် လာရောက်ကြည့်ရှုသည်။ **(အောက်ပုံ)**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်နှင့် တာဝန်ရှိသူများသည် ရောဝတီစင်တာ (မန္တလေး) ဆောက်လုပ်နေမှုကို လာရောက်ကြည့်ရှုကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် သက်ဆိုင်ရာ တာဝန်ရှိသူများကို မှာကြားသည်။ ထို့အတူ မန္တလေးမြို့တော်ဝန် ဒေါက်တာ ရဲလွင်ကလည်း စည်ပင်သာယာရေး ကိစ္စရပ်များ အစစအရာရာ အဆင်ပြေ ချောမွေ့စေရန် အတွက် လာရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။ လာရောက်ကြည့်ရှုစစ်ဆေးရာတွင် ရောဝတီဖောင်ဒေးရှင်းမှ တာဝန်ရှိသူများကလည်း တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခဲ့သည်။ ရောဝတီဖောင်ဒေးရှင်းသည် မန္တလာသီရိ အားကစားကွင်းအတွင်း HDU နှင့် Oxygen Therapy ခုတင်(၁၀၀) ပါဝင်သည့် ခုတင်(၃၀၀)ဆံ့ ကိုဗစ်-၁၉ ရောဂါကုသရေးဌာန (ချမ်းမြသာစည်) ရောဝတီစင်တာကို အမြန်ဆုံးပြီးစီးနိုင်ရန် တည်ဆောက်လျက်ရှိပြီး ရောဂါပိုးရှိမရှိ စစ်ဆေးပေးနိုင်မည့် Test & Care စင်တာလည်း ပါရှိမည်ဖြစ်သည်။



ရောဝတီ ဖောင်ဒေးရှင်းသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံထားရသူများအား ကုသပေးရန် ကိုဗစ်-၁၉ ရောဂါကုသရေး ရောဝတီစင်တာများကို ရန်ကုန်မြို့တွင် တည်ဆောက်ထားပြီး ခုတင် (၁၀၀၀) ဆံ့ စင်တာအဖြစ် အကောင်အထည်ဖော်ထားကာ မန္တလေးမြို့တွင် ထပ်မံတည်ဆောက်ပေးနေခြင်း ဖြစ်သည်။

ရဲရင့်ရှိန်း
ဓာတ်ပုံ-ကိုမိုး

## COVID-19 ရောဂါဆိုင်ရာ အမေး၊ အဖြေအစီအစဉ် ဆက်လက်ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၂**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး COVID-19 ရောဂါအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်ကို စက်တင်ဘာ ၂၉ ရက်မှစ၍ အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့များတွင် ညနေ ၆ နာရီ မိနစ် ၃၀ မှ ည ၇ နာရီအထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသလျက်ရှိသည်။

နိုဝင်ဘာ ၃ ရက် ညနေတွင် COVID-19 ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ နည်းပညာပိုင်းဆိုင်ရာ ကူညီ ပံ့ပိုးအားဖြည့်ဆောင်ရွက်ရေးအဖွဲ့ဝင် ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား)ပါမောက္ခဒေါက်တာစိုးလွင်ငြိမ်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ညွှန်ကြားရေးမှူး ဦးဝင်းဦးခိုင်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာသန္တာလွင်တို့က ပြည်သူများ သိရှိမေးမြန်းလိုသည့် COVID-19 ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်းသည့် မေးခွန်းများအပေါ် ပြန်လည်ဖြေကြားချက်များကို ဆက်လက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## နိုင်ငံတကာဈေးကွက်ထိုးဖောက်နိုင်ရန် နိုင်ငံတကာအသိအမှတ်ပြု လိုဂိုဒီဇိုင်းပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၂**

မြန်မာနိုင်ငံ အသိဉာဏ်ပစ္စည်းဆိုင်ရာလုပ်ငန်းရှင်များအသင်း ( MIPPA ) က အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများမှ ဒေသတွင်းထုတ်ကုန်များကို နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်ရန်အတွက် နိုင်ငံတကာ အသိအမှတ်ပြု အမှတ်တံဆိပ်လိုဂိုကို အသုံးပြုရန်ရည်ရွယ်ပြီး Myanmar Origin Logo Design ပြိုင်ပွဲကို ကျင်းပမည်ဖြစ်သည်။

အကောင်းဆုံးအသိအမှတ်ပြု လိုဂိုဒီဇိုင်းတစ်ခုကိုသာရွေးချယ်ပြီး MSMEs Product များတွင် ယင်းလိုဂိုအား အသုံးပြုခွင့်ပေးခြင်းဖြင့် စားသုံးသူများ၏ ယုံကြည်မှု ပိုမိုရရှိပြီး ပြည်တွင်းနှင့် နိုင်ငံတကာဈေးကွက်ချဲ့ထွင်ရေးကို အထောက်အကူပြုရန်ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်သည်။

ပြိုင်ပွဲဝင်မည့် လိုဂိုဒီဇိုင်းတွင် မြန်မာနိုင်ငံကိုယ်စားပြု သင်္ကေတများပါဝင်ရမည်။ ထို့ပြင် Myanmar Origin စာသားပါဝင်ရမည်။ မိမိကိုယ်တိုင် အသစ်တီထွင်ဖန်တီးပုံဖော်ထားသည့် ဒီဇိုင်းဖြစ်ရမည်။ စာသားသီးသန့်ဖြင့်ပုံဖော်ထားခြင်းမပြုရ။ နိုင်ငံတကာတွင် အသုံးပြုလျက်ရှိသည့်လိုဂိုများကဲ့သို့ နိုင်ငံတကာအဆင့်မီခြင်း၊ ဆွဲဆောင်မှုရှိပြီး အရောင်အသွေးညီညွတ်ရမည်။ လိုဂိုဒီဇိုင်းတွင် အသုံးပြုသည့် အရောင်၊ သင်္ကေတ၊ ရုပ်ပုံ အမှတ်အသားအားလုံး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် အလွယ်တကူ ဆွဲဆောင်နိုင်သောလိုဂိုဖြစ်ရမည်။ တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်တစ်ဦးလျှင် လိုဂိုပုံစံအများဆုံး သုံးမျိုးအထိ ပေးပို့နိုင်သည်။ လိုဂိုဒီဇိုင်းသည် ပေါ်လွင်သောဒီဇိုင်းဖြစ်ပြီး A4 ဆိုက်ဖြင့် ဖန်တီးနိုင်သည်။

ရွေးချယ်ခံရပြီးပါက မူရင်းလိုဂိုဒီဇိုင်း ( AI Format ) နှင့် ရေးဆွဲသူကိုယ်တိုင် MIPPA အသင်းရုံးသို့ လာရောက်ရှင်းလင်းတင်ပြရမည်။ ဆုရွေးချယ်ရေးအဖွဲ့မှ အကောင်းဆုံးလိုဂိုဒီဇိုင်းတစ်ခုကိုသာ ရွေးချယ်ပြီး ဆုငွေကျပ် ၁၀ သိန်း ချီးမြှင့်မည်ဖြစ်သည်။ ရွေးချယ်ခံရသည့် လိုဂိုဒီဇိုင်းကို MIPPA က မူပိုင်ခွင့်ရယူမည်ဖြစ်သည်။

ယခင်ကြေညာချက်အရ ပြိုင်ပွဲဝင်ထားသူများသည် ပေးပို့ခဲ့ပြီး ပြိုင်ပွဲဝင်လိုဂိုဒီဇိုင်း နှစ်ခုတွင် အသစ်တစ်ခု ထပ်မံတိုးမြှင့်၍ စုစုပေါင်း သုံးခုအထိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ သို့မဟုတ် ပေးပို့ခဲ့ပြီး ပြိုင်ပွဲဝင်လိုဂိုဒီဇိုင်းနှစ်ခုစလုံးကို ပယ်ဖျက်ကြောင်း အကြောင်းကြားစာနှင့်အတူ လိုဂိုဒီဇိုင်းအသစ်သုံးခုအထိ ထပ်မံရေးဆွဲလျက် ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ပြိုင်ပွဲဝင်မည့်လိုဂိုဒီဇိုင်းများကို JPEG , PDF သို့မဟုတ် PNG Format ဖြင့် အီးမေးလ် mippa . myanmar @ gmail . com သို့ဖြစ်စေ၊ Viber ၀၉၇၇၉၈၄၃၃၁၈၃ သို့ဖြစ်စေ နိုဝင်ဘာ ၁၃ ရက် ညနေ ၅ နာရီထက် နောက်မကျစေဘဲ ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။ **အောင်သူရ**

## ဟင်္သာတမြို့နယ်သမဝါယမအသင်းစုက စပါးဝယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ဟင်္သာတ နိုဝင်ဘာ ၂**

ကျေးလက်နေ တောင်သူဦးကြီးများ စိုက်ပျိုးထုတ်လုပ်ခဲ့သည့် စပါးများအားရောင်းချရာတွင် လက်ရှိဖြစ်ပေါ်လျက်ရှိသော စပါးဈေးနှုန်းများအရ တောင်သူများ အခက်အခဲမဖြစ်ပေါ်စေရေးအတွက် သမဝါယမကဏ္ဍမှ စပါးဝယ်ယူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်သမဝါယမအသင်းစုက စပါးဝယ်ယူရေးအတွက် တလုတ္တော်ကျေးရွာတွင် စပါးအဝယ်ဒိုင်ဖွင့်လှစ်၍ စပါးဝယ်ယူရေးလုပ်ငန်းကို အောက်တိုဘာ ၂၈ ရက်မှစတင်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



# ပြည်သူ့သာလျှင် အဓိက

## ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ နေပြည်တော် ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်နေရာများအတွက် ကြိုတင်ဆန္ဒမဲပေး







ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် ဇနီး ဒေါ်လှလှမူတို့ ကြိုတင်ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်များ ထည့်သွင်းကြစဉ်။ သတင်းစဉ်







ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ဇနီး ဒေါက်တာနန်းခမ်းမိုင်တို့ ကြိုတင်ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်များ ထည့်သွင်းကြစဉ်။ သတင်းစဉ်

**နေပြည်တော် နိုဝင်ဘာ ၂**

ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများသည် ယနေ့နံနက်ပိုင်းတွင် နိုဝင်ဘာ ၈ ရက်၌ ကျင်းပမည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် နေပြည်တော် ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဝင်ရောက်ယှဉ်ပြိုင်ကြမည့်လွှတ်တော်ကိုယ်စားလှယ်နေရာများအတွက် ကြိုတင်ဆန္ဒမဲများ ပေးကြသည်။

**မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုး**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့် ဇနီးဒေါ်လှလှမူတို့သည် နံနက် ၉ နာရီခွဲတွင် လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့်ဇနီး ဒေါက်တာနန်းခမ်းမိုင်တို့သည် မွန်းလွဲ ၁ နာရီခွဲတွင်လည်းကောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် ဦးသာဦးတို့သည် နံနက် ၁၁ နာရီခွဲတွင် လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့်ဇနီး ဒေါ်စိုးစိုးကိုတို့သည် နံနက် ၁၀ နာရီခွဲတွင် လည်းကောင်း နေပြည်တော်မြို့မဈေးဓမ္မာရုံ၌ ဖွင့်လှစ်ထားသည့် ဇမ္ဗူသီရိမြို့နယ် ဖေယျာသိဒ္ဓိရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ လာရောက်ကြပြီး ကိုဗစ်- ၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးလမ်းညွှန်ချက်များနှင့်အညီ ကြိုတင်ဆန္ဒမဲပေးရန် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ဆန္ဒမဲလက်မှတ်များ၌ လျှို့ဝှက်ဆန္ဒမဲပေးကြပြီး ကြိုတင်ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်များ ထည့်သွင်းကြသည်။

**ဆန္ဒမဲလက်မှတ်များ ထည့်သွင်း**

ထို့ပြင် ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် အသက် ၆၀ နှင့် အထက်ရှိသူများ၊ ရွေးကောက်ပွဲတာဝန်ထမ်းဆောင်ရန်အတွက် ကြိုတင်ဆန္ဒမဲပေးရန် အမှန်တကယ် လိုအပ်သူများသည် ယနေ့တွင် ဇမ္ဗူသီရိမြို့နယ် ဖေယျာသိဒ္ဓိရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ လာရောက်ကြပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ ကြိုတင်ဆန္ဒမဲပေးရန် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြကာ ဆန္ဒမဲလက်မှတ်များ၌ လျှို့ဝှက်ဆန္ဒမဲပေးကြပြီး ကြိုတင်ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်များ ထည့်သွင်းကြသည်။

နေပြည်တော် မြို့မဈေးဓမ္မာရုံ၌ ဖွင့်လှစ်ထားသည့် ဇမ္ဗူသီရိမြို့နယ် ဖေယျာသိဒ္ဓိရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် ကြိုတင်ဆန္ဒမဲပေးရန် မဲရုံသုံးရုံရှိပြီး မဲရုံ အမှတ် (၁)တွင် ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသူ ၂၁၃၇ ဦး၊ အသက် ၆၀ နှင့်အထက်ရှိသူ ၂၉၆ ဦး၊ မဲရုံအမှတ် (၂)တွင် ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသူ ၂၂၂၅ ဦး၊ အသက် ၆၀ နှင့် အထက်ရှိသူ ၁၄၂ ဦး၊ မဲရုံအမှတ်(၃)တွင် ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသူ ၂၁၃၄ ဦး၊ အသက် ၆၀ နှင့် အထက်ရှိသူ ၄၈ ဦး ရှိကြောင်း သိရသည်။

ထို့အတူ ဒက္ခိဏခရိုင်အတွင်းရှိ ဇမ္ဗူသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ပျဉ်းမနားမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့အတွင်းရှိ မဲရုံများ၌လည်း ယနေ့တွင် ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသူများလည်း လာရောက်၍ဆန္ဒမဲပေးကြကြောင်းနှင့် လက်ရှိစာရင်းများအရ နေပြည်တော် ပြည်ထောင်စုနယ်မြေ ဒက္ခိဏခရိုင်အတွင်းရှိ ဇမ္ဗူသီရိမြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာအုပ်စု စုစုပေါင်း ၁၄ အုပ်စု၊ မဲရုံ ၄၅ ရုံ၊ မဲပေးခွင့်ရှိသူ ၈၉၈၁၆ ဦး၊ ဒက္ခိဏသီရိမြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာအုပ်စု စုစုပေါင်း ၁၀ အုပ်စု၊ မဲရုံ ၂၀၊ မဲပေးခွင့်ရှိသူ ၂၈၁၆၇ ဦး၊ ပျဉ်းမနားမြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာအုပ်စု စုစုပေါင်း ၃၆ အုပ်စု၊ မဲရုံ ၁၀၁ ရုံ၊ မဲပေးခွင့်ရှိသူ ၁၃၄၆၀၃ ဦး၊ လယ်ဝေးမြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာအုပ်စု စုစုပေါင်း ၆၇ အုပ်စု၊ မဲရုံ ၁၄၄ ရုံ၊ မဲပေးခွင့်ရှိသူ ၂၁၈၆၇၁ ဦးရှိကြောင်း သိရသည်။ **သတင်းစဉ်**




ဒုတိယဝန်ကြီး ဦးကျော်မျိုး ကြိုတင်ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်များ ထည့်သွင်းစဉ်။ သတင်းစဉ်







ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့်ဇနီး ဒေါ်စိုးစိုးကို တို့ ကြိုတင်ဆန္ဒမဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်များ ထည့်သွင်းကြစဉ်။ သတင်းစဉ်

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် နိုဝင်ဘာ ၂**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညို ပွင့်ဖြူမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ပွင့်ဖြူ နိုဝင်ဘာ ၂**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုသည် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၈ နာရီခွဲက ပွင့်ဖြူမြို့နယ် အတွင်း ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုသည် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အတူ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၀ ဖြင့် ပွင့်ဖြူမြို့နယ် လယ်ကိုင်းကျေးရွာတွင် ကျေးရွာတွင်းလမ်း အရှည်ပေ ၁၂၀၀ အား အကျယ် ၁၂ ပေ၊ ထု ၆ လက်မ ကွန်ကရစ်လမ်း ခင်းကျင်းဆောင်ရွက်နေမှု၊ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၀ ဖြင့် ရှောက်တောကျေးရွာတွင် ကျေးရွာတွင်းလမ်း အရှည်ပေ ၁၂၀၀ အား အကျယ် ၁၂ ပေ၊ ထု ၆ လက်မ ကွန်ကရစ်လမ်းခင်းကျင်းဆောင်ရွက်နေမှု၊ ဆည်တော်ကျေးရွာတွင် ခွင့်ပြုရန်ပုံငွေကျပ် ၁၀ သန်းဖြင့် ကျေးရွာတွင်းလမ်းအရှည်ပေ ၆၀၀ အား အကျယ် ၁၂ ပေ၊ ထု ၆ လက်မ ကွန်ကရစ်လမ်းခင်းကျင်း ဆောင်ရွက်နေမှု၊ မုန်းဇလဲကျေးရွာတွင် ခွင့်ပြုရန်ပုံငွေကျပ် ၁၀ သန်းဖြင့် ကျေးရွာတွင်းလမ်းအရှည်ပေ ၄၅၀၀ အား အကျယ် ၁၂ ပေ၊ ထု ၆ လက်မ မြေနီကျောက်စရစ်လမ်း ခင်းကျင်းဆောင်ရွက်နေမှုတို့ကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ယူဆောင်ရွက်နေသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးလှငွေးမောင်နှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက လက်ရှိဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် စံချိန်စံညွှန်းပြည့်မီရေး ကြိုးပမ်းဆောင်ရွက်နေမှုများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျေးလက်နေပြည်သူများ ရာသီမရွေးအဆင်ပြေချောမွေ့စွာ သွားလာအသုံးပြုနိုင်ရေးအတွက် လုပ်ငန်းအရည်အသွေး ပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။



ပွင့်ဖြူမြို့နယ်၌ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ကျေးရွာတွင်းလမ်းများ အဆင့်မြှင့်တင်ဆောင်ရွက်နေမှု လုပ်ငန်းများမှာ ပွင့်ဖြူမြို့နယ် လယ်ကိုင်းကျေးရွာတွင် ၂၀ ရာခိုင်နှုန်း၊ ရှောက်တောကျေးရွာတွင် ၂၅ ရာခိုင်နှုန်း၊ မုန်းဇလဲကျေးရွာတွင် ၆၅ ရာခိုင်နှုန်း၊ ဆည်တော်ကျေးရွာတွင် ၂၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ထို့အပြင် ပွင့်ဖြူမြို့နယ် ကုန်းဇောင်းကျေးရွာအုပ်စု စက်တန်းရပ်ကွက်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၁၀သန်းဖြင့် လမ်းအရှည်ပေ ၆၀၀ အားအကျယ် ၁၂ ပေ၊ ထု ၆ လက်မ ကွန်ကရစ်လမ်း ဆောင်ရွက်နေမှုလုပ်ငန်း ၂၀ ရာခိုင်နှုန်း၊ ပြည်လုံးကျော်ကျေးရွာတွင် ခွင့်ပြုရန်ပုံငွေကျပ် ၁၀ သန်းဖြင့် ကျေးရွာတွင်း လမ်းအရှည်ပေ ၄၅၀၀ အား အကျယ် ၁၂ ပေ၊ ထု ၆ လက်မ မြေနီကျောက်စရစ် လမ်းခင်းခြင်း လုပ်ငန်း ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်းနှင့် ယခုဆောင်ရွက်နေသည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာခြောက်ရွာရှိ အိမ်ခြေ ၂၉၇၈ အိမ်မှ လူဦးရေပေါင်း ၁၃၃၇၄ ဦး အတွက် ရာသီမရွေးအဆင်ပြေစွာ သွားလာ အသုံးပြုနိုင်မည့်အပြင် ကျေးရွာ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် များစွာအကျိုးပြုပေးနိုင်မည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးလှငွေးမောင်ထံမှ သိရသည်။

**ရဲဝင်းနိုင် (ပြန်/ဆက်)**

# ပြည်ပနိုင်ငံများရောက် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၂**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ကိုရီးယားသမ္မတနိုင်ငံ၌ စာချုပ်သက်တမ်းကုန်ဆုံး၍ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများအား ဆိုးလ်မြို့ရှိ မြန်မာသံရုံးနှင့် Dragon Tun ကုမ္ပဏီတို့မှ ပူးပေါင်းစီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI) စင်းလုံးငှား ကယ်ဆယ်ရေး လေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ည ၈ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။



အဆိုပါကယ်ဆယ်ရေးလေယာဉ်တွင် ကိုရီးယားသမ္မတနိုင်ငံမှ ၁၂၃ ဦး၊ အင်ဒိုနီးရှားမှ ခုနစ်ဦး၊ သီရိလင်္ကာမှ သုံးဦး၊ စင်ကာပူမှ နှစ်ဦး မြန်မာသင်္ဘောသား စုစုပေါင်း ၁၃၅ ဦး လိုက်ပါကြသည်။

အလားတူ ကိုရီးယားသမ္မတနိုင်ငံ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများအား Crew Change ပြုလုပ်နိုင်ရန်အတွက် မြန်မာသံရုံး ဆိုးလ်မြို့နှင့် မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများ အဖွဲ့ချုပ်တို့မှ စီစဉ်သည့် မြန်မာအမျိုးသားလေကြောင်းလိုင်း (MNA) စင်းလုံးငှား ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ည ၉ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

အဆိုပါကယ်ဆယ်ရေးလေယာဉ်တွင် ကိုရီးယားသမ္မတနိုင်ငံမှ ၁၄၁ ဦး၊ ပိုလန်မှ နှစ်ဦး၊ စင်ကာပူမှ တစ်ဦး မြန်မာသင်္ဘောသားစုစုပေါင်း ၁၄၄ ဦး လိုက်ပါခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့် နေရာ/ သတ်မှတ် ဟိုတယ်များ၌ အသွားအလာ ကန့်သတ်မှုခုနစ်ရက်နှင့် နေအိမ်တွင် အသွားအလာ ကန့်သတ်မှုခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID –19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ကမ်းဝေးငါးဖမ်းလှေများ VMS စက်များတွင် ချိပ်တံဆိပ်ကပ်နှိပ်

**နေပြည်တော် နိုဝင်ဘာ ၂**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက ကြီးကြပ်၍ ကမ်းဝေးငါးဖမ်းသင်္ဘောများ အချိန်မီပင်လယ်ပြင်ထွက်နိုင်ရေးအတွက် ကမ်းရိုးတန်းတိုင်းဒေသကြီးဖြစ်သော ရန်ကုန်၊ တနင်္သာရီ၊ ဧရာဝတီနှင့် မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်တို့မှ ငါးလုပ်ငန်းဦးစီးဌာနဝန်ထမ်းများသည် သီတင်းကျွတ်ရုံးပိတ်ရက်များတွင် ငါးဖမ်းစက်လှေများသို့သွားရောက်၍ ငါးဖမ်း၊ ငါးသယ်ရေယာဉ်များတွင် တပ်ဆင်ထားသောတည်နေရာသတင်းအချက်အလက်ပေးပို့သည့် VMS စက်များ ဖြုတ်ခြင်း၊ တပ်ခြင်း၊ ပြောင်းရွှေ့တပ်ဆင်ခြင်းများ လုံးဝ(လုံးဝ) မပြုလုပ်စေရေး ညွှန်ကြားချက်နှင့်အညီ ကမ်းဝေးငါးဖမ်းလှေများ၏ VMS များအား ချိပ်တံဆိပ်ကပ်နှိပ်ခြင်း ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ရာတွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အမာမြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးသန်းဦးနှင့် အဖွဲ့ကလည်းကောင်း၊ ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးကျော်ဆင့်နှင့် ဝန်ထမ်းများက လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်ခရိုင် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ရှိ ပင်လယ်ပြင်ထွက်၍ မီးပြကျွန်းအနီး၌ ပြည်နယ်ဦးစီးမှူး ဦးငွေးဝင်းနှင့် မော်လမြိုင် ခရိုင်ဦးစီးမှူး ဦးလှမင်းဇော်တို့ ဦးဆောင်၍ ဌာနမှဝန်ထမ်းများက လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်တွင် ခရိုင်ဦးစီးဌာနမှူး ဦးသန့်စင်နှင့် ဝန်ထမ်းများက လည်းကောင်း၊ မြိတ်ခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးထွန်းနောင်ဦးနှင့် အဖွဲ့ကလည်းကောင်း ငါးဖမ်းလှေများတွင် ချိပ်တံဆိပ်များ ကပ်နှိပ်ခြင်းများကို ကွင်းဆင်းဆောင်ရွက်ကြကြောင်း သိရသည်။ **သတင်းစဉ်**



ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များ၊ မဲရုံတာဝန်ကျဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား ကိုဗစ် – ၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဖြန့်ဝေပေးမည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသောပစ္စည်းများ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာစဉ်။ (*သတင်း – ရွှေဖုံး*)

သတင်းစဉ်

# နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်းရှိ ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသူများနှင့် တာဝန်ရှိသူများ၏ စကားသံများ


ဒေါ်ခိုင်စုကြည် (ဥက္ကဋ္ဌ၊ ဘောဂသိဒ္ဓိရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ဇမ္ဗူသီရိမြို့နယ်)


မဝေမွန်သွယ် (မဲဆန္ဒရှင်၊ နယ်မြေ (၉)၊ ရန်အောင်(၂)ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်)


မနုနုလွင် (မဲဆန္ဒရှင်၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်)


ဒေါ်သန်း (မဲဆန္ဒရှင်၊ ဇေယျာသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်)


ဦးထွန်းထွန်း (မဲဆန္ဒရှင်၊ ဘောဂသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်)

**၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ အနေဖြင့် အောက်တိုဘာ ၂၉ ရက်မှစတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ ကြိုတင်ဆန္ဒမဲပေးလျက်ရှိကြသည်။**

နိုဝင်ဘာ ၂ ရက်တွင်လည်း နေပြည်တော် ပြည်ထောင်စုနယ်မြေအတွင်းရှိ မိမိမဲဆန္ဒနယ် သို့ ပြန်လည်ဆန္ဒမဲပေးခြင်း မပြုနိုင်သည့် မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ၊ တာဝန်အရ မဲဆန္ဒနယ်ပြင်ပတွင် တာဝန်ထမ်းဆောင်ရမည့် မဲဆန္ဒရှင် (နိုင်ငံ့ဝန်ထမ်း) များ၊ ရွေးကောက်ပွဲနေ့တွင် မဲရုံသို့ လာရောက်နိုင်ခြင်း မရှိသော မဲဆန္ဒရှင်များ၊ အသက် ၆၀ နှင့် အထက်ရှိသူများသည် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး များနှင့် မဲရုံများသို့သွားရောက်၍လည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့် မဲရုံသို့ မသွား ရောက်နိုင်သူများအနေဖြင့် နေအိမ်များတွင် လည်းကောင်း ကြိုတင်ဆန္ဒမဲများကို လျှို့ဝှက်ဆန္ဒပြုမဲပေးလျက်ရှိကြသည်။

ကြိုတင်ဆန္ဒမဲပေးရာတွင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် မဲရုံများတွင် တာဝန်ထမ်းဆောင်နေသည့် တာဝန်ရှိသူများ နှင့် ကြိုတင်ဆန္ဒမဲပေးကြသည့် ပြည်သူများ၏ စကားသံများကို ဖော်ပြလိုက်ပါသည်-

**ဒေါ်ခိုင်စုကြည်**
**(ဥက္ကဋ္ဌ၊ ဘောဂသိဒ္ဓိရပ်ကွက်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ၊ ဇမ္ဗူသီရိမြို့နယ်)**

ကျွန်မတို့ရပ်ကွက်မှာ အသက် ၆၀ ကျော်နဲ့အထက် ကြိုတင်မဲပေးခွင့်ရှိသူ ၅၇၂ ဦး ရှိပါတယ်။ ရွေးကောက်ပွဲမှာ တာဝန်ထမ်းဆောင်ရမယ့် နိုင်ငံ့ဝန်ထမ်းတွေ၊ ကျန်းမာရေး မကောင်းတဲ့သူတွေလည်း ဒီရက်ပိုင်းမှာ ကြိုတင်မဲ ပေးတာရှိပါတယ်။ ဒီနေ့အထိ ကြိုတင်မဲလာပေးတာ တစ်ထောင်ကျော်ရှိပါပြီ။ ပြည်သူတွေအနေနဲ့ မဲပေးဖို့ကို စိတ်ဝင်စားမှု ရှိပြီး အားတက်သရော မဲလာပေးကြတာကို တွေ့ရပါတယ်။ လာရောက်မဲပေးသူတွေကို တစ်ဦးနဲ့တစ်ဦး ခြောက်ပေခွာပြီး စနစ်တကျမဲပေး နိုင်ဖို့၊ လက်သန့်စင်ဆေးရည်နဲ့ လက်ဆေး နိုင်ဖို့တွေကိုလည်း ဆောင်ရွက်ပေးထားပါ တယ်။ နှာခေါင်းစည်း မပါသူတွေကို နှာခေါင်း စည်း ဖြန့်ဝေပေးပါတယ်။ ကြိုတင်မဲပေးသူတွေ စနစ်တကျမဲပေးနိုင်အောင် စီမံဆောင်ရွက်ပေး ထားပါတယ်။ ကျွန်မတို့မြို့နယ်မှာ မဲပေးခွင့် ရှိသူပေါင်း တစ်သောင်းကျော်ရှိပြီး မဲရုံ ခြောက်ရုံ ရှိတော့ လုပ်ငန်းကြန့်ကြာမှုမရှိအောင်နဲ့ အချိန်မီပြီးစီးအောင် စေတနာ့ဝန်ထမ်းတွေ ခေါ်ထားပြီး ကြိုတင်မဲပေးရာမှာ အဆင်ပြေဖို့ အတွက် မဲစာရင်းရှာပေးဖို့၊ လက်သန့်စင် ဆေးရည်ဖျန်းပေးဖို့၊ တစ်ဦးနဲ့တစ်ဦး ခြောက်ပေ ခွာပြီးနေအောင် ဆော်သြဖို့၊ မဲပေးတဲ့လုပ်ငန်း စဉ်ကို ရှင်းပြပေးဖို့ဆိုပြီး တာဝန်ခွဲဝေပေးထား ပါတယ်။

**မဝေမွန်သွယ် (မဲဆန္ဒရှင်၊ နယ်မြေ (၉)၊ ရန်အောင်(၂)ရပ်ကွက်၊ ပျဉ်းမနားမြို့နယ်)**

ကျွန်မက ကျန်းမာရေးအခြေအနေအရ အိမ်မှာပဲ ကြိုတင်ဆန္ဒမဲပေးတာ ဖြစ်ပါတယ်။ ကျွန်မတို့လို ကျန်းမာရေးမကောင်းတဲ့သူတွေ အနေနဲ့ ကိုဗစ်ကာလမှာ မဲရုံသွားပြီး မဲပေးဖို့ အဆင်မပြေပါဘူး။ အခုလို အိမ်အရောက် ဆန္ဒမဲပေးခွင့်ရအောင် စီစဉ်ပေးတာ အများကြီး အဆင်ပြေပါတယ်။ ဒီအတွက်လည်း တာဝန်ရှိ သူတွေကို ကျေးဇူးတင်ပါတယ်။ မဲပေးရတာ လွတ်လွတ်လပ်လပ်ရှိပါတယ်။ ကိုယ်နှစ်သက် တဲ့ ကိုယ်စားလှယ်လောင်းတွေကို စိတ်ကြိုက် မဲပေးခွင့်ရပါတယ်။ ကျွန်မအနေနဲ့ ကျန်းမာရေး မကောင်းပေမယ့် မဲပေးနိုင်ဖို့ တော်တော် ဆန္ဒရှိခဲ့တယ်။ ပြည်သူတစ်ယောက်အနေနဲ့ မဲပေးခွင့်ရတဲ့ အပေါ် ဝမ်းသာကျေနပ်မိပါတယ်။

**မနုနုလွင် (မဲဆန္ဒရှင်၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်)**

ကျွန်မက ကိုယ်ဝန်သည်ဖြစ်တဲ့အတွက် ကြိုတင်မဲလာပေးတာဖြစ်ပါတယ်။ ကျွန်မရဲ့ ဇာတိက ရောဝတီတိုင်းဒေသကြီးက ဖြစ်ပါ တယ်။ နေပြည်တော်ကို အလုပ်ကိစ္စနဲ့ ရောက်ရှိ နေတာပါ။ မဲပေးတဲ့ ကာလမှာ ရောဝတီတိုင်း ဒေသကြီးကို ပြန်ပေးဖို့ စီစဉ်ထားပေမယ့် ကိုဗစ်ရောဂါအခြေအနေတွေကြောင့် ပြန်လို့ မရတဲ့အတွက် နေပြည်တော်မှာပဲ မဲပေးနိုင်ဖို့ လုပ်ခဲ့ပါတယ်။ မဲပေးတဲ့အခါမှာလည်း လွတ်လွတ်လပ်လပ်မဲပေးခဲ့ရပါတယ်။ မဲပေးတဲ့ အခါမှာ နားမလည်တာရှိရင် မေးနိုင်ဖို့၊ စနစ် တကျဖြစ်ဖို့အတွက် တာဝန်ရှိသူ တစ်ယောက် က အရန်သင့်စောင့်ပေးနေပါတယ်။ မဲပေးတဲ့ အဆင့်ဆင့်မှာ မှားယွင်းမှုမရှိအောင် အချိန် ယူပြီး သေချာမဲပေးခဲ့ပါတယ်။ မဲရုံ အဝင်၊ အထွက်မှာ လက်ဆေးရပါတယ်။ နှာခေါင်း စည်းတွေလည်း အဆင်သင့် ထားပေးထား တယ်။ လွတ်လွတ်လပ်လပ် မဲပေးခွင့်ရတဲ့ အတွက် ကျေနပ်ပါတယ်။

**ဒေါ်သန်း (မဲဆန္ဒရှင်၊ ဇေယျာသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်)**

အဘွားက လွှတ်တော်ဝင်းအိမ်ရာမှာ နေပါ တယ်။ အသက် ၆၀ ကျော်လို့ မဲလာပေးတာ ဖြစ်ပါတယ်။ အခုလို မဲပေးခွင့်ရတဲ့အတွက် နိုင်ငံသားတစ်ဦးအနေနဲ့ တာဝန်ကျေပွန် တယ်လို့ ခံစားရပါတယ်။ အဘွားက အသက် ကြီးနေပြီဆိုပေမယ့် တိုင်းပြည်အကျိုးသယ်ပိုး ပေးမယ့်သူတွေကို အခုလိုမဲပေးရွေးချယ်ခွင့် ရတဲ့အတွက် ပီတိဖြစ်တယ်။ တခြား မဲပေးခွင့် ရှိသူတွေလည်း မဲလာပေးကြဖို့ အဘွားအနေနဲ့ တိုက်တွန်းချင်ပါတယ်။ အဘွားသက်တမ်း တစ်လျှောက် သုံးကြိမ်၊ လေးကြိမ်ပဲ မဲပေးတာ နဲ့ ကြုံခဲ့ရသေးတယ်။ မဲပေးပိုင်ခွင့်ရှိသူ တစ်ယောက် မဲပေးတာဟာ မိမိတိုင်းပြည်ကို အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် ပြန်လည် အလုပ်အကျွေးပြုတာပဲဖြစ်ပါတယ်။

**ဦးထွန်းထွန်း(မဲဆန္ဒရှင်၊ ဘောဂသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်)**

ကျွန်တော်က မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင် တစ်ယောက်အနေနဲ့ မဲလာပေးတာ ဖြစ်ပါတယ်။ ကျွန်တော်က ရန်ကုန်မြို့ကနေ နေပြည်တော်ကို အလုပ်ကိစ္စနဲ့လာရင်း ကိုဗစ်- ၁၉ ဆိုင်ရာ ကန့်သတ်ချက်ကြောင့် နေပြည် တော်မှာပဲ ဆက်နေဖြစ်သွားတယ်။ ဒီလိုမဲပေးဖို့ လျှောက်လွှာတင်တာတွေ လုပ်တဲ့အခါမှာ လည်း လွယ်ကူမှုရှိပါတယ်။ အခက်အခဲ မရှိပါဘူး။ မဲပေးတဲ့အခါမှာလည်း လွတ်လွတ် လပ်လပ်ရှိပြီး အားလုံးအဆင်ပြေပါတယ်။ မဲပေးရာမှာ လိုအပ်တဲ့လုပ်ငန်းစဉ်တွေ မေးမြန်းရာမှာလည်း တာဝန်ရှိသူတွေက သေချာရှင်းပြပေးပါတယ်။ မဲရုံမှာ ကျန်းမာ ရေးအရ ကြိုတင်ကာကွယ်မှုအနေနဲ့ Social Distancing ဆောင်ရွက်ထားရှိတာ၊ လက်သန့် ဆေးရည် ဖျန်းပေးတာ၊ နှာခေါင်းစည်းတွေ ဖြန့်ဝေပေးတာကို တွေ့ရပါတယ်။

**သတင်းအင်တာဗျူး**
**ဟန်လင်းနိုင်၊ မျိုးသူဟိန်း**
**ဓာတ်ပုံ-ကျော်ဇင်ထိုက်**

# ရန်ကုန်မြို့တွင် မြို့နယ်များ၌ ကုန်စိမ်းသီးနှံလှည်းများဖြင့် လိုက်လံရောင်းချမှု ပိုမိုများလာ



**ရန်ကုန် နိုဝင်ဘာ ၂**

ကိုဗစ်-၁၉ ကပ်ရောဂါ ဒုတိယအကျော့တွင် ပြည်သူများ နေအိမ်တွင် နေထိုင်မှုများလာခြင်းကြောင့် ရန်ကုန်မြို့တွင် မြို့နယ်၊ ရပ်ကွက်များ၌ နေ့စဉ် အခြေခံကုန်စိမ်းသီးနှံလှည်းများဖြင့် လိုက်လံရောင်းချမှု ပိုများ လာကြောင်း တွေ့မြင်နေရသည်။

လူဦးရေထူထပ်များပြားသော ရန်ကုန်မြို့တွင် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများသကဲ့သို့ မြန်မာနိုင်ငံအနှံ့ နယ်များမှ လာရောက် အလုပ်လုပ်ကိုင်သူများလည်း များပြားလျက်ရှိသည်။ ထိုသို့ လူဦးရေ ထူထပ်များပြားလှသော ရန်ကုန်မြို့တွင် အခြေခံစားသောက်ကုန်စည် များလည်း နေ့စဉ်နှင့်အမျှ ရောင်းဝယ်ဖောက်ကားမှု ပြုလုပ်သူ များပြား သကဲ့သို့ အထိုက်အလျောက်လည်း ရောင်းဝယ်ဖောက်ကားရကြောင်း ရပ်ကွက်များအတွင်း လှည်းများဖြင့် လိုက်လံရောင်းချသည့် သူများထံမှ သိရသည်။

“ ကျွန်မတို့က ကိုဗစ်- ၁၉ ကပ်ရောဂါ ဒုတိယအကျော့မှ အခုလို ရပ်ကွက်လမ်းတွေမှာ လိုက်လံရောင်းချတာ ဖြစ်ပါတယ်။ ပထမအကျော့ တုန်းကတော့ အခုလိုလိုက်လံရောင်းချတာ မလုပ်ခဲ့ပါဘူး။ ဈေးတွေ ကလည်း လူမစည်၊ လူတွေကလည်း အိမ်မှာအနေများလာတော့ ဈေးမှာသွားမရောင်းဘဲ အခုလိုလိုက်လံရောင်းချဖို့ စိတ်ကူးခဲ့တာပါ။ အခုနောက်ပိုင်း ဈေးမှာရောင်းရတာထက် ပိုရောင်းရပါတယ်” ဟု ရပ်ကွက်များအတွင်း ကုန်စိမ်းနှင့် အခြေခံကုန်စည်များ လိုက်လံ ရောင်းချသော မသူဇာက ပြောသည်။

အခုလို ရပ်ကွက်အတွင်း လိုက်လံရောင်းချသော လှည်းများတွင် အခြေခံကုန်စည်များဖြစ်သည့် ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက်၊ ခရမ်းချဉ်သီး၊ ခရမ်းသီး၊ ဘူးသီး၊ ကျောက်ဖရုံသီး၊ သစ်သီးဝလံများထဲတွင်လည်း ပန်းသီး၊ ငှက်ပျောသီး၊ လိမ္မော်သီး၊ နဂါးမောက်သီး စသည့်အခြေခံစားကုန် အမယ် ၁၀၀ နီးပါး လိုက်လံရောင်းချကြောင်း သိရသည်။

“ ဈေးမှာ ထိုင်ရောင်းရသလိုတော့ မဟုတ်ဘူးပေ့ါ။ ပိုပြီးတော့ ပင်ပန်းတယ်။ ဒါပေမယ့်လည်း ဝမ်းရေးအတွက် ဒီလိုမှမလုပ်ရင် အဆင်မပြေနိုင်လို့ အခုလို လိုက်လံရောင်းရတာပါ။ ကိုဗစ်-၁၉ ကို ကြောက်တာထက် ဝမ်းရေးအခက်ကြုံရမှာမို့ မလုပ်မဖြစ် လုပ်ရတာပါ။ အမြတ်ကလည်း ထင်သလောက်ကြီး မဟုတ်ပါဘူး။ နေ့စားခလောက်ပဲ ကျန်တာပါ” ဟု မသူဇာက ထပ်မံပြောသည်။

ယခုအခါ ရန်ကုန်မြို့တွင် ပုံမှန်အခြေအနေ သက်ဝင်လှုပ်ရှားမှု မရှိသေးသော်လည်း လမ်းမများပေါ်တွင် ယခင်ကဲ့သို့မဟုတ်ဘဲ ကားများ၊ လိုင်းကားများ၊ အငှားယာဉ်များ ပြန်လည်သက်ဝင်လှုပ်ရှား လာနိုင်ခြေကို မြင်တွေ့ရသည်။

**သတင်းမြင်ကွင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

# တက္ကသီလာ မြကျွန်းသာမှာ ပညာရည်နို့ သောက်စို့ခဲ့ပါသည် အပိုင်း(၇)

**စန်းနီလာဝင်း**

### တက္ကသီလာ ကျောင်းတော်မဟာဆိုသည်မှာ

ပညာသည် အမှောင်ကို ခွင်းကာ အလင်းကို ဆောင်စေသဖြင့် အနန္တကျေးဇူးတော်ရှင် မြတ်ဗုဒ္ဓသခင်က “ပညာသမာ အာဘာနတ္ထိ – လောက၌ ပညာနှင့်တူသော အလင်းရောင်မရှိနိုင်” ဟူ၍ လည်းကောင်း၊ “ပညာနရာနံရတနံ – ပညာကား လူတို့၏ ရတနာစစ်ရတနာမှန်ဖြစ်သည်” ဟူ၍ လည်းကောင်း ဟောဖော်ညွှန်ပြတော်မူခဲ့ပါသည်။

မိလိန္ဒပဉှာကျမ်းတွင်လည်း “ပညာ”၏ သဘောလက္ခဏာနှင့် စပ်လျဉ်း၍ မိလိန္ဒမင်းကြီးက အရှင်နာဂသေနအား မေးမြန်းလျှောက်ထားခဲ့ရာ “ပညာသည် ပိုင်းဖြတ်ခြင်း၊ ထွန်းလင်းတောက်ပခြင်း လက္ခဏာရှိသည်။ ဥပမာအားဖြင့် မှောင်နေသော အခန်းထဲ၌ မီးထွန်းလိုက်သောအခါ ထိုအခန်းထဲတွင် အမှောင်လည်းပျောက် အလင်းရောက်လာသလို ပညာသည်လည်း အမိုက်မှောင်ကို ပယ်ဖျောက်ပြီး အသိပညာ အလင်းရောင်ကို ပေးသည်” ဟု ရှင်းလင်းဖွင့်ဆိုတော်မူခဲ့သည်ကို လေ့လာတွေ့ရှိရသည်။

“တက္ကသိုလ်”ဟူသော ပါဠိဝေါဟာရမှာ “တက္ကနှင့်သီလ”ကို ပေါင်းစပ်ထားခြင်းဖြစ်ရာ မြန်မာဘာသာသို့ တိုက်ရိုက်ပြန်ဆိုပါလျှင် “တက္က”ဟူသည် “နှိုင်းချိန်ကြံဆခြင်း၊ သုံးသပ်ဝေဖန်ခြင်း”ဟု အဓိပ္ပာယ်ရရှိပြီး “သီလ” ဆိုသည်မှာ “ကောင်းသော လေ့ကျင့်ပျိုးထောင်မှုရှိခြင်း၊ မကောင်းမှုပြုလုပ်ရမည်ကိုရှက်ခြင်း၊ ရွံ့ခြင်းဟူသော ဟီရိဩတ္တပ္ပတရားကို စောင့်ထိန်းခြင်း”ဟူ၍ အဓိပ္ပာယ်ရရှိပါသည်။ ထို့ကြောင့် တက္ကသီလာကျောင်းတော်မဟာဆိုသည်မှာ အဆင့်မြင့်အသိပညာ၊ အတတ်ပညာ၊ နည်းပညာရပ်များစွာကို သင်ကြားလေ့ကျင့်ပေးပြီး ကိုယ်ကျင့်တရား ကောင်းမွန်အောင် လမ်းညွှန်ပေးရာ နေရာဌာနဖြစ်သည်ဟု အကျဉ်းဥဒ္ဒေသဖြင့် ဖွင့်ဆိုနိုင်ပါသည်။ အင်္ဂလိပ်ဝေါဟာရ၌ “ယူနီဗာစီတီ” (University) ဟူ၍လည်းကောင်း၊ “အကယ်ဒမီ” (Academy) ဟူ၍လည်းကောင်း၊ “အထူးပညာရပ်များ သင်ကြားပေးရာကျောင်းတော်ကြီး” ဟူသော အဓိပ္ပာယ်ဖြင့် ခေါ်ဝေါ်သုံးစွဲကြပါသည်။ ထို့ပြင် တက္ကသိုလ်ပညာရေးကို “Academic” ဟူ၍လည်းကောင်း၊ “တက္ကသိုလ်ကျောင်းသူကျောင်းသား၊ ဆရာ ဆရာမများဘဝကို” “Academic Life” ဟူ၍လည်းကောင်း၊ “တက္ကသိုလ်ပညာရှင်များကို” “Academician”ဟူ၍ လည်းကောင်း ခေါ်ဝေါ်သုံးစွဲလျက်ရှိကြပါသည်။



၁၉၃၁ ခုနှစ်တွင် ဆောက်လုပ်ခဲ့သည့် ဂျပ်ဆင်ခန်းမအဆောက်အအုံ။

### ရှေးမြန်မာမင်းများ လက်ထက်ကတက္ကသိုလ်

ပုဂံခေတ်ကျောက်စာများကို လေ့လာသောအခါ ပုဂံခေတ်တွင် လောကီပညာရပ်များကို လေ့ကျင့်သင်ကြားပေးသော ပွဲကျောင်းများမှာ “ပုဂံခေတ် တက္ကသိုလ်ကျောင်း” များအဖြစ် တည်ရှိခဲ့သည်ကို လေ့လာတွေ့ရှိရသည်။ မျက်မှောက်ခေတ်တွင် အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာရှင်များကို တက္ကသိုလ်အသီးသီးက လေ့ကျင့်ပျိုးထောင်သင်ကြားပေးသကဲ့သို့ ရှေးမြန်မာမင်းများ လက်ထက်တွင်လည်း လောကီပညာရပ်များကိုလည်းကောင်း၊ ပရိယတ္တိစာပေများကိုလည်းကောင်း၊ မင်းမှုထမ်း၊ အရာထမ်းများကိုလည်းကောင်း ဘုန်းတော်ကြီးကျောင်းများက လေ့ကျင့်သင်ကြား ပျိုးထောင်ပေးခဲ့သည်ကို တွေ့ရသည်။

ရှေးမြန်မာမင်းတို့သည် ပဒေသရာဇ်အုပ်ချုပ်ရေးယန္တရား ကောင်းစွာလည်ပတ်နိုင်အောင် သစ္စာခံပညာရှင်များ၊ အရာထမ်းကောင်း၊ အမှုထမ်းကောင်းများ မွေးထုတ်ရန် တစ်နှစ်လျှင်တစ်ကြိမ် ပညာရှိရွေးပွဲကို ကျင်းပခဲ့ကြသည်။ ရှေးမြန်မာမင်းများ လက်ထက်တွင် “စာပြန်ပွဲတော်” များကို တက္ကသိုလ် စာမေးပွဲများအဖြစ် မှတ်ယူကာ ပညာရှိများကို စစ်ဆေးရွေးချယ်ပြီး လွှတ်တော်၊ ရုံးတော်၊ ဗြဲတိုက်တော်တို့၌ အရာထမ်း၊ အမှုထမ်းများအဖြစ် ခန့်အပ်တာဝန်ပေးလေ့ရှိသည်။ [မျက်မှောက်ခေတ်၌ “အစိုးရ ရာထူးဝန်အဖွဲ့က” အစိုးရဌာနဆိုင်ရာအသီးသီးတွင် လိုအပ်နေသော ပြန်တမ်းဝင်အရာရှိ ရာထူးများအတွက် လျှောက်ထားသူတို့အား ရေးဖြေ၊ နှုတ်ဖြေစာမေးပွဲများ ဖြေဆိုစေပြီး အောင်မြင်သူများကို ပြန်တမ်းဝင်အရာရှိများ စတင်ခန့်အပ်ပေးသည့် သဘောပင်ဖြစ်ပါသည်။] မြန်မာ့နန်းတွင်း၌ အရေးပါ အရာရောက်လှသော အုပ်ချုပ်ရေးအကြီးအကဲများဖြစ်ခဲ့ကြသည့် ကင်းဝန်မင်းကြီး၊ တွင်းသင်းမင်းကြီး၊ ပခန်းမင်းကြီးတို့သည် စာပြန်ပွဲတော်၌ ထူးချွန်စွာဖြေဆိုအောင်မြင်ခဲ့ကြသောကြောင့် ရဟန်းဘဝမှ လူဝတ်လဲကာ တိုင်းရေး၊ ပြည်ရေး၊ ရာဇရေး၊ ဓမ္မရေးတို့တွင် အကြီးအကဲများအဖြစ် တာဝန်ထမ်းဆောင်ခွင့် ရရှိခဲ့ခြင်းပင်ဖြစ်သည်။

ထိုစာပြန်ပွဲတော်တွင် ပထမကျော်ဘွဲ့မရရှိသော်လည်း အမှတ်များများဖြင့် အောင်မြင်သူများသည် မင်းမှုထမ်းလိုအပ်ပါက နန်းတွင်းရှိ လွှတ်ရုံး(၅)ရပ်သို့ အကူစာရေးအဖြစ် ခန့်အပ်ပေးလေ့ရှိသည်။ လွှတ်ရုံး(၅)ရပ်တွင် အကူစာရေးများအဖြစ် ခန့်အပ်ခြင်းခံရသောသူများကို သူတို့၏ လုပ်ကိုင်ဆောင်ရွက်ပုံ၊ ဆက်ဆံပုံ၊ ကိုယ်ကျင့်တရားတို့နှင့် ပတ်သက်၍ “စာရေးတော်ခေါင်း”က အကဲဖြတ်မှတ်တမ်းတွင် လေ့လာမှတ်တမ်းတင်ထားရသည်။ နန်းတော်၌ စာရေးတော်ဝန်ထမ်း လိုအပ်လာလျှင် ထိုအကူစာရေးများထဲမှ လက်ရွေးစင်များကို ရွေးချယ်ခန့်အပ်ပေးသည်။ စာရေးတော်များသည် အရည်အချင်းရှိလျှင်ရှိသလို လွှတ်တော်ဝန်ကြီးအထိ တိုးမြှင့်ခန့်အပ်ခြင်းခံရသည်။

### တက္ကသိုလ်များ၏ မိခင် ရန်ကုန်တက္ကသိုလ်

အမိရန်ကုန်တက္ကသိုလ် အကျယ်အဝန်းသည် ဧက ၄၀၀ ရှိပြီး ဘွဲ့နှင်းသဘင်ခန်းမ အဆောက်အအုံကို ၁၉၂၁ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်နေ့တွင် မြေနေရာရွေးချယ်ပြီး ၁၉၂၂ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့တွင် အုတ်မြစ်ချ ဆောက်လုပ်ခဲ့သည်။

အမိတက္ကသိုလ်၏ ဝိဇ္ဇာစာသင်ခန်းမဆောင်ကြီးနှင့် သိပ္ပံစာသင်ခန်းမဆောင်ကြီးတို့ကို အဓိပတိလမ်းမကြီး၏ ဝဲဘက်နှင့် ယာဘက်တို့တွင် နေရာယူစေကာ ဝိဇ္ဇာခန်းမဆောင်ကြီးကို ၁၉၂၈ ခုနှစ်တွင် လည်းကောင်း၊ သိပ္ပံခန်းမဆောင်ကြီးကို ၁၉၃၁ ခုနှစ်တွင်လည်းကောင်း အသီးသီး ဆောက်လုပ်ခဲ့ကြသည်။ ဝိဇ္ဇာခန်းမဆောင်ကြီးသည် အရှည် ၉၇၁ ပေ၊ အကျယ် ၄၈ ဒသမ ၅ ပေရှိပြီး သိပ္ပံခန်းမကို ၂၀ ရာစု ဗိသုကာပုံစံဖြင့် စက်ဝိုင်းခြမ်းပုံသဏ္ဌာန် ဖော်ဆောင်ထားပါသည်။

ရန်ကုန်တက္ကသိုလ် ဓမ္မာရုံကြီးကို ၁၉၃၄ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက် (မြန်မာသက္ကရာဇ် ၁၂၉၅ နှစ် တပေါင်းလဆန်း ၁၃ ရက်နေ့)တွင် အလယ်တောရကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောသလ အဘိဓဇ အုတ်မြစ်ချပေးတော်မူကာ စတင်လုပ်ခဲ့သည်။ အလျား ၁၄၁ ပေ၊ အနံ ၆၅ ပေ၊ အမြင့် ၂၂ ပေ ရှိပြီး အဆောက်အအုံလက်ရာမှာ မြန်မာ အနောက်ဥရောပ ဗိသုကာ ပေါင်းစပ်ထားသော ဒီဇိုင်းလက်ရာဖြစ်သည်။

ဂျပ်ဆင်ခရစ်ယာန်ဘုရားရှိခိုးကျောင်း အဆောက်အအုံကို ၁၉၃၁ ခုနှစ် ဇူလိုင်လ ၂၇ ရက်တွင် ပြည်လမ်းမကြီးအနီးတွင် စတင်ဆောက်လုပ်ခဲ့ရာ ထိုစဉ်က ရန်ကုန်တက္ကသိုလ် အဓိပတိဖြစ်သူ ဆာချားလ်စ်အလက်ဇန်းဒါးအင်းစ် (Sir Charles Alexander Innes)က အုတ်မြစ်ချပေးခဲ့သည်။ ထိုအဆောက်အအုံတွင် လက်ဝါးကပ်တိုင်တင်ထားသော ယေရှုခရစ်တော်ပုံပါရှိကာ အရှည် ၈၈ ပေ၊ အကျယ် ၄၂ ရှိပြီး ခေါင်းလောင်းကြီးရှိရာ မျှော်စင်ပေါ်သို့ တက်ရောက်နိုင်ရန် လှေကားတွင် လှေကားထစ်ပေါင်း ၁၈၀ ရှိသည်။


ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်အဆောက်အအုံကို ၁၉၂၇ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့တွင် ထိုစဉ်က တက္ကသိုလ်အဓိပတိဆာဟာကုတ်ဘတ်တလာ (Sir Harcourt Butler) က အုတ်မြစ်ချကာ

*စာမျက်နှာ ၇ သို့*



### ဆောင်းပါးရှင် စန်းနီလာဝင်း ၏ ကိုယ်ရေးအကျဉ်း

- အမည်ရင်း ဦးမောင်မောင်စန်း။
- ကလောင်အမည်များ – စန်းနီလာဝင်း၊ အယ်ဒီတာချုပ်တစ်ဦး၊ မောင်မောင်စန်း (ရန်ကုန်တက္ကသိုလ်)၊ မောင်ပညာကျော်၊ သတင်းစာဆရာတစ်ဦး၊ သုတေသီတစ်ဦး၊ စာရေးဆရာတစ်ဦး၊ လေ့လာသူတစ်ဦး၊ မောင်သမ္မာဒိဋ္ဌိ၊ ကိုစန်း (စစ်ကွင်းမြေ)၊ ဆြာစန်း (နက္ခတ္တဗေဒနှင့် တိုင်းရင်းဆေး)၊ မောင်မီဒီယာ၊ ဂီတသုတေသီတစ်ဦး၊ MMS ၊ MWD (အင်္ဂလိပ်ဆောင်းပါးများ)
- ပညာအရည်အချင်း – M.AII, R.L, Diploma in Traditional Medicine.
- စာပေတာဝန်များ – တက္ကသိုလ်များ မဂ္ဂဇင်းကော်မတီအတွင်းရေးမှူး (ရန်ကုန် တက္ကသိုလ်)၊ သတင်းစာကိုယ်စားလှယ်အဖွဲ့ဝင်တစ်ဦးအဖြစ် ပြည်ပနိုင်ငံများသို့ သွားရောက်ခဲ့သည်။ ရုပ်ရှင်စိန်ရတုသဘင်တွင် စာတမ်းပြုစုဖတ်ကြားသည့် တာဝန်ကို ထမ်းဆောင်ခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ။



ကိုလိုနီခေတ် ရန်ကုန်တက္ကသိုလ် အရန်တပ်ရင်းမှ သင်တန်းနည်းပြဆရာများနှင့် တပ်ဖွဲ့ဝင်များ။

**တက္ကသီလာ ကျောင်းတော်မဟာဆိုသည်မှာ အဆင့်မြင့် အသိပညာ၊ အတတ်ပညာ၊ နည်းပညာရပ်များစွာကို သင်ကြားလေ့ကျင့်ပေးပြီး ကိုယ်ကျင့်တရား ကောင်းမွန်အောင် လမ်းညွှန်ပေးရာ နေရာဌာနဖြစ်သည်**



၁၉၃၄ ခုနှစ် ကိုလိုနီခေတ်တွင် ဆောက်လုပ်ခဲ့သည့် တက္ကသိုလ်ဓမ္မာရုံအဆောက်အအုံ။
ဓာတ်ပုံ - ထင်ပေါ်ဝင်း




ရန်ကုန်တက္ကသိုလ်ရှိ တက္ကသိုလ်များဆေးရုံ။
ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)



၁၉၄၁ ခုနှစ် ကိုလိုနီခေတ် အမိရန်ကုန်တက္ကသိုလ်လက်အောက်ရှိ အင်ဂျင်နီယာကောလိပ်(ဘီအိုစီကောလိပ်) အဆောက်အအုံ။

*စာမျက်နှာ ၆ မှ*

စတင် ဆောက်လုပ်ခဲ့သဖြင့် ထိုအဆောက်အအုံကို တမီးလ်နွယ်ဖွားအလှူရှင် ရောင်းဗဟာဒူး ရာမနသ ရဲဒီးယား (Rao Bahadur Ramanatha Reddier ) က အလှူငွေကျပ် နှစ်သိန်း ပေးအပ်လှူဒါန်းခဲ့ရာ ရန်ကုန်တက္ကသိုလ် အာဏာပိုင်အဖွဲ့က ၎င်းအား ဂုဏ်ထူးဆောင် ပါရဂူဒေါက်တာဘွဲ့ ချီးမြှင့်ခဲ့ သည်။ စာကြည့်တိုက်ပုံသဏ္ဌာန်မှာ အင်္ဂလိပ် စာလုံးအယ်လ် (L)ပုံသဏ္ဌာန်ဖြစ်ပြီး အရှည် ပေ ၁၃၀ ၊ အနံ ၄၂ ပေ ကျယ်ဝန်းသည်။

တက္ကသိုလ်ဆေးရုံကို ၁၉၂၇-၂၈ ခုနှစ်၌ အမှတ် ၁၆၀ တက္ကသိုလ်ရိပ်သာလမ်းတွင် မြန်မာဗိသုကာ အင်ဂျင်နီယာ ဦးသာထွန်းက ဦးဆောင်ဆောက်လုပ်ခဲ့သည်။ အလျား ၁၀၃ ပေ၊ အနံ ၄၂ ပေ ကျယ်ဝန်းသည်။ ၁၉၆၂ ခုနှစ်တွင် အဆောက်အအုံကို ထပ်မံတိုးချဲ့ ဆောက်လုပ်ကာ ၁၉၆၄ ခုနှစ်တွင် တက္ကသိုလ်များဆေးရုံဟု အမည်ပြောင်းလဲခဲ့ သည်။

ထိုအချိန်မှာပင် ရန်ကုန်တက္ကသိုလ် စာတိုက်ကို တက္ကသိုလ်ရိပ်သာလမ်းနှင့် သထုံလမ်းထောင့်တွင် ဆက်လက်ဆောက်လုပ်ခဲ့ရာ အရှည်ပေ ၉၀၊ အကျယ် ၃၂ ပေ၊ အမြင့် ၁၃ ပေရှိသည်။ နောက်ပိုင်းတွင် ကမာရွတ်စာတိုက်ဟု ပြောင်းလဲခေါ်ဝေါ်ပြီး စာတိုက်သင်္ကေတအမှတ်မှာ (၁၁၀၄၁) ဖြစ်သည်။

အလားတူ ရန်ကုန်တက္ကသိုလ် အားကစားရုံကြီးကို သထုံလမ်းတွင် ဆောက်လုပ်ခဲ့ရာ အလှူရှင်မှာ မစ္စတာချမ်းချောခိုင် (Mr.Chan Chaw Khaing) ဖြစ်သည်။ ထိုအဆောက်အအုံကြီး၏ အကျယ်အဝန်းမှာ အရှည် ၁၀၇ ပေ၊ အကျယ် ၄၂ ပေ၊ အမြင့် ၁၆ ပေရှိသည်။


ကျောင်းအိပ် ကျောင်းစား ကျောင်းသား ကျောင်းသူများအတွက် ဆောက်လုပ်ထားသော အဆောင်များအနက် ပြည်ကျောင်းဆောင်၊ ပုဂံဆောင်၊ တကောင်းဆောင်၊ နဝဒေးဆောင်တို့မှာ ရန်ကုန်တက္ကသိုလ်ဝင်းပြင်ပတွင် ရှိကြသည်။ တက္ကသိုလ်ဝင်းအတွင်း၌ ရှိကြသော အဆောင်များမှာ အင်းဝဆောင်၊ ပင်းယဆောင်၊ စစ်ကိုင်းဆောင်၊ သထုံဆောင်၊ ပဲခူးဆောင်တို့ဖြစ်ကြပြီး ထိုအဆောင်များကို ၁၉၂၈ ခုနှစ်တွင် ဆောက်လုပ်ခဲ့သည်။ အင်္ဂလိပ်စာလုံး "အီး" (E) ပုံသဏ္ဌာန်ရှိ သုံးထပ်ဆောင်များဖြစ်ကြပြီး အလျား ၁၉၆ ပေ၊ အနံ ၈၂ ပေ၊ အမြင့် ၃၆ ပေကျယ်ဝန်းကာ အဆောင်တစ်ဆောင်တွင် အခန်းပေါင်း ၁၄၈ ခန်းစီ ပါဝင်ကြသည်။ ထိုနှစ်မှာပင် အမျိုးသမီးဆောင်များ ဖြစ်ကြသည့် အင်းလျားဆောင်နှင့် သီရိဆောင်များကိုပါ ဆောက်လုပ်ခဲ့သည်။ ၁၉၃၃-၃၄ ခုနှစ်များတွင် အမျိုးသားဆောင်များအဖြစ် ဒဂုံဆောင်နှင့် ရွှေဘိုဆောင်တို့ကို ထပ်မံဆောက်လုပ်ခဲ့သည်။

ရန်ကုန်တက္ကသိုလ်သမဂ္ဂ အဆောက်အအုံကြီးကို ၁၉၂၉ ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့ပြီး အလှူရှင်မှာ ပုဇွန်တောင်နယ်မှ သူဌေးကြီး ဦးညိုဖြစ်သည်။ ၎င်းက တက္ကသိုလ်သမဂ္ဂအဆောက်အအုံအတွက် အလှူငွေကျပ် ၁၇၀၀၀၀ လှူဒါန်းခဲ့ပြီး ကျန်ငွေကျပ် ၃၀၀၀၀ကို တက္ကသိုလ်ဓမ္မာရုံနှင့် တက္ကသိုလ်လေ့လှော်အသင်းအတွက် ခွဲဝေလှူဒါန်းခဲ့သည်။ တက္ကသိုလ်သမဂ္ဂကို ၁၉၃၀ ပြည့်နှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ထိုသို့ လှူဒါန်းခဲ့သည့် အလှူရှင်သူဌေးဦးညိုအား ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တက္ကသိုလ်က ၁၉၂၇ ခုနှစ် ဒီဇင်ဘာလ၌ အထူးဘွဲ့နှင်းသဘင်ကျင်းပပြီး သူ့အား ဂုဏ်ထူးဆောင်ပါရဂူဒေါက်တာဘွဲ့ ချီးမြှင့်ခဲ့သည်။ တက္ကသိုလ် လေ့လှော်အသင်းပြိုင်ပွဲတွင် "ဦးညိုဖလားဆု" ဟူ၍ ထားရှိခဲ့သည်။

ရန်ကုန်တက္ကသိုလ်လေ့လှော်အသင်းကြီးကို ၁၉၂၃ ခုနှစ်တွင် ထိုစဉ်က ဥပဒေပါမောက္ခ "ဆာအာသာအဂ္ဂါ" က စတင်တည်ထောင်ခဲ့သည်။ ဆရာသည် ကိန်းဘရစ်တက္ကသိုလ်က မဟာဝိဇ္ဇာဘွဲ့ ရရှိခဲ့ပြီး ၁၈၉၉ ခုနှစ် ကတည်းက ထိုစဉ်က "ရန်ကုန်ကောလိပ်" တွင် သချ်ာဘာသာဌာန၌ ကထိကအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၂၀ ပြည့်ပတ်ဝန်းကျင်နှစ်များတွင် လွှတ်တော်အမတ်အဖြစ် လည်းကောင်း၊ လွှတ်တော်အတွင်းဝန် အဖြစ်လည်းကောင်း၊ အစိုးရရှေ့နေကြီးအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ပထမကမ္ဘာစစ်အတွင်း၌ အရှေ့အလယ်ပိုင်းဒေသတွင် ဗြိတိသျှလေတပ်၏ ဥပဒေအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ လှေလှော်အသင်းတွင် ရာသက်ပန်ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၅၇ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ပါမောက္ခ "ဆာအာသာအဂ္ဂါ"အား ဥပဒေပါရဂူဘွဲ့အဖြစ် ဂုဏ်ပြုချီးမြှင့်ခဲ့သည်။

၁၉၄၁ ခုနှစ်သို့ ရောက်သောအခါ မိခင်ရန်ကုန်တက္ကသိုလ်ကြီး၏ စီမံခန့်ခွဲကြီးကြပ်မှုအောက်တွင် (၁) ရန်ကုန်ကောလိပ် (၂) ဂျပ်ဆင်ကောလိပ် (၃) ဆေးကောလိပ် (၄) ဆရာအတတ်သင်ကောလိပ် (၅) စိုက်ပျိုးရေးကောလိပ် (၆) မန္တလေးဥပဒေကောလိပ်တို့ ပေါ်ပေါက်လာခဲ့သည်။ ၁၉၄၀ ပြည့်နှစ်မှ ၁၉၅၀ ပြည့်နှစ်အထိ ဆယ်စုနှစ်အတွင်း အမိရန်ကုန်တက္ကသိုလ်ကြီးသည် အရှေ့တောင်အာရှဒေသနှင့် အာရှတိုက်ရှိ တက္ကသိုလ်များအနက် အကောင်းဆုံးသော တက္ကသိုလ်ကြီးအဖြစ် ထင်ရှားကျော်ကြားခဲ့သည်။



၁၉၂၇ ခုနှစ်တွင် ဆောက်လုပ်ခဲ့သည့် အလှူရှင် "ရောင်းဗဟာဒူး ရာမနသ ရဲဒီးယား" ၏ ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်အဆောက်အအုံ။
ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)

## အလှူရှင်းစိုး မြကျွန်းညို့မှ အမိတက္ကသိုလ်သို့ တမ်းခြင်း

❖ အမိတက္ကသိုလ်
မြကျွန်းညို့မှာ
ပညာရည်နို့
သောက်စို့ခဲ့ရ
တစ်ခဏလျှင်
တစ်ဘဝထင်မိ
ရင်မှာတသ
သတိရနေ
ဘဝဆည်းဆာ
ရောက်နေပါလည်း . . .
သီလတက္က
ကျွန်းညို့မြကို
ထာဝရမမေ့နိုင်ပါတကား။ ။

# သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ၂၀၁၆-၂၀၂၀ အထိ လေးနှစ်ကျော်ကာလအတွင်း ပြည်သူ့အကျိုးပြုမှတ်တိုင်များ

## သတ္တုရေးရာ


မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ ရွှေလေ့ကျေးရွာအုပ်စု၊ မရိုးကုန်းနှင့် ဖိုးပေါက်စု ကျေးရွာများအတွင်း ဖြစ်ပေါ်ခဲ့သော မြေလွှာအက်ကွဲကြောင်းများ ဖြစ်ပေါ်နေမှု သတင်းအပေါ် မြေလွှာအက်ကွဲကြောင်းများ ဖြစ်ပွားရသည့် အကြောင်းရင်းများနှင့် ဘူမိဗေဒဆိုင်ရာ လေ့လာတိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်ရန် သွားရောက်ပြီး မြေလွှာအက်ကွဲကြောင်းများ ကာကွယ်ထိန်းသိမ်းရန်နှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

(က) မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ ရွှေလေ့ကျေးရွာအုပ်စု၊ မရိုးကုန်းနှင့် ဖိုးပေါက်စု ကျေးရွာများအတွင်း ဖြစ်ပေါ်ခဲ့သော မြေလွှာအက်ကွဲကြောင်းများ ဖြစ်ပေါ်နေမှု သတင်းအပေါ် မြေလွှာအက်ကွဲကြောင်းများ ဖြစ်ပွားရသည့် အကြောင်းရင်းများနှင့် ဘူမိဗေဒဆိုင်ရာ လေ့လာတိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၂၀၁၉ ခုနှစ် ဇွန်လ ၁၃ ရက်နေ့မှ ၂၀ ရက်နေ့အထိ ကွင်းဆင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

(ခ) မြန်မာနိုင်ငံအလယ်ပိုင်း ချိုင့်ဝှမ်းဒေသ (Central Myanmar Basin) ၏ မြေနုလွင်ပြင်တစ်ခုဖြစ်သော မင်းဘူးမြေနုလွင်ပြင် (Minbu Basin) အတွင်း တည်ရှိပြီး ၁:၅၀၀၀၀ စကေး မြေပုံအမှတ် UTM Map No.2094/ 15 အတွင်း ကျရောက်ပြီး ဘူမိဗေဒဖြတ်ပိုင်းပုံအရ Tertiary သက်တမ်းအောက်ခံကျောက် (Irrawaddy For- mation- ဧရာဝတီကျောက်လွှာစု) များပေါ်တွင်

*စာမျက်နှာ ၉ သို့*

မြေလွှာအက်ကွဲကြောင်းများ ဖြစ်ပေါ်ခဲ့သော မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ ရွှေလေ့ကျေးရွာအုပ်စု၊ မရိုးကုန်းနှင့် ဖိုးပေါက်စု တည်နေရာပြပုံ။






မရိုးကုန်းကျေးရွာတွင် မြေလွှာအက်ကွဲကြောင်းများ ဖြစ်ပေါ်နေမှု တွေ့မြင်ရပုံ။

"မြေလွှာ အက်ကွဲကြောင်းများ ဖြစ်ပေါ်ခဲ့ရာ နေရာတိုင်းတွင် မြေသား ပြန်လည်ဖြည့်တင်းမှုကို အလျင်အမြန် လုပ်ဆောင်မှသာ အက်ကွဲကြောင်းများ ဆက်လက်ကွဲအက်မှုနှင့် ထပ်မံဖြစ်ပွားမှုကို လျှော့ချနိုင်မည်ဖြစ်"

စာမျက်နှာ ၈ မှ


လက်ရှိ ပို့ချဖြစ်ထွန်းဆဲဖြစ်သော Quaternary သက်တမ်းရှိ သက်နုနုန်းမြေ Alluvium ကို ကျယ်ကျယ်ပြန့်ပြန့် တွေ့နိုင်ပါသည်။

(ဂ) မြေလွှာအက်ကွဲကြောင်းများ ဖြစ်ပေါ်ခဲ့သည့် မြေအမျိုးအစားမှာ သက်နုနုန်းမြေ၊ လယ်ယာစိုက်ပျိုးမြေများဖြစ်ပြီး ထိုမြေအမျိုးအစားတို့၏ရေအောင်းလွှာအပေါ်ဘက်ပိုင်းရှိ မြေသားများသည် ခြောက်သွေ့သော ရာသီများတွင် ကျစ်လျစ်သိပ်သည်းမှု အားကောင်းသော်လည်း ရေနှင့်ထိတွေ့လျှင် ၎င်းတို့၏ သိပ်သည်းကျစ်လျစ်မှုအားမှာ အလျင်အမြန် လျော့ကျသွားတတ်သည့် သဘောသဘာဝရှိခြင်းကြောင့် ကွင်းဆင်းဒေသတွင်းဖြစ်ပေါ်ခဲ့သော မြေလွှာအက်ကွဲကြောင်းများ ဖြစ်ရသည့် အဓိက အကြောင်းရင်း ဖြစ်ပါသည်။


(ဃ) ဂတ်ကုန်း၊ မရိုးကုန်းနှင့် ဖိုးပေါက်စုကျေးရွာများသည် မုန်းချောင်းနှင့် အလွန်နီးကပ်စွာတည်ရှိနေပြီး ချောင်းရေတိုက်စားမှုကို နှစ်စဉ်ခံစားနေရသော ကျေးရွာများဖြစ်သည့်အပြင် နှစ်စဉ် ပြောင်းရွှေ့နေထိုင်ရပြီး ပြောင်းရွှေ့နေထိုင်ရာ နေရာသစ်များတွင် သောက်သုံးရေ တူးဖော်ထုတ်ယူသုံးစွဲမှုသည် လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်း များပြားလာခဲ့၍ မြေအောက်ရေကို တူးဖော်ထုတ်ယူသုံးစွဲမှုစနစ် မမှန်ကန်ခြင်းနှင့် အလွန်အမင်း ထုတ်ယူသုံးစွဲမှု မြင့်တက်လာခဲ့ခြင်းကြောင့် မြေအောက်ရေပြင် နိမ့်ကျသွားသည့် ထိုအခြေအနေမျိုးတွင် ရုတ်တရက် မိုးသည်းထန်စွာရွာ သွန်းလိုက်သောအခါ မြေလွှာအက်ကွဲကြောင်းများ ရုတ်ခြည်း ဖြစ်ပေါ်လာခြင်း ဖြစ်ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*


ဝန်းကျင်ဒေသန္တရဘူမိဗေဒပြေပုံ





| SYSTEM | STAGE | | Group | Formation Name | Lithology |
|---|---|---|---|---|---|
| QUATERNARY | HOLOCENE | | | Alluvium | Fluviatile gravel, sand, silt, clay, wood on alluvial plain, frequent superficial cover over hard rock. River terrace, fluviatile cobble, gravel, sand, silt and clay. Piedmont sediment, colluvial and fluviatile cobble, gravel, sand, silt and clay. |
| | PLEISTOCENE | U, M | | | |
| | | L | | Maw Gravel | Fluviatile sand and gravel, minor wood, lignite, clay and silt. |
| TERTIARY | PLIOCENE | U | IRRAWADDY GROUP | Upper Irrawaddy Formation | |
| | | M, L | | Lower Irrawaddy Formation | Medium to coarse grained, sand and gravel, loosely cemented, massive, current bedded, minor siltstone and claystone lenses, red soil horizons, ferruginous, siliceous and carbonate concretions, lignite, coal and fossil wood. |
| | MIOCENE | U | | | |
| | | M | PEGU GROUP | Obogon | Alternating blue grey shale and fine to medium grained sandstone, minor gypsum. |
| | | L | | Kyaukkok | Sandstone, fine-medium grained, minor shale, rich molluscan fauna. |
| | | | | Pyawbwe | Shale, marine, bluish black, minor sandstone, corals, concretionary layers and gypsum. |
| | OLIGOCENE | U | | Okhmintaung | Marine sandy sequence, includes lepidocyclina limestone, gypsum. |
| | | M | | Padaung | Shale, marine, dark bluish grey, minor sandstone, gypsum, coral, foraminifera and mollusc rich. |
| | | L | | Shwezetaw | Sandstone, fine grained, fine sandy shale, coal, gypsum, calcareous at base. |
| | EOCENE | U | | Yaw Shale | Shale, marine, grey, minor sandstone, limestone. |
| | | | | Pondaung Sandstone | Sandstone, marine, minor conglomerate, fossil wood, marl, carbonaceous shale, mollusc. |
| | | M | | Tabyin Shale | Shale, marine, bluish black, minor yellow brown sandstone, limestone, lignite, conglomerate. |
| | | | | Tilin Sandstone | Sandstone, fine to medium grained, blue grey, minor silicified wood, red bed, gravel. |
| | | L | | Laungshe Shale | Shale, marine, bluish black, minor sandstone, conglomerate, limestone. |
| | | | | Paunggyi Conglomerate | Conglomerate, massive grit and quartzitic sandstone. |
| | PALAEOCENE | U, M, L | KABAW GROUP | | Limestone, cherty limestone, bituminous platy limestone and calcareous sandstone. |
| | CRETACEOUS | U, M | | | |







မြေသားထုအတွင်း
တင်းမာ
ဆန့်ထွက်နိုင်အား
(Tensile Stress) များ
ဖြစ်ပေါ်ကာ
ဒေါင်လိုက်
(Vertical Fissures)
မြေလွှာအက်ကွဲမှုများ
ဖြစ်ပေါ်နေပုံ။



# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ပြီး အခြေအနေကောင်း



စိန်ခေါ်မှုတွေအများကြီး ရင်ဆိုင်နေရပေမယ့် နိုင်ငံရဲ့အခြေအနေကို ဆိုးဆိုးရွားရွားကြီး မဖြစ်အောင်လို့ ကျွန်မတို့ အတတ်နိုင်ဆုံး ထိန်းထားပါတယ်။ အဲဒါနဲ့ ပတ်သက်လို့ ကြိုးစားတယ်ဆိုရင် ကြိုးစားတဲ့အလျောက်တော့ ရလဒ်က ရှိလာတာပဲ။ အခုကျွန်မတို့ လေ့လာလိုက်တဲ့အခါမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ပြီးတော့ ကျွန်မတို့နိုင်ငံရဲ့ အခြေအနေဟာ တချို့အိမ်နီးချင်းနိုင်ငံတွေနဲ့စာရင် အခြေအနေဟာ ကောင်းတယ်လို့ ပြောနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခုအချိန်မှာ ၂၀၁၆ ခုနှစ်ကတည်းက ချမှတ်ထားတဲ့ရည်ရွယ်ချက် ဘယ်လောက်အဆင့်အထိ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ ရအောင်လုပ်မယ်ဆိုပြီးတော့ ရည်ရွယ်တဲ့ စီမံကိန်းတွေချထားတာ ကိန်းဂဏန်းနဲ့ဆိုရင် အခု ဒီနှစ်မှာဆိုရင် ၉၈ ရာခိုင်နှုန်းပြည့်စုံပါတယ်။ ဒီလို ကိုဗစ်ရောဂါဖြစ်တာတောင်မှ ကျွန်မတို့ရဲ့ ရည်မှန်းချက်ပန်းတိုင်နဲ့စာရင် ၂ ရာခိုင်နှုန်းပဲ လျော့တယ်လို့ ပြောလို့ရပါတယ်။ အဲဒါကို ပိုပြီးတော့ အကောင်းဘက်က ကြည့်မယ်ဆိုရင် နောက် ၂ လတောင် ကျန်သေးတယ်။ နောက် ၂ လအတွင်းမှာ ဒီ ၂ ရာခိုင်နှုန်းလည်း ပြည့်ချင်ပြည့်သွားနိုင်တာပေါ့။ မပြည့်ဘူးဆိုရင်တောင် ဒီလိုအချိန်မျိုးမှာ ၉၈ ရာခိုင်နှုန်းအထိ အောင်မြင်တယ်ဆိုတာ အခြေအနေကိုထိန်းသိမ်းတဲ့နေရာမှာ မဆိုးဘူးလို့ပြောရမှာပါ။

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၆-၁၀-၂၀၂၀ ရက်နေ့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက် )

❋ *ကျောဖုံးမှ*

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၈၂၅) ခု | (၂၄၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇,၉၅၈) ခု | (၄၄၃) ဦး |
| စုစုပေါင်း | (၁၂,၂၂၆) ခု | (၁,၂၀၂) ဦး |

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။

**မြန်မာနိုင်ငံတွင် COVID-19 လူနာဖြစ်ပွား၊ သေဆုံးမှုအခြေအနေ**

**(၂-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၂,၂၂၆) ဦး | (၇၀၈,၄၉၃) ဦး |
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၁,၂၀၂) ဦး | (၅၄,၆၀၇) ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | (၁,၄၃၅) ဦး | (၃၇,၉၅၄) ဦး * |
| သေဆုံးလူနာ | (၂၄) ဦး | (၁,၂၈၂) ဦး |

- ယနေ့ သေဆုံးသူ (၂၄) ဦးအနက် ရောဂါအခံရှိသူ (၂၁) ဦးပါဝင်ပါသည်။
- တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆေးရုံများနှင့် ရန်ကုန်မြို့ရှိ COVID–19 ရောဂါ ကုသရေးဌာနများမှ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၁,၄၃၅) ဦးတွင်–
    - o ပြည်သူ့ဆေးရုံများ – (၅၄၃) ဦး
    - o COVID–19 ရောဂါ ကုသရေးဌာနများ (ရန်ကုန်မြို့) – (၈၉၂) ဦး ပါဝင်ပါသည်။
- ရန်ကုန်တိုင်းဒေသကြီးအတွင်း အသွားအလာကန့်သတ်ထားရှိရာနေရာများမှ ဓာတ်ခွဲအတည်ပြုလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့သူများအနက် Negative အဖြေထွက်ရှိခဲ့ပြီး နေအိမ်များတွင် အသွားအလာကန့်သတ်ထားရှိသူ စုစုပေါင်း (၁,၅၂၄)ဦးတွင်–
    - o Hotel Quarantine – (၁၃၃) ဦး
    - o Facility Quarantine – (၁၂၂) ဦး
    - o Community Based Facility Quarantine – (၁,၁၃၁) ဦး
    - o Anosmia Center – (၁၃၈) ဦး

ပါဝင်ပြီး ၎င်းတို့အား နေအိမ်များတွင် အသွားအလာဆက်လက် ကန့်သတ်ထားရှိပါသည်။

- * တပ်မတော်ဆေးရုံကြီးများနှင့် တပ်မတော် COVID–19 ရောဂါ ကုသရေးဌာနများမှ (၆-၁၀-၂၀၂၀) ရက်နေ့မှ (၁-၁၁-၂၀၂၀) ရက်နေ့အထိ ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်း (၂,၃၃၀) ဦး ရှိသဖြင့် ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာများအနက် ဆေးရုံဆင်းခွင့်ရရှိသူ စုစုပေါင်းမှာ (၃၇,၉၅၄) ဦးရှိပြီ ဖြစ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ၂-၁၁-၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၄၈၀၆၆၅ | ၆၁၀၅၇၂၉ | ၂၃၆၅၁၉ |
| ၂။ | အိန္ဒိယ | ၈၂၄၂၁၆၁ | ၇၅၆၁၂၆၇ | ၁၂၂၇၅၂ |
| ၃။ | ဘရာဇီး | ၅၅၄၅၇၀၅ | ၄၉၈၀၉၄၂ | ၁၆၀၁၀၄ |
| ၄။ | ရုရှား | ၁၆၅၅၀၃၈ | ၁၂၃၆၀၃၃ | ၂၈၄၇၃ |
| ၅။ | ပြင်သစ် | ၁၄၁၃၉၁၅ | ၁၁၈၂၂၇ | ၃၇၀၁၉ |
| ၆။ | စပိန် | ၁၂၆၄၅၁၇ | စိစစ်ဆဲ | ၃၅၈၇၈ |
| ၇။ | အာဂျင်တီးနား | ၁၁၇၃၅၃၃ | ၉၈၅၃၁၆ | ၃၁၁၄၀ |
| ၈။ | ကိုလံဘီယာ | ၁၀၈၃၃၂၁ | ၉၇၇၈၀၄ | ၃၁၅၁၅ |
| ၉။ | ဗြိတိန် | ၁၀၃၄၉၁၄ | စိစစ်ဆဲ | ၄၆၇၁၇ |
| ၁၀။ | မက္ကဆီကို | ၉၂၉၃၉၂ | ၆၈၂၀၄၄ | ၉၁၈၉၅ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂- ၁၁ - ၂၀၂၀

| | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၁၅၄၀၂ | ၃၄၅၅၆၆ | ၁၄၀၄၄ |
| ဖိလစ်ပိုင် | ၃၈၅၄၀၀ | ၃၄၈၈၃၀ | ၇၂၆၉ |
| စင်ကာပူ | ၅၈၀၂၀ | ၅၇၉၂၄ | ၂၈ |
| မြန်မာ | ၅၄၆၀၇ | ၃၇၉၅၄ | ၁၂၈၂ |
| မလေးရှား | ၃၃၃၃၉ | ၂၃၁၂၀ | ၂၅၁ |
| ထိုင်း | ၃၇၈၇ | ၃၅၉၅ | ၅၉ |
| ဗီယက်နမ် | ၁၁၉၂ | ၁၀၆၅ | ၃၅ |
| ကမ္ဘောဒီးယား | ၂၉၂ | ၂၈၃ | ၀ |
| ဘရူနိုင်း | ၁၄၈ | ၁၄၃ | ၃ |
| လာအို | ၂၄ | ၂၃ | ၀ |

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂-၁၁-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ

၁။ (၁-၁၁-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၆၉၉) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြု လူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | သန်လျင် | ၇၈ |
| | | စမ်းချောင်း | ၄၉ |
| | | သဃ်န်းကျွန်း | ၃၉ |
| | | တာမွေ | ၃၅ |
| | | မင်္ဂလာဒုံ | ၂၈ |
| | | ဗိုလ်တထောင် | ၂၆ |
| | | အင်းစိန် | ၂၃ |
| | | မြောက်ဥက္ကလာပ | ၂၃ |
| | | လှိုင် | ၁၉ |
| | | တောင်ဥက္ကလာပ | ၁၉ |
| | | လှိုင်သာယာ | ၁၈ |
| | | ရန်ကင်း | ၁၇ |
| | | ရွှေပြည်သာ | ၁၆ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၁၄ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၁၁ |
| | | သာကေတ | ၁၀ |
| | | မင်္ဂလာတောင်ညွန့် | ၁၀ |
| | | လသာ | ၉ |
| | | ဒလ | ၇ |
| | | ကမာရွတ် | ၇ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၆ |
| | | ကျောက်တန်း | ၆ |
| | | အလုံ | ၆ |
| | | လှည်းကူး | ၆ |
| | | တွံ့တေး | ၆ |
| | | မရမ်းကုန်း | ၅ |
| | | ကြည့်မြင်တိုင် | ၅ |
| | | ဗဟန်း | ၅ |
| | | ဒေါပုံ | ၅ |
| | | သုံးခွ | ၄ |
| | | ကျောက်တံတား | ၂ |
| | | ပုဇွန်တောင် | ၂ |
| | | လမ်းမတော် | ၂ |
| | | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | ၂ |
| | | ပန်းဘဲတန်း | ၂ |
| | | ကော့မှူး | ၂ |
| | | ခရမ်း | ၂ |
| | | ဒဂုံ | ၁ |
| | | တိုက်ကြီး | ၁ |
| | | စုစုပေါင်း | ၅၂၄ |
| ၂။ | ပဲခူးတိုင်းဒေသကြီး | ပဲခူး | ၄၉ |
| | | မိုးညို | ၉ |
| | | အုတ်ဖို | ၆ |
| | | ရွှေကျင် | ၅ |
| | | လက်ပံတန်း | ၄ |
| | | မင်းလှ | ၃ |
| | | ပေါင်းတည် | ၃ |
| | | ညောင်လေးပင် | ၃ |
| | | ကဝ | ၂ |
| | | ရွှေတောင် | ၂ |
| | | အုတ်တွင်း | ၁ |
| | | ပြည် | ၁ |
| | | တောင်ငူ | ၁ |
| | | ထန်းတပင် | ၁ |
| | | စုစုပေါင်း | ၉၀ |
| ၃။ | မန္တလေးတိုင်းဒေသကြီး | မဟာအောင်မြေ | ၂၃ |
| | | ချမ်းအေးသာစံ | ၈ |
| | | ပြည်ကြီးတံခွန် | ၅ |
| | | မြင်းခြံ | ၅ |
| | | ကျောက်ဆည် | ၅ |
| | | အောင်မြေသာစံ | ၃ |
| | | ချမ်းမြသာစည် | ၂ |
| | | အမရပူရ | ၁ |
| | | ပျော်ဘွယ် | ၁ |
| | | စုစုပေါင်း | ၅၃ |
| ၄။ | ဧရာဝတီတိုင်းဒေသကြီး | လပွတ္တာ | ၄ |
| | | မော်လမြိုင်ကျွန်း | ၃ |
| | | ဘိုကလေး | ၂ |
| | | ပုသိမ် | ၁ |
| | | ဟင်္သာတ | ၁ |
| | | ဒေးဒရဲ | ၁ |
| | | မြောင်းမြ | ၁ |
| | | ဖျာပုံ | ၁ |
| | | စုစုပေါင်း | ၁၄ |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး | ကလေး | ၄ |
| | | ချောင်းဦး | ၁ |
| | | ဒီပဲယင်း | ၁ |
| | | စုစုပေါင်း | ၆ |
| ၆။ | ရခိုင်ပြည်နယ် | စစ်တွေ | ၃ |
| | | ကျောက်ဖြူ | ၂ |
| | | အမ်း | ၁ |
| | | စုစုပေါင်း | ၆ |
| ၇။ | မကွေးတိုင်းဒေသကြီး | အောင်လံ | ၁ |
| | | ကံမ | ၁ |
| | | ဆိပ်ဖြူ | ၁ |
| | | စုစုပေါင်း | ၃ |
| ၈။ | ကရင်ပြည်နယ် | လှိုင်းဘွဲ့ | ၁ |
| | | ကော့ကရိတ် | ၁ |
| | | စုစုပေါင်း | ၂ |
| ၉။ | ရှမ်းပြည်နယ် | နမ့်ခမ်း | ၁ |
| | | စုစုပေါင်း | ၁ |
| | (၁-၁၁-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၆၉၉) ဦး |

မှတ်ချက်။ (၁-၁၁-၂၀၂၀)ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၆၉၉) ဦးတွင် အနံ့မရရှိသူ (၁၃၀) ဦး ပါရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**



## ကမ္ဘောဇဘဏ်က လက်ပံတန်းမြို့သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများ ပေးပို့လှူဒါန်း

**လက်ပံတန်း နိုဝင်ဘာ ၂**

ကမ္ဘောဇဘဏ်သည် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လတ်တလော ပိုးတွေ့လူနာအများဆုံး ပြည်သူ့ဆေးရုံကြီးများသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများကို နေ့စဉ် ပေးပို့လှူဒါန်းလျက်ရှိရာ အောက်တိုဘာ ၂၈ ရက်က ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီး ခုတင် ၅၀ သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် အလှူငွေ ပေးအပ်လှူဒါန်းသည်။

အခမ်းအနားတွင် ကမ္ဘောဇဘဏ် (ကြို့ပင်ကောက်မြို့) ဘဏ်ခွဲတာဝန်ခံဒေါ်သူဇာအေးနှင့် ဝန်ထမ်းများက ပိုးတွေ့လူနာများနှင့် ၎င်းတို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးနေကြသည့် ဝန်ထမ်းများအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြု ဆေးရုံသုံးနှာခေါင်းစည်း ၂၀၀၀၀၊ ခေါင်းစွပ် ၅၀၀၊ လက်အိတ် ၃၀၀၀၊ မျက်နှာအကာ ၂၀၀၊ လက်သန့်ဆေးရည်ဘူးကြီး ၂၀၀၊ တစ်ကိုယ်ရေသုံးဝတ်စုံ ၅၀ နှင့် ဆေးရုံကြီးအတွက် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေချိန်ကာလ အထွေထွေအသုံးပြုနိုင်ရန် ငွေကျပ်သိန်း ၅၀ တို့ကို ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးရဲဝင်းနှင့် ဆရာဝန်၊ သူနာပြုများက လက်ခံယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ကမ္ဘောဇဘဏ်သည် ယခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်မှ စတင်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ငွေကျပ် ၇၈၆၀၄ သိန်း လှူဒါန်းထားပြီး ဆက်လက်၍လည်း နိုင်ငံတော်နှင့် ပြည်သူအတွက် နေရာဒေသမရွေး၊ လိုအပ်သည့်အချိန်၊ လိုအပ်သည့်နေရာ၊ လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ် ပေးပို့လှူဒါန်းရန် စီစဉ်ထားကြောင်း သိရသည်။

**ကိုကျော်**

❍ *ကျောဖုံးမှ*

အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိကာ ဆိုင်ခန်းများ ပြန်လည်ဖွင့်လှစ်ပါက ကြိုတင်သတင်းထုတ်ပြန်မည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းအတွင်း ဂိတ်ပေါက်လေးခုမှ နှစ်ခုကို အဝင်/အထွက်ထားရှိပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုနှင့်အညီ ဝင်းအတွင်းနေထိုင်သူများနှင့် ကုန်စည်တင်ဆောင်သော ယာဉ်မောင်းများကို နှာခေါင်းစည်း တပ်ဆင်ခြင်း၊ လက်ဆေးကန်များတွင် လက်ဆေးခြင်းနှင့် လက်သန့်ဆေးရည်ဖျန်းခြင်း၊ မိမိတို့ ဆိုင်ခန်းတိုင်းတွင် လက်ဆေးကန်များ ထားရှိခြင်း၊ ကျန်းမာရေးလမ်းညွှန်ချက် အသိပေးဆိုင်းဘုတ်များ ထားရှိခြင်းတို့ကို လိုက်နာရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိကာ အသံချဲ့စက်ဖြင့် ကျန်းမာရေးအသိရှိရန် လိုက်လံအသိပညာပေးခြင်းတို့ကို ကုန်စည်ပွဲရုံလုပ်ငန်းဈေးများနှင့် ကုန်စည်ပွဲရုံများ စီမံခန့်ခွဲရေးမှ ဆောင်ရွက်လျက် ဆိုင်ခန်းဖွင့်လှစ်ရောင်းချမှုကို စက်တင်ဘာ ၂၃ ရက်မှစ၍ပိတ်ခဲ့ကြောင်း အဝင်ကုန်ပစ္စည်းများကို ပို့ဆောင်ခွင့်မပြုဘဲ ဆိုင်ခန်းမှ ပစ္စည်းများကိုသာ အပြင်သို့ တင်ဆောင်ခွင့်ပြုကာ အောက်တိုဘာ ၂၄ ရက်မှစ၍ ယာဉ်အဝင်၊ အထွက်ကို စတင်စိစစ်ဆောင်ရွက်နေကြောင်း သိရသည်။

"ဝင်းထဲမှာ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုမရှိအောင် ပိတ်လိုက်တာ ကောင်းသွားပါတယ်။ ဖွင့်ထားရင်တော့ ရောဂါဆိုတာ မပြောနိုင်ပါဘူး။ ယာဉ်နဲ့ လူအဝင်၊ အထွက်ကိုတော့ အထူးကြပ်မတ်ပြီး ဆောင်ရွက်နေပါတယ်။ လုပ်ငန်းရှင်တွေနဲ့ ယာဉ်မောင်းတွေ ဝိုင်းဝန်းပူးပေါင်းဖို့လည်း လိုပါတယ်"ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီအခွန်ဌာန၊ ကုန်စည်နှင့် ပွဲရုံလုပ်ငန်းမှ ရုံးအုပ်ဦးကျော်မြင့်သိန်းက ပြောသည်။

စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်း ဝင်းအတွင်း၌ ၁၅ ပေ၊ ပေ ၄၀ ဆိုင်ခန်းပေါင်း ၁၄၃၄ ခန်း ရှိပြီး ပေ ၂၀၊ ပေ ၄၀ ဘဏ်ကိုးဘဏ်၊ မွေးမြူရေးနှင့် အစားအစာဆိုင် ၁၁ ဆိုင်ရှိ၍ လူနေထိုင်သောဆိုင်ခန်းများ၊ ဝန်ထမ်းလိုင်းခန်း၊ အလုပ်သမားနှင့်ကုန်စည်အဝင်၊ အထွက် ယာဉ်များရှိသောကြောင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ကန့်သတ်ခွင့်ပြုသည့် လုပ်ငန်းများ မှအပ ယာယီပိတ်ထားမည်ဖြစ်ကာ မြန်မာပြည်အောက်ပိုင်းတွင် အိမ်ဆောက်ပစ္စည်းနှင့် အိမ်သုံးပစ္စည်းမျိုးစုံလက်လီ၊ လက်ကားဖြန့်ရာ အဓိကနေရာဖြစ်သောကြောင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ဝင်းအတွင်း လူနှင့် ယာဉ်အဝင်၊ အထွက်ကို အထူးကြပ်မတ်ဆောင်ရွက်လျက် ရှိ၍ ဆိုင်ခန်းများ ပြန်လည်ဖွင့်လှစ်မည်ဆိုပါက ကြိုတင်သတင်းထုတ်ပြန် ကြေညာမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန၊ စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းမှ သိရသည်။

**သစ္စာ**

## ကိုဗစ်-၁၉ ကာလ သမဝါယမအသင်းသားများအား ဆန်များထောက်ပံ့

**နေပြည်တော် နိုဝင်ဘာ ၂**

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် အစိုးရဝန်ထမ်းပေါင်းစုံ ငွေစုငွေချေး သမဝါယမအသင်းမှ ကိုဗစ်- ၁၉ ကာလအတွင်း အသင်းသားများ စားဝတ်နေရေးအထောက်အကူဖြစ်စေရေးအတွက် ဆန်ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်က မြို့နယ်သမဝါယမအသင်းစုရုံး၌ ပြုလုပ်သည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် အသင်းသား ၁၄၆ ဦးအား တစ်ဦးလျှင် ပေါ်ဆန်းမွှေး(ကြားပျံ) ခြောက်ပြည် တစ်အိတ်စီ စုစုပေါင်း တန်ဖိုး ငွေကျပ် ၁၉ သိန်းခန့် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။



**သီဟစည်သူ**

# အစ္စရေးနိုင်ငံ၌ ကိုဗစ်-၁၉ ကာကွယ်ဆေး လူသားတွင် စမ်းသပ်မှုစတင်


**ဂျေရုဆလင် နိုဝင်ဘာ ၂**

အစ္စရေးနိုင်ငံတွင် လူသား၌ ကိုဗစ် -၁၉ ကာကွယ်ဆေး စမ်းသပ်မှုကို နိုဝင်ဘာ ၁ ရက်တွင် စတင်ပြုလုပ်ခဲ့ကြောင်း ဟတ်ဒါဆာနှင့် ရှီဘာ ဆေးဘက်ဆိုင်ရာစင်တာက ပြောသည်။

ရှီဘာဆေးရုံသည် အစ္စရေးနိုင်ငံအလယ်ပိုင်းတွင် တည်ရှိပြီး အသက် ၂၆ နှစ်အရွယ် စီးပွားရေးကျောင်းသူ တစ်ဦးက Brilife ကာကွယ်ဆေးကို စမ်းသပ်ခံပေးခဲ့သည်။ အဆိုပါကာကွယ်ဆေးကို အစ္စရေးနိုင်ငံ ဇီဝသုတေသန သိပ္ပံမှ ထုတ်လုပ်ထားခြင်းဖြစ်သည်။ ရှီဘာဆေးရုံသို့ နိုဝင်ဘာ ၁ ရက်တွင် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟု လာရောက်ခဲ့ပြီး ကိုဗစ် -၁၉ မှ တစ်ခုတည်းသော ထွက်ပေါက်မှာ ကာကွယ်ဆေးထုတ်လုပ်နိုင်ခြင်းပင်ဖြစ်သည်ဟု ပြောကြားခဲ့သည်။

ထို့ကြောင့် ယခုအချိန်သည် အလွန်အရေးကြီးသည့် အချိန်ဖြစ်သည်ဟု အားပေးစကားပြောကြားခဲ့သည်။ တစ်ချိန်တည်းမှာပင် အသက် ၃၄နှစ် အရွယ် စေတနာ့ဝန်ထမ်းတစ်ဦးသည် ဂျေရုဆလင်မြို့ရှိ ဟတ်ဒါဆာ ဆေးရုံအတွက် ကာကွယ်ဆေးအထိုးခံခဲ့သည်။ ယခုလအတွင်း စေတနာ့ဝန်ထမ်း ၈၀ ကျော်သည် ဆေးရုံနှစ်ရုံတွင် ကာကွယ်ဆေးအထိုးခံမည်ဖြစ်ပြီး ၎င်းတို့ထဲမှ တစ်ဝက်ကို ကာကွယ်ဆေးပေးမည်ဖြစ်ပြီး ကျန်တစ်ဝက်ကိုမူ ကာကွယ်ဆေးနှင့် အာနိသင်ချင်းတူသည့် ဆေးပေးမည်ဖြစ်သည်။

ထို့နောက် သီတင်းသုံးပတ်ကြာပြီးနောက် ကာကွယ်ဆေး တကယ်အလုပ်ဖြစ်မဖြစ် သုတေသီများက အကဲဖြတ်သွားမည်ဖြစ်သည်။ ဒုတိယအဆင့် စမ်းသပ်မှုကို ဒီဇင်ဘာလအတွင်း လုပ်ဆောင်ရန် ရည်ရွယ်ထားပြီး လုံခြုံစိတ်ချရမှုအတွက် စေတနာ့ဝန်ထမ်းပေါင်း ၉၆၀ ဖြင့် စမ်းသပ်သွားမည်ဖြစ်သည်။ နောက်ခြောက်လကြာပြီးနောက် တတိယအဆင့် စမ်းသပ်မှုကို လူပေါင်း ၃၀၀၀၀ တွင် စမ်းသပ်မှုပြုလုပ်မည်ဖြစ်သည်။ **ဆင်ဟွာ**



စေတနာ့ဝန်ထမ်းတစ်ဦးအား ကာကွယ်ဆေးထိုးပေးနေစဉ်။

# ဗြိတိန်တော်ဝင်မင်းသားဝီလျံ ဧပြီလအတွင်းက ကိုဗစ်-၁၉ ကူးစက်ခံခဲ့ရကြောင်း ဗြိတိန်မီဒီယာများပြော

**လန်ဒန် နိုဝင်ဘာ ၂**

ဗြိတိန်တော်ဝင်မင်းသား ဝီလျံ ဧပြီလအတွင်းက ကိုဗစ်-၁၉ ကူးစက်ခံခဲ့ရကြောင်း ဗြိတိန်မီဒီယာများတွင် ဖော်ပြသည်။ ကိန်းဘရစ်မြို့စား ဝီလျံသည် ဧပြီလအတွင်းက ကိုဗစ် -၁၉ ကူးစက်ခံရပြီး နန်းတော်မှ ဆရာဝန်များ၏ဆေးကုသမှုခံယူခဲ့ရကြောင်း၊ ထို့နောက် မိသားစုနေအိမ်၌ပင် ကိုဗစ် -၁၉ စည်းကမ်းများနှင့်အညီ ခွဲနေထိုင်ခဲ့ကြောင်း သည်ဆန်းသတင်းစာတွင် ဖော်ပြထားသည်။



ဗြိတိန်တော်ဝင်မင်းသား ဝီလျံ။

ကူးစက်ခံရစဉ်အတွင်း အသက်ရှူအလွန်ခက်ခဲခဲ့ရာ အနီးအနားရှိလူများ ထိတ်လန့်ခဲ့ရသည်ဟု ဖော်ပြထားသည်။ သို့သော်လည်း ဧပြီလအတွင်း ဝီလျံသည် တယ်လီဖုန်းနှင့် ဗီဒီယိုခေါ်ဆိုမှု ၁၄ ကြိမ် လုပ်ဆောင်ခဲ့သည်။ ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများနှင့် အခြားသောဝန်ထမ်းများ၏ ကလေးများနှင့် အင်တာနက်မှ တွေ့ဆုံမှု ပြုလုပ်ခဲ့သည်။

မင်းသားဝီလျံသည် ၎င်းကူးစက်ခံထားရကြောင်းပြည်သူကိုအသိမပေးလိုဘဲ ၎င်းအတွက် ပြည်သူများ စိတ်ပူမှုမဖြစ်စေလို ဟု သည်ဆန်းတွင် ဖော်ပြထားသည်။ ၎င်း၏ဖခင်ဖြစ်သူ မင်းသားချားလ်နှင့် ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်တို့တွင် မတ်လနှောင်းပိုင်းက ကိုဗစ် -၁၉ ကူးစက်ခံရကြောင်း အတည်ပြုခဲ့ကြသည်။

ဗြိတိန်နိုင်ငံတွင် ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူအရေအတွက်မှာ ၄၆၀၀၀ အထိ ရှိလာပြီဖြစ်သည်။

ကိုဗစ်- ၁၉ ကြောင့် သေဆုံးမှုနှုန်းမှာလည်း ပြီးခဲ့သည့်အကြိမ်နှင့် နှိုင်းယှဉ်လျှင် ယခုလာမည့် ဆောင်းတွင်းကာလ၌ နှစ်ဆ ရှိလာနိုင်သည်ဟု ဗြိတိန်ဝန်ကြီးချုပ်က သတိပေးထားသည်။ နိုဝင်ဘာ ၅ ရက်မှ စတင်ကာ အင်္ဂလန်တစ်လွှားတွင် တင်းကျပ်သည့် ပိတ်ဆို့ကန့်သတ်မှုများ ပြုလုပ်မည်ဟု ဘောရစ်ဂျွန်ဆင်က ကြေညာခဲ့သည်။ အဆိုပါ ကန့်သတ်မှုအောက်တွင် စားသောက်ဆိုင်များ၊ အားကစားခန်းမများ၊ အရေးမကြီးသည့် ဈေးဆိုင်များနှင့် ဘာသာရေးအဆောက်အအုံများကို ပိတ်ထားရမည်ဖြစ်သည်။ နိုဝင်ဘာ ၁ ရက်တွင် ဗြိတိန်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၂၃၂၅၄ ဦး ထပ်မံ တွေ့ရှိခဲ့ရသည်။

**အင်န်အိတ်ချ်ကေ**

# အကျပ်အတည်းကာလအတွင်း လေကြောင်းလိုင်းမှ ကုန်တင်လေယာဉ်အဖြစ်သို့ပြောင်းလဲလာ

**တိုကျို နိုဝင်ဘာ ၂**

ကိုဗစ် -၁၉ ကြောင့် လေကြောင်းလိုင်းလုပ်ငန်းတွင် ထိခိုက်မှုရှိလာပြီး လေယာဉ်ဖြင့် ကုန်စည်ပို့ဆောင်မှုမှာအခက်အခဲကြားမှ ထွက်ပေါက်တစ်ခုဖြစ်လာခဲ့သည်။ ဂျပန်နိုင်ငံရှိ ANA Holdings လေကြောင်းလိုင်းသည် ခရီးသည်တင်လေယာဉ်အစား ကုန်စည်ပစ္စည်းများကို စတင် တင်ဆောင်လာသည်။

အောက်တိုဘာ ၁ ရက်တွင် အဆိုပါအုပ်စုရှိ လေယာဉ်သည် ၅၀၀ ကီလိုဂရမ်ရှိ လတ်ဆတ်သော အစားအသောက်နှင့် အခြားသောပစ္စည်းများကို ဖူကူအိုကာမှ နာဟာသို့ စတင်တင်ဆောင်လာသည်။ ကိုဗစ် -၁၉ ကြောင့် ရှေးရိုးစဉ်လာအတိုင်း ကုန်စည်ပို့ဆောင်မှုစနစ်တွင် ဝန်ပိလာသည့်အချိန် ရောဂါအခြေအနေကြောင့် ခရီးသည်တင်ဆောင်သည့်လုပ်ငန်း ကျဆင်းနေသည့်အခိုက်အတန့်တွင် ယခုလို လေယာဉ်ဖြင့် ကုန်ပစ္စည်းတင်ဆောင်မှု ဖြစ်ပေါ်လာခြင်းဖြစ်သည်။

တိုကျိုမြို့အနီးတစ်ဝိုက်တွင် အပြည်ပြည်ဆိုင်ရာလေယာဉ်များဖြင့် ကုန်စည်တင်ဆောင်မှုများကိုလည်း ဒီဇင်ဘာလမှစတင်ကာလုပ်ဆောင်သွားမည်ဟု ကုမ္ပဏီဘက်မှ ပြောသည်။

**အင်န်အိတ်ချ်ကေ**




# တူရကီ၌ အင်အားပြင်းငလျင် လှုပ်ခဲ့ပြီးနောက် သေဆုံးသူ ၈၁ ဦးအထိ ရှိလာ

**အင်ကာရာ နိုဝင်ဘာ ၂**

အင်အားပြင်းငလျင်တစ်ခု အောက်တိုဘာ ၃၁ ရက်က အေဂျင်ပင်လယ်ထဲတွင် လှုပ်သွားခဲ့ပြီးနောက် သေဆုံးသူအရေအတွက် ၈၁ ဦးအထိရှိလာကြောင်း တူရကီနှင့် ဂရိအာဏာပိုင်များက ပြောကြားခဲ့သည်။

ပြင်းအား ၇ဒသမ ၀ ရစ်ချ်တာစကေးရှိသည့် ငလျင်နှင့် ဆူနာမီ ဖြစ်ပွားခဲ့မှုကြောင့် တူရကီနိုင်ငံတွင် ၇၉ ဦးသေဆုံးပြီး ထိခိုက်ဒဏ်ရာရသူ ၉၆၂ဦး ရှိကြောင်း တူရကီအာဏာပိုင်များက ပြောကြားခဲ့သည်။ ဂရိနိုင်ငံတွင် နှစ်ဦးသေဆုံးပြီး ၁၉ ဦးဒဏ်ရာရရှိခဲ့ကြောင်း အာဏာပိုင်များက ပြောသည်။

ငလျင်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အဆောက်အအုံ၏ အပျက်အစီးများအောက်တွင် ပိတ်မိနေသူများကို ကယ်ဆယ်ရေးအဖွဲ့ဝင်များက ဆက်လက်ရှာဖွေလျက်ရှိကြောင်း သိရသည်။ ငလျင်ကြောင့် သဘော်ာ ၂၂ စင်း နစ်မြုပ်ခဲ့ကာ ၄၃ စင်းမှာ သောင်တင်လျက်ရှိကြောင်း တူရကီအစိုးရက နိုဝင်ဘာ ၁ ရက်တွင် ပြောကြားခဲ့သည်။

တူရကီနိုင်ငံအနောက်ပိုင်း အစ်ဇမာပြည်နယ်တွင် လူတစ်ဦး ရေနစ်ခဲ့ပြီး ကမ်းခြေမြို့တစ်မြို့ဖြစ်သည့် ဆီဖာရီဟီဆာရှိ ဒေသခံများမှာ ၎င်းတို့၏နေအိမ်များနှင့်ဆိုင်များတွင် ရွှံ့နွံများကို ဖယ်ရှားရှင်းလင်းခဲ့ရကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တက်ဒရော့စ် အက်ဒဟာနွမ် ဂီဘရီယက်ဆုစ် ကန့်သတ်စောင့်ကြည့်မှုခံယူရမည်

**ဂျီနီဗာ နိုဝင်ဘာ ၂**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တက်ဒရော့စ် အက်ဒဟာနွမ် ဂီဘရီယက်ဆုစ်သည် ကိုဗစ်-၁၉ ကူးစက်ခံထားရသူတစ်ဦးနှင့် အနီးကပ်ထိတွေ့ဆက်ဆံမှုရှိခဲ့ပြီးနောက် တစ်ကိုယ်ရေသီးခြားနေထိုင်ကာ ကန့်သတ်စောင့်ကြည့်မှုခံယူမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

### ကန့်သတ်စောင့်ကြည့်မှုခံယူမည်

ရောဂါပိုးကူးစက်ခံထားရသည့် အတည်ပြုလူနာတစ်ဦးနှင့် ထိတွေ့မှုရှိခဲ့ကြောင်း သိရှိခဲ့ပြီးနောက် လာမည့်ရက်များတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ချမှတ်ထားသည့် လုပ်ထုံးလုပ်နည်း၊ စည်းကမ်းချက်များနှင့်အညီ ကန့်သတ်စောင့်ကြည့်မှုခံယူမည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲဖြစ်သူ တက်ဒရော့စ်က နိုဝင်ဘာ ၁ ရက်တွင် တွစ်တာပေါ်၌ ရေးသားဖော်ပြခဲ့သည်။

### တိကျစွာ လိုက်နာရန် အရေးကြီး

လက်ရှိတွင် ၎င်းအနေဖြင့် ကျန်းမာရေးကောင်းမွန်လျက်ရှိပြီး ရောဂါလက္ခဏာမပြသေးကြောင်း သိရသည်။ ကန့်သတ်စောင့်ကြည့်မှုဖြင့် နေထိုင်ကာ လုပ်ငန်းတာဝန်များကိုလည်း နေအိမ်မှနေ၍ ထမ်းဆောင်မည်ဖြစ်ကြောင်း သိရသည်။ ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များကို လူတိုင်းက တိကျစွာ လိုက်နာရန် အရေးကြီးကြောင်း တက်ဒရော့စ်က တွစ်တာပေါ်၌ ရေးသားခဲ့သည်။

ကျန်းမာရေးဆိုင်ရာ အားနည်းသူများနှင့် ရောဂါအခံရှိသူများကို ကာကွယ်ရန်နှင့် အခြားသူများ၏ အသက်ကိုကယ်တင်ရန် မိမိနှင့်လုပ်ဖော်ကိုင်ဖက်များက တစ်ကိုယ်ရေသီးခြားနေထိုင်ရင်းလုပ်ငန်းကိစ္စများ ဆွေးနွေးကြမည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။



ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ။

**အင်န်အိတ်ချ်ကေ**

# အရှိန်ကောင်းကောင်းနှင့် ရှေ့ဆက်နေသော အမေရိကန်ရွေးကောက်ပွဲလှုပ်ရှားမှု အဆုံးသတ်ခါနီးတွင် ဘိုင်ဒင်က ထရမ့်ကို ဦးဆောင်လျက်ရှိ

**ဝါရှင်တန် နိုဝင်ဘာ ၂**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဒီမိုကရက်တစ် စိန်ခေါ်သူ ဂျိုးဘိုင်ဒင်တို့သည် ရွေးကောက်ပွဲရက်နီးလာသည်နှင့်တစ်ပြိုင်နက် ရွေးကောက်ပွဲစစ်မြေပြင်တွင် အပြိုင်အဆိုင်မဲဆွယ်စည်းရုံးမှုများ ဆက်လက်လုပ်ဆောင်လျက်ရှိရာ ဘိုင်ဒင်က ထရမ့်ကို ဦးဆောင်လျက်ရှိကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် နိုဝင်ဘာ ၂ ရက်က ဖော်ပြခဲ့သည်။

မဲပေးသည့်နေ့ပြီးနောက် မဲပေးသော ရက်စွဲနှင့် စာအိတ်ဖြင့် မဲပေးလာသည့်စနစ်ကို လက်ခံရန် တချို့ပြည်နယ်များ၏ အစီအစဉ်ကို လက်ခံရန် ထရမ့်က ထုတ်ဖော်ပြောကြားခဲ့သည်။

သမ္မတထရမ့်က နိုဝင်ဘာ ၃ ရက်တွင် ရွေးကောက်ပွဲရလဒ်များကို သိသင့်ကြောင်း၊ နိုင်ငံအတွင်း မည်သည့်အခြေအနေများ ဖြစ်နေသလဲဟု ပြောကြားလိုက်သည်။

သမ္မတထရမ့်က နိုဝင်ဘာ ၃ ရက်သည် မဲပေးသည့်နောက်ဆုံးရက်ဖြစ်သင့်ကြောင်း ပြောကြားလိုက်ပြီးနောက် ဘိုင်ဒင် မဲဆွယ်စည်းရုံးရေးအဖွဲ့က စာအိတ်ဖြင့် မဲပေးသည့်နောက်ဆုံးရက်ကို သက်တမ်းတိုးရန် တောင်းဆိုလိုက်သည်။

သမ္မတထရမ့်နှင့် နီးစပ်သော သတင်းရင်းမြစ်များကို ကိုးကားပြီး အမေရိကန် သတင်းဝက်ဘ်ဆိုက်ဖြစ်သော အေဇီးယက်စ်က အမေရိကန်သမ္မတထရမ့်က အင်္ဂါနေ့ညတွင် ရွေးကောက်ပွဲ အောင်နိုင်သူအဖြစ် ကြေညာရန် ယုံကြည်ချက်ရှိကြောင်း ဖော်ပြထားသည်။

သို့သော်လည်း အမေရိကန်သမ္မတ ထရမ့်က ရွေးကောက်ပွဲ အောင်နိုင်သူအဖြစ် ကြိုတင်ကြေညာမည် မဟုတ်ကြောင်း သတင်းထောက်များကို ပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် ဒီမိုကရက်တစ်ပြိုင်ဘက် ဂျိုးဘိုင်ဒင်။

# အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်သူ ရှစ်သန်းကျော်လာပြီ

**နယူးဒေလီ နိုဝင်ဘာ ၂**

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီက ကိုဗစ်-၁၉ ရောဂါ ကူးစက်သူ ၄၅၂၃၁ ဦး ရှိလာမှုနှင့်အတူ နိုင်ငံအတွင်း စုစုပေါင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်သူ ၈၂၂၉၃၁၃ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်လိုက်သော သတင်းအချက်အလက်များအရ သိရသည်။

တနင်္ဂနွေနေ့အထိ သေဆုံးသူ ၄၉၆ ဦး ရှိလာမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း ၁၂၂၆၀၇ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေသူ ၅၆၁၉၀၈ ဦးရှိကြောင်း သိရပြီး ၇၅၄၄၇၉၈ ဦးကို အောင်မြင်စွာ ဆေးကုသမှုပေးခဲ့ပြီး ဆေးရုံမှ ဆင်းခွင့်ပြုလိုက်သည်။

အိန္ဒိယအစိုးရသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ စစ်ဆေးမှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

တနင်္ဂနွေနေ့အထိ ကိုဗစ်-၁၉ ရောဂါ စစ်ဆေးမှုပေါင်း ၁၁၀၇၄၃၁၀၃ ဦး စစ်ဆေးခဲ့ပြီး ၎င်းတို့အနက် ၈၅၅၈၀၀ ကို တနင်္ဂနွေနေ့တစ်ရက်တည်း စစ်ဆေးပေးခဲ့သည်။

လွန်ခဲ့သော ရက်အနည်းငယ်က မြို့တော်ဒေလီတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုဖြစ်စဉ်များ တိုးလာခဲ့သည်။ ဒေလီအစိုးရသည် ပွဲတော်ရာသီတွင် ကိုဗစ်-၁၉ ရောဂါကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် နောက်ထပ် ခုတင် ၅၀၀၀ ထပ်မံတိုးချဲ့စီစဉ်ထားသည်။

မြို့တော်ဒေလီတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုအပေါ် စိုးရိမ်သည့်အတွက် ပြည်ထဲရေးဝန်ကြီးသည် ဒေလီကျန်းမာရေးအာဏာပိုင်များနှင့်အတူ အစည်းအဝေးတစ်ရပ် ကျင်းပခဲ့သည်။ **ဆင်ဟွာ**



အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ စစ်ဆေးမှု တစ်ခုပြုလုပ်နေသည်ကို တွေ့ရစဉ်။

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို မျောက်များတွင် စမ်းသပ်

**ဟနွိုင်း နိုဝင်ဘာ ၂**

ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးစမ်းသပ်မှုများကို မျောက်များတွင် စတင်နေပြီဖြစ်ကြောင်း ကာကွယ်ဆေးနှင့် ဇီဝဗေဒဆိုင်ရာ ထုတ်လုပ်မှုကုမ္ပဏီ (ဗာဘီယိုတက်)၏ ထုတ်ပြန်ဖော်ပြမှုအရ သိရသည်။

ယင်းကုမ္ပဏီသည် အဆိုပါစမ်းသပ်မှုကို အောက်တိုဘာလနှောင်းပိုင်းက မျောက်ဖင်နီ ၁၂ ကောင်တွင်စမ်းသပ်ခဲ့ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက တနင်္လာနေ့တွင် ဖော်ပြလိုက်သည်။

မျောက်များ၏ စမ်းသပ်မှုရလဒ်အဖြေသည် နောက်တစ်ဆင့် ကာကွယ်ဆေးကို လူများတွင် စမ်းသပ်ရန်အတွက် အခြေခံကောင်း ဖြစ်လိမ့်မည်ဖြစ်ကြောင်း အဆိုပါအေဂျင်စီက ဆက်လက်ဖော်ပြထားသည်။ အဆိုပါစမ်းသပ်မှုများကို ကွမ်နင်ပြည်နယ်မြောက်ပိုင်း ကမ်းလွန်ရှိ ကျွန်းတစ်ကျွန်းတွင် ပြုလုပ်ခဲ့သည်။

မျောက်များကို စမ်းသပ်ရာတွင် အလေးချိန် ၃ ကီလိုဂရမ်နှင့်အထက် အသက် သုံးနှစ်နှင့် ငါးနှစ်ကြားမျောက်များတွင် အုပ်စုနှစ်စုခွဲ၍ စမ်းသပ်ခြင်းဖြစ်ကြောင်း အဆိုပါသတင်းအေဂျင်စီတွင် ဆက်လက်ဖော်ပြလိုက်သည်။ သွေးနမူနာများကို နောက်ထပ်စမ်းသပ်မှုလုပ်ရန် မယူခင် ကာကွယ်ဆေးထိုးနှံပြီးနောက် မျောက်များကို သုံးလစောင့်ကြည့်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစမ်းသပ်မှုမျိုးကို နောက်ပိုင်းတွင် လူများ၌ ပြုလုပ်သွားမည်ဖြစ်သည်။ မျောက်များတွင် ကာကွယ်ဆေးကို နှစ်ကြိမ်ထိုးနှံပေးမည်ဖြစ်သည်။ ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံပေးပြီးနောက် သုတေသီများက မျောက်များ၏ ခံနိုင်ရည်တုံ့ပြန်စနစ်ကို ကာကွယ်ဆေးထိုးနှံပေးထားသော အုပ်စုနှင့် ကာကွယ်ဆေးမထိုးနှံထားသော အုပ်စုနှစ်စုကြား လေ့လာစောင့်ကြည့်သွားမည်ဖြစ်သည်။

**ဆင်ဟွာ**

# အရှေ့အလယ်ပိုင်းနိုင်ငံများ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု တိုးလာချိန်တွင် လက်ဘနွန်နှင့် ဂါဇာကမ်းမြောင်ဒေသတို့တွင် အသွားအလာကန့်သတ်ထိန်းချုပ်မှုများ ဆောင်ရွက်

**ကိုင်ရို နိုဝင်ဘာ ၂**

အီရန်နိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်မှုဖြင့် သေဆုံးသူ ၄၃၄ ဦး ရှိလာပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သေဆုံးသူ စုစုပေါင်း ၃၅၂၉၈ ဦးအထိ ရှိလာချိန်တွင် လက်ဘနွန်နှင့် ဟားမားစ်အုပ်ချုပ်ရာ ဂါဇာကမ်းမြောင်ဒေသတို့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို တားဆီးထိန်းချုပ်ရန် အသွားအလာထိန်းချုပ်ကန့်သတ်မှုများ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

အီရန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ဖြစ်ပွားသူ ၇၇၁၉ ဦးရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၆၂၀၄၉၁ ဦးရှိကြောင်း ကျန်းမာရေးဌာနက ဖော်ပြလိုက်သည်။

အီရန်နိုင်ငံရှိ ပြည်နယ်ပေါင်း ၃၁ ခုအနက် ၂၇ ခုတွင် အနီရောင်အဆင့် သတိပေးမှုများ ထုတ်ပြန်ဖော်ပြထားပြီး တခြား ပြည်နယ်လေးခုအတွက် အဝါရောင်အဆင့် သတိပေးချက်ထုတ်ပြန် ဖော်ပြထားသည်။

**အီရတ်**

အီရတ်နိုင်ငံတွင်လည်း လွန်ခဲ့သော ၂၄ နာရီက ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားသူ ၂၆၅၈ ဦးရှိကြောင်း ဖော်ပြမှုနှင့်အတူ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ စုစုပေါင်း ၄၇၅၂၈၈ ဦးရှိကြောင်း အီရတ်ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြလိုက်သည်။



ဂါဇာကမ်းမြောင်ဒေသတွင် ကိုရိုနာဗိုင်းရပ်စ်စစ်ဆေးရန် ကျန်းမာရေးဝန်ထမ်းတစ်ဦးက တို့ဖတ်နမူနာရယူနေစဉ်။

အီရတ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် ထပ်မံသေဆုံးသူ ၅၆ ဦးရှိလာမှုနှင့်အတူ စုစုပေါင်း သေဆုံးသူ ၁၀၉၆၆ ဦးရှိလာပြီး ၃၁၂၇ ဦး ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကောင်းမွန်လာပြီး စုစုပေါင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကောင်းမွန်လာသူ ၄၀၂၇၈၂ ဦး ရှိလာသည်။

**မော်ရိုကို**

မော်ရိုကိုတွင်လည်း ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၄၆၀ ရှိလာပြီးနောက် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသူ စုစုပေါင်း ၂၂၂၅၄၄ ဦးရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ဖော်ပြလိုက်သည်။ မော်ရိုကိုတွင် ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၆၇ ဦး ရှိလာခဲ့ပြီး စုစုပေါင်း အတည်ပြုသေဆုံးသူ ၃၇၆၂ ဦး ရှိလာသည်။

**ကူဝိတ်**

ကူဝိတ်တွင်လည်း ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ဖြစ်ပွားသူ ၆၀၈ ဦးရှိလာပြီး စုစုပေါင်း ကူးစက်သူ ၁၂၆၅၃၄ ဦးရှိလာခဲ့သည်။ နောက်ထပ်သေဆုံးသူ သုံးဦးနှင့် အတူ စုစုပေါင်း သေဆုံးသူ ၇၈၂ ဦး ရောက်ရှိလာသည်။

**လက်ဘနွန်**

လက်ဘနွန်နိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာနက သက်ဆိုင်ရာအာဏာပိုင်များကို တစ်နိုင်ငံလုံးတွင် အသွားအလာကန့်သတ်ပိတ်ဆို့မှုများ ပြုလုပ်ရန် တိုက်တွန်းပြောကြားလိုက်သည်။ လက်ဘနွန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်သူပေါင်း ၈၀၀၀၀ ရှိလာပြီး သေဆုံးသူပေါင်း ၆၀၀ ကျော်ရှိလာသည်။

**ကာတာ**

ကာတာနိုင်ငံတွင်လည်း ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်သူ ၁၆၄ ဦးရှိလာပြီး စုစုပေါင်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသူ ၁၃၂၇၂၀ ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန် ဖော်ပြလိုက်သည်။

**ဂါဇာကမ်းမြောင်ဒေသ**

ဂါဇာကမ်းမြောင်ဒေသတွင်လည်း ကျန်းမာရေးဝန်ကြီးဌာနက သက်ဆိုင်ရာ အာဏာပိုင်များကို အသွားအလာကန့်သတ်ပိတ်ဆို့ရန် တိုက်တွန်းပြောကြားထားသည်။

**ဆင်ဟွာ**

# ဥရောပဆေးရုံတွေရဲ့ လုပ်နိုင်စွမ်းအားကို တစ်ကျော့ပြန် စိန်ခေါ်လာပြီဖြစ်တဲ့ ကိုဗစ် -၁၉ ကူးစက်မှု

ခြူးစန္ဒီနွေး

ဥရောပနိုင်ငံတွေမှာ ကိုဗစ် – ၁၉ ကူးစက်မှု တိုးလာမှုနဲ့အတူ ဆေးရုံတွေမှာလည်း ဘယ်အချိန်မှာ ဝန်ဆောင်မှုပေးနိုင်တဲ့ ပမာဏထက် ကျော်လွန်ပြီး လူနာတွေနဲ့ ပြည့်နှက်လာမလဲဆိုတာ စိုးရိမ်ရတဲ့ အခြေအနေဖြစ်လာပါတယ်။

### ဆေးရုံများ၏ခံနိုင်ဝန်

ဂျာမနီနိုင်ငံက ဆေးရုံတွေမှာ လူနာတွေကို မထားနိုင်တော့တဲ့အထိ အခက်ကြုံလာမယ့်အချိန်ဟာ ဒီဇင်ဘာလလောက်မှာ ဖြစ်လာနိုင်တယ်လို့ ခန့်မှန်းထားကြပါတယ်။ ပြင်သစ်နိုင်ငံနဲ့ ဆွစ်ဇာလန်နိုင်ငံတို့မှာတော့ နိုဝင်ဘာလလယ်လောက်မှာ အဲဒီလို ဆိုးရွားတဲ့အခြေအနေမျိုးနဲ့ ရင်ဆိုင်တွေ့ကြုံရဖွယ်ရှိပြီး ဘယ်လ်ဂျီယံနိုင်ငံကတော့ အခုသီတင်းပတ် အကုန်ဆိုရင်ပဲ ဆေးရုံတွေမှာထားနိုင်တဲ့ အနေအထားထက်ပိုပြီး ကျော်လွန်လာမယ်လို့ ခန့်မှန်းထားကြပါတယ်။ အခုဆိုရင် ဥရောပမှာ ကိုဗစ် –၁၉ ဒုတိယအကျော့နဲ့ ရင်ဆိုင်နေရပြီး ဆေးဘက်ဆိုင်ရာ အကျပ်အတည်းနဲ့ ရင်ဆိုင်ရတော့မယ့် အနေအထား ရှိနေပါတယ်။

### အထူးကြပ်မတ်ကုသဆောင်တွေ တိုးချဲ့ထား

အထူးကြပ်မတ် ကုသဆောင်တွေမှာ လူနာတွေနဲ့ ပြည့်နှက်နေပြီး နောက်ထပ်ထားစရာနေရာ မရှိတော့အောင် ပြည့်နှက်လာပါတယ်။ ဆေးရုံတွေတိုးချဲ့ဖို့ အရင်းအနှီးကြီးကြီးနဲ့ လုပ်ဆောင်ခဲ့တာတောင်မှ ဆေးရုံတွေမှာ လူနာအင်အား ပိုမိုများပြားလာပါတယ်။ ဂျာမနီနိုင်ငံဆိုတာ ဥရောပမှာ အကောင်းဆုံးသော အရင်းအမြစ်တွေရှိတဲ့ နိုင်ငံဖြစ်ပြီး ပြီးခဲ့တဲ့နွေရာသီမှာ အထူးကြပ်မတ်လူနာဆောင်ကို တိုးချဲ့ခဲ့တာတောင်မှ အခုအနေအထားအတိုင်းဆို မလွယ်လှပါဘူး။ ဘယ်လ်ဂျီယံနိုင်ငံမှာလည်း အထူးကြပ်မတ်ခန်းမှ လူနာခုတင်ကို နှစ်ဆတိုးမြှင့်ခဲ့တာတောင် အခုဆိုရင် ဘယ်လူနာကိုတော့ ဆေးရုံ ခုတင်ပေးသင့်တယ်၊ မပေးသင့်ဘူးဆိုတာ ဆုံးဖြတ်ရတဲ့အနေအထားအတွက် ကြိုတင်ပြင်ဆင်နေရပါပြီ။

### အသည်းအသန်လုံးပန်းခဲ့ရ

ဥရောပမှာ အသွားအလာကန့်သတ်မှုတွေ ဖြေလျှော့ပြီးတဲ့နောက် ကူးစက်မှုတွေ ပြန်လည်တိုးလာတဲ့ ဇူလိုင်လမှာဆိုရင် ကိုဗစ် –၁၉နဲ့ပတ်သက်လို့ သတိပေးမှုတွေ နေရာအနှံ့မှာတွေ့မြင်နေရပါတယ်။ မတ်လနဲ့ ဧပြီလတို့မှာ လူနာတွေရဲ့အသက်ကို ကယ်တင်ဖို့ အသည်းအသန်လုံးပန်းပြီးရတဲ့နောက် အားလပ်ရက်ရတဲ့အခါ စပိန် နိုင်ငံက အရေးပေါ်ဌာနက ဆရာဝန်တွေ ပျော်ရွှင်ရပါတယ်။ အီတလီက သူနာပြုတွေဆိုလည်း ကမ်းခြေကို အပန်းဖြေထွက်ကြပါတယ်။ အဲဒီနောက်မှာတော့ ဥရောပ ခေါင်းဆောင်တွေဟာ စည်းကမ်းတွေ ပြန်လည်တင်းကျပ်ဖို့ စီမံခဲ့ပြီး ကိုဗစ်–၁၉ အလွန်ကာလတွေမှာ ဘယ်လိုမျိုး ရင်ဆိုင်ကြမလဲဆိုတာကို ဆွေးနွေးဖို့ ဩဂုတ်လကုန်ပိုင်းမှာ စုဝေးခဲ့ကြပါတယ်။



ဘာလင်မြို့ဆေးရုံတွင် ကိုဗစ်–၁၉လူနာအား ကုသမှုပေးနေသည်ကိုတွေ့ရစဉ်။

### ကြောက်ခမန်းလိလိ ကူးစက်မှု

ကိုဗစ်–၁၉ ကူးစက်ပြန့်ပွားမှုနှုန်းဟာ တကယ့်ကို ကြောက်ခမန်းလိလိပါပဲ။ လူနှစ်ယောက် ရောဂါကူးခံရတဲ့အခါ အဲဒီလူနှစ်ယောက်ကနေ နောက်ထပ် လေးယောက်ကို ကူးတယ်။ နောက် လေးယောက်ကနေ ရှစ်ယောက်ကိုထပ်ကူးတယ်။ လူဦးရေထောင်နဲ့သောင်းနဲ့ချီပြီး ကူးစက်ခံရဖို့ဆိုတာ အချိန်အများကြီး ယူစရာမလိုပါဘူး။ အခုဆိုရင် ဥရောပမှာ ကူးစက်မှု တိုးတာမျိုးနဲ့ ကြုံတွေ့နေရပါပြီ။ ပြီးခဲ့တဲ့သီတင်းပတ်အတွင်း ဥရောပတစ်တိုက်လုံးမှာ ကိုဗစ်– ၁၉ ကူးစက်ခံရသူအရေအတွက်ဟာ ၁ ဒသမ ၅ သန်းကျော် ရှိခဲ့ပါတယ်။ ကူးစက်ရောဂါကာလအတွင်းမှာ ဒါဟာ အမြင့်ဆုံးပမာဏပါပဲလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ ဥရောပဆိုင်ရာညွှန်ကြားရေးမှူး ဟာန်းစ် ကလူဂါက ပြောပါတယ်။ သေဆုံးမှုနှုန်းဟာလည်း တစ်ပတ်အတွင်း သုံးပုံ တစ်ပုံ တိုးလာပါတယ်။ ၁၇ ရက် အတွင်းမှာ အထူးကြပ်မတ်ကုသဆောင်တွေမှာလူနာအင်အား နှစ်ဆဖြစ်လာတယ်။

### ဗဟိုချက်မ နောက်တစ်ကြိမ်ဖြစ်လာ

ဥရောပဟာ ကူးစက်မှုရဲ့ ဗဟိုချက်မနေရာ နောက်တစ်ကြိမ် ဖြစ်လာပြန်ပါပြီလို့ သူက ဆက်ပြောပါတယ်။ ပြီးခဲ့တဲ့သီတင်းပတ်အတွင်း ပြင်သစ်နိုင်ငံတွင် အထူးကြပ်မတ်ကုသဆောင်မှာ တစ်ဝက်က လူနာတွေနဲ့ပြည့်နေပါပြီ။ အခုဆိုရင် သုံးပုံ နှစ်ပုံ ပြည့်နေပြီ။ အထူးကြပ်မတ်ဆောင်မှာ လူနာအရေအတွက် ၃၁၀၀ ရှိနေပါပြီ။ အဲဒီနောက်မှာတော့ ပြင်သစ်သမ္မတက တစ်နိုင်ငံလုံးအနှံ့ အသွားအလာ ပိတ်ဆို့ကန့်သတ်မှုကို ကြေညာခဲ့ပါတယ်။

### ပြင်သစ်နိုင်ငံမှဆေးရုံများ၏ အကျပ်အတည်း

ဒီပုံစံအတိုင်းသာ ဆက်သွားမယ်ဆိုရင် နိုဝင်ဘာလလယ်ရောက်တဲ့အခါ ပြင်သစ်နိုင်ငံရဲ့ အထူးကြပ်မတ်ကုသဆောင်မှာ လူနာ ၉၀၀၀ နီးပါးရှိမှာဖြစ်ပြီး ဒါဟာ ပြင်သစ်ဆေးရုံတွေရဲ့ လက်ခံပေးနိုင်မှုပမာဏ အကုန်နီးပါးဖြစ်လာလိမ့်မယ်လို့ သတိပေးခဲ့ပါတယ်။ ကိုဗစ် –၁၉ ကို ဆက်လက်ထိန်းချုပ်ဖို့ မတတ်နိုင်တော့ဘူးဆိုပြီး ဂျာမနီနဲ့ ပြင်သစ်တို့ဟာ တစ်နိုင်ငံလုံးအနှံ့ အသွားအလာပိတ်ဆို့ကန့်သတ်မှုတွေ ထပ်မံချမှတ်ခဲ့ပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုအပိုင်းမှာ ခက်ခဲတဲ့ သီတင်းပတ်တွေကို ကျော်ဖြတ်ရဖို့ရှိတယ်လို့ သိပ္ပံကောင်စီမှ အကြီးအကဲဖြစ်သူ ဖရန်ဆွာ ဒီဖရေစီက ကပ်ရောဂါနဲ့ပတ်သက်ပြီး အစိုးရအဖွဲ့ကို အကြံပြုပြောကြားထားပါတယ်။

### ကူးစက်မှု အလွန်မြန်

ဂျာမနီမှာဆိုရင်လည်း ကိုဗစ်–၁၉ ရဲ့ ကူးစက်မှုမြန်ပုံနဲ့ပတ်သက်ပြီး ပြည်သူတွေကို အကြိမ်ကြိမ်အခါခါ သတိပေးဖို့ ဂျာမနီဝန်ကြီးချုပ်က ကြိုးပမ်းခဲ့ပါတယ်။ ဇွန်လနဲ့ ဇူလိုင်လကုန်ပိုင်းတို့မှာဆိုရင် တစ်နေ့အတွင်း ကူးစက်ခံရသူ အရေအတွက်ဟာ ၃၀၀ နီးပါး ရှိပါတယ်။ စက်တင်ဘာလကုန်ပိုင်းကို ရောက်တဲ့အခါမှာတော့ တစ်နေ့မှာ ကူးစက်ခံရသူအရေအတွက်ဟာ ၂၄၀၀ ရှိလာပါတယ်။ ဇူလိုင်၊ ဩဂုတ်နဲ့ စက်တင်ဘာလတို့ကို ကြည့်မယ်ဆိုရင် ကူးစက်မှုနှုန်းဟာ သုံးဆရှိတယ်ဆိုတာကို တွေ့မြင်နိုင်ပါတယ်။ ဒီပုံစံအတိုင်းသာဆက်သွားမယ်ဆိုရင် ဒီဇင်ဘာလကုန်တဲ့အခါ တစ်နေ့ကူးစက်မှုနှုန်းဟာ ၁၉၂၀၀ အထိရှိလာလိမ့်မယ်လို့ ဂျာမနီဝန်ကြီးချုပ်က သတိပေးထားပါတယ်။ အခုအခါမှာတော့ ဒီသီတင်းပတ်အတွင်းမှာ ဆေးရုံတွေမှာ လူနာတွေနဲ့ ပြည့်နှက်နေလိမ့်မယ်လို့ အင်ဂျလာ မာကယ်က သတိပေးခဲ့ပါတယ်။ အထူး ကြပ်မတ် ကုသဆောင်တွေမှာ လူနာတွေနဲ့ ပြည့်နေတဲ့အထိ စောင့်ဆိုင်းမယ်ဆိုရင် ကိုင်တွယ်ဖြေရှင်းဖို့ဆိုတာ အချိန် အလွန် နောက်ကျသွားပြီလို့ သူက ဆက်ပြောပါတယ်။ အဲဒီနောက်မှာတော့ ဂျာမနီနိုင်ငံအတွင်း အသွားအလာ ပိတ်ဆို့ကန့်သတ်မှုတွေ ပြုလုပ်လို့ ကြေညာခဲ့ပါတယ်။

### ဘယ်လ်ဂျီယံနှင့် နယ်သာလန်တို့၏ အခက်အခဲ

ဘယ်လ်ဂျီယံနိုင်ငံနဲ့ နယ်သာလန်တို့မှာတော့ ဝန်ထမ်းအင်အား ပြတ်တောက်မှုနဲ့ ရင်ဆိုင်နေရပါတယ်။ ဒါကြောင့် ဆရာဝန်နဲ့သူနာပြု တွေမှာ ကိုဗစ် –၁၉ ကူးစက်ခံရပြီး ရောဂါလက္ခဏာမပြဘူးဆိုရင် ဆက်လက်တာဝန်ထမ်းဆောင်ဖို့ တောင်းဆိုမှုမျိုးတွေ ဖြစ်လာနိုင်ပါတယ်။ ဘာလို့လဲဆိုရင် ဆေးဘက်ဆိုင်ရာဝန်ထမ်းတွေ ဖျားနာတာနဲ့ အသွားအလာကန့်သတ်ခံရတာကြောင့် ဝန်ထမ်းအင်အားနည်းပါးလာလို့ပါပဲ။ ဘယ်လ်ဂျီယံနိုင်ငံမှာတော့ ကိုဗစ်–၁၉ ကူးစက်မှုထပ်မံဖြစ်ပွားလာတဲ့အခါ ဆရာဝန်နဲ့သူနာပြုတွေ ကိုဗစ်–၁၉ ကူးစက်ခံရရင်တောင် လုပ်ငန်းခွင် ဆက်လက်ဝင်နေရတုန်းပါပဲ။ အပေါ့စားရောဂါလက္ခဏာပဲပြတဲ့ ကျန်းမာရေးဝန်ထမ်းတွေကို ဆက်လက်တာဝန် ထမ်းဆောင်စေပါတယ်။

### စိုးရိမ်နေကြရ

အီတလီနိုင်ငံမှာလည်း ကိုဗစ်–၁၉ ကြောင့် နောက်တစ်ကြိမ် အသွားအလာ ပိတ်ဆို့ ကန့်သတ်မှုတွေကို ထပ်မံလုပ်ဆောင်နေရပါတယ်။ ကူးစက်မှုနှုန်း တိုးနေတဲ့အချိန် လာမယ့်လတွေအတွင်း ဆေးရုံတွေမှာ မနိုင်မနင်းအခြေအနေဖြစ်ပြီး ကျန်းမာရေးစနစ် လဲပြိုသွားမှာကို စိုးရိမ်နေကြရပါတယ်။ အဲ့ဒါကြောင့်လည်း အီးယူအဖွဲ့ဝင်နိုင်ငံအချင်းချင်း နယ်စပ်ဖြတ်ကျော်ပြီးလူနာ လွှဲပြောင်းပေးဖို့အထိ အစီအစဉ်တွေ ပြုလုပ်လာကြပါတယ်။ ခက်ခဲတဲ့ ဆောင်းတွင်းကိုဖြတ်ကျော်ရဦးမှာကတော့ အသေအချာပါပဲ ။ ။

**“ဂျာမနီမှာဆိုရင်လည်း ကိုဗစ်-၁၉ ရဲ့ ကူးစက်မှုမြန်ပုံနဲ့ပတ်သက်ပြီး ပြည်သူတွေကို အကြိမ်ကြိမ်အခါခါသတိပေးဖို့ ဂျာမနီဝန်ကြီးချုပ်က ကြိုးပမ်းခဲ့ပါတယ်။ ဇွန်လနဲ့ ဇူလိုင်လကုန်ပိုင်းတို့မှာဆိုရင် တစ်နေ့အတွင်း ကူးစက်ခံရသူ အရေအတွက်ဟာ ၃၀၀ နီးပါး ရှိပါတယ်။ စက်တင်ဘာလကုန်ပိုင်းကို ရောက်တဲ့အခါမှာတော့ တစ်နေ့မှာ ကူးစက်ခံရသူအရေအတွက်ဟာ ၂၄၀၀ ရှိလာပါတယ်။ ဇူလိုင်၊ ဩဂုတ်နဲ့ စက်တင်ဘာလတို့ကိုကြည့်မယ်ဆိုရင် ကူးစက်မှုနှုန်းဟာ သုံးဆရှိတယ်ဆိုတာကို တွေ့မြင်နိုင်ပါတယ်”**

ကိုးကား – ဝါရှင်တန်ပို့စ်

## နိုင်ငံတကာသတင်းတိုထွာ

### အမေရိကန်ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင် ၉၃ သန်း ကြိုတင်မဲပေး

ဝါရှင်တန် နိုဝင်ဘာ ၂

အမေရိကန်ရွေးကောက်ပွဲတွင် အနည်းဆုံး မဲဆန္ဒရှင် ၉၃ သန်း ကြိုတင်မဲပေးခဲ့ကြောင်း အမေရိကန် သုတေသီများက ပြောကြားလိုက်သည်။

နိုဝင်ဘာ ၁ ရက်အထိ အဆိုပါအရေအတွက်သည် ၂၀၁၆ ခုနှစ်ရွေးကောက်ပွဲ မဲပေးမှုအားလုံး၏ ၆၇ ရာခိုင်နှုန်းရှိကြောင်း အမေရိကန်ရွေးကောက်ပွဲလုပ်ငန်းအဖွဲ့က ပြောကြားလိုက်သည်။

လူ ၅၉ သန်းကျော် စာအိတ်ဖြင့် မဲပေးခဲ့ပြီး လူ ၃၄ သန်း လူကိုယ်တိုင်လာရောက်မဲပေးခဲ့ကြောင်း အဆိုပါလုပ်ငန်းအဖွဲ့က ပြောကြားလိုက်သည်။

#### ရွေးကောက်ပွဲသမိုင်းတွင် အမြင့်ဆုံးဖြစ်

ကြိုတင်မဲ လာရောက်ပေးသူအရေအတွက်သည် ရွေးကောက်ပွဲသမိုင်းတွင် အမြင့်ဆုံးဖြစ်ကြောင်း ကျွမ်းကျင်သူများက ပြောကြားလိုက်သည်။

အင်န်အိတ်ချ်ကေ

### တိုင်ဖွန်းဂိုနီကြောင့် သေဆုံးသူအရေအတွက် ၁၀ ဦးအထိမြင့်တက်လာ

မနီလာ နိုဝင်ဘာ ၂

ဖိလစ်ပိုင်နိုင်ငံ လူဇုန်ကျွန်းတောင်ပိုင်းကို အင်အားပြင်း တိုင်ဖွန်းမုန်တိုင်း ဂိုနီဝင်ရောက်တိုက်ခဲ့ရာ သေဆုံးသူအရေအတွက်မှာ ၁၀ ဦးထက်မနည်း ဖြစ်လာကြောင်းနှင့် ပျောက်ဆုံးသူ သုံးဦးရှိလာကြောင်း အရပ်ဘက်ကာကွယ်ရေးရုံးက ပြောကြားလိုက်သည်။

ဘီကောလ်သည် လူဇုန်ကျွန်းတောင်ဘက်ပိုင်းတွင် မုန်တိုင်းဒဏ် အဆိုးဆုံး ခံစားခဲ့ရသော ဒေသဖြစ်ကြောင်းနှင့် အယ်လ်ဘေးပြည်နယ်တွင် သေဆုံးသူ ကိုးဦးရှိပြီး ကာတန်ဒူရန်ပြည်နယ်တွင် တစ်ဦး သေဆုံးခဲ့ကြောင်း အရပ်ဘက်ကာကွယ်ရေးရုံးက ကြေညာချက်တွင် ထုတ်ပြန်ဖော်ပြလိုက်သည်။

#### ရွှေ့ပြောင်းခဲ့ရ

အယ်လ်ဘေးပြည်နယ် ဂူနိုဘက်တမ်မြို့တွင် လူသုံးဦးပျောက်ဆုံးခဲ့ကြောင်း အဆိုပါရုံးက ဆက်လက်ဖော်ပြထားသည်။ တိုင်ဖွန်းဂိုနီကြောင့် လူပေါင်း ၃၉၀၀၀၀ ကျော် ရွှေ့ပြောင်းခဲ့ရသည်။

ရွှေ့ပြောင်းခဲ့သူများအနက် ၃၄၅၀၀၀ ခန့်သည် အစိုးရနားခိုရေးစခန်းများတွင် နေထိုင်နေကြရကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တိုင်ဖွန်း ဂိုနီသည် အင်အားအပြင်းထန်ဆုံး မုန်တိုင်းတစ်ခုဖြစ်ပြီး မုန်တိုင်း၏ အလယ်ဗဟိုတွင် တစ်နာရီလျှင် လေတိုက်နှုန်း ၂၂၅ ကီလိုမီတာအထိ တိုက်ခတ်ပြီး တစ်ခါတစ်ရံတွင် လေတိုက်နှုန်းမှာ ၃၁၀ ကီလိုမီတာအထိ ရှိသည်။

ဆင်ဟွာ

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံးတစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့်မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

**ရွေးကောက်ပွဲ ကျင်းပရန်**

**၅ ရက် သာ**

**လိုတော့သည်။**

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၈ ( ဃ ) အရ ဆန္ဒမဲပေးခြင်း ပျက်ပြားစေရန်ဖြစ်စေ၊ ရွေးကောက်ပွဲပျက်ပြားစေရန်ဖြစ်စေ စည်းဝေးဟောပြောခြင်း၊ လှုံ့ဆော်ခြင်း၊ ရေးသားခြင်း၊ ဖြန့်ချီခြင်း၊ ပိုစတာများ အသုံးပြုခြင်း သို့မဟုတ် အခြားနည်းဖြင့် အားထုတ်ကြိုးပမ်းခြင်းမပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံ ရနိုင်သည်။

သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၉ ( စ ) အရ ရွေးကောက်ပွဲတစ်ခုခုတွင် လွှတ်တော်မဲဆန္ဒနယ်တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များအတွက် ဆန္ဒမဲပေးခြင်းမပြုရ။ ကျူးလွန်ပါက တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရနိုင်သည်။

## သုဝဏ္ဏဝတီမြို့၌ အသက် ၆၀ နှင့်အထက် ကြိုတင်ဆန္ဒမဲပေးခြင်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်

**သုဝဏ္ဏဝတီ နိုဝင်ဘာ ၂**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့၌ မဲရုံသုံးရုံရှိသည့်အနက်တောင်ကြားရပ်ကွက် အမက(မူလွန်)တောင်ကြားရပ်ကွက်မဲရုံတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ နိုဝင်ဘာ ၂ ရက်က အသက် ၆၀ နှင့် အထက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ လာရောက်မဲပေးကြသည်။



သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ မဲဆန္ဒနယ် အမှတ်(၁)တွင် ပါဝင်သော တောင်ကြားရပ်ကွက်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိပေါင်း ၂၅၁၅ ဦး ရှိပြီး အသက် ၆၀ နှင့်အထက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူပေါင်း ၃၄၇ ဦး ရှိကြောင်း၊ ယနေ့အထိ ကြိုတင်မဲပေးလာသူ ၂၀၀ ကျော်ရှိကြောင်း တောင်ကြားရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကြည်ဝင်းက ပြောသည်။

မဲရုံသို့ လာရောက်မဲမပေးနိုင်သူ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ စုစုပေါင်း ၆၆ ဦးအား အိမ်အရောက် ကြိုတင်မဲပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ကျိုက္ကော်ရပ်ကွက် မဲရုံတွင် မဲပေးပိုင်ခွင့်ရှိသူပေါင်း ၈၁၉၆ ဦး ရှိသည့်အတွက် မဲရုံ(ခွဲ) သုံးရုံ ဖွင့်လှစ်ထားရှိမည်ဖြစ်ပြီး ယနေ့အထိ အသက် ၆၀ နှင့်အထက် မဲပေးခွင့်ရှိသူပေါင်း ၁၀၅၁ ဦးတွင် ၆၂၅ ဦး မဲပေးခဲ့ကြောင်း ကျိုက္ကော်ရပ်/ကျေးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်တင်က ပြောသည်။ သိမ်ဆိပ်ရပ်ကွက်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၉၄၈၀ ရှိသည့်အတွက် မဲရုံ(ခွဲ) လေးရုံ ဖွင့်လှစ်ထားရှိမည် ဖြစ်ပြီး အသက် ၆၀ နှင့်အထက် မဲပေးပိုင်ခွင့်ရှိသူ ၁၃၅၁ ဦး ရှိကြောင်း၊ ယနေ့အထိ ၁၀၅၀ လာရောက်မဲပေးပြီးဖြစ်ကြောင်း ရပ်/ကျေးရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသန်းအောင်က ပြောသည်။

ယနေ့တွင် မဲရုံများသို့ လာရောက်မဲမထည့်နိုင်သူ သက်ကြီးရွယ်အိုများ၊ နာမကျန်းဖြစ်နေသူများ၊ မသန်စွမ်းသူများအတွက် အိမ်တိုင်ရာရောက် ကြိုတင်မဲပေးခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီး သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးအောင် စနစ်တကျ စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်နှင့် တာဝန်ရှိသူများ ထားဝယ်မြို့နယ်၌ ကြိုတင်ဆန္ဒမဲပေးနေမှုများကို ကြည့်ရှုစစ်ဆေး

**ထားဝယ် နိုဝင်ဘာ ၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးမင်းဆွေနှင့် အဖွဲ့ဝင်များသည် နိုဝင်ဘာ ၁ ရက်က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ရပ်ကွက်နှင့် ကျေးရွာအုပ်စုများ၌ အသက် ၆၀ နှင့်အထက် ကြိုတင်မဲပေးနေမှုများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးမင်းဆွေက သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊မဲရုံမှူး၊ဒုမဲရုံမှူးများအား မဲရုံများတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မဖြစ်ပေါ်စေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီဆောင်ရွက်မှု ရှိ မရှိ၊ မဲရုံများတွင် တာဝန်ယူဆောင်ရွက်ကြမည့်သူများအနေဖြင့် ရောဂါပိုးကူးစက်မခံရရေး စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်မှု ရှိ မရှိ၊ လုံခြုံရေးဆိုင်ရာများ ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ကြရန် ဆန္ဒမဲများပေးရာတွင် ပွင့်လင်းမြင်သာမှုရှိရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

ထားဝယ်မြို့နယ်တွင် ရပ်ကွက်ကျေးရွာအုပ်စု ၄၃ အုပ်စု၊ မဲရုံပေါင်း ၁၀၄ ရုံရှိပြီး အသက် ၆၀ နှင့်အထက် မဲဆန္ဒရှင်ဦးရေ ၁၈၂၂၂ ဦးရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကျုံပျော်မြို့နယ်အတွင်းရှိ မဲရုံများ၌ တာဝန်ထမ်းဆောင်မည့် အထူးရဲသင်တန်းဆင်းပွဲပြုလုပ်

**ကျုံပျော် နိုဝင်ဘာ ၂**


၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်အတွင်းရှိ မဲရုံများ၌ လုံခြုံရေးတာဝန်ထမ်းဆောင်မည့် အထူးရဲ ၂၃၃ ဦး၏ သင်တန်းဆင်းပွဲကို မြို့နယ် ရောမင်းခန်းမ၌ အောက်တိုဘာလနောက်ဆုံးပတ်က ပြုလုပ်သည်။


အဆိုပါ သင်တန်းဆင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စိုးမိုးက အထူးရဲများအနေဖြင့် မဲရုံလုံခြုံရေးအတွက် မဲရုံမှူးမှစ၍ သက်ဆိုင်ရာမဲရုံတာဝန်ရှိသူများအားလုံးနှင့် ပေါင်းစပ်ညှိနှိုင်းပြီး ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးကို ဝိုင်းဝန်းကြိုးစားကြရန် တိုက်တွန်းကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးမြင့်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမောင်ကျော်နှင့် ကျုံပျော်မြို့မစခန်းမှူး ဒုတိယရဲမှူးကျော်ခိုင်တို့က သင်တန်းဆင်းအမှာစကားများ ပြောကြားကြသည်။

သင်တန်းတွင် အထူးရဲ ၂၃၃ ဦးကို အောက်တိုဘာ ၁ ရက်မှ ၂၈ ရက်အထိ ဥပဒေဘာသာရပ်၊ ရဲလက်စွဲဘာသာရပ်၊ လူ့အခွင့်အရေးဘာသာရပ်နှင့် ပြည်သူလူထုပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ်တို့ကို သင်ကြားပေးပြီး အထူးရဲတပ်ဖွဲ့ဝင်များအနေဖြင့် လိုက်နာရမည့် စည်းကမ်းများ၊ အမိန့်နှင့် ညွှန်ကြားချက်၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ရွေးကောက်ပွဲဆိုင်ရာ နည်းဥပဒေများကို လေးစားလိုက်နာကြရမည်ဖြစ်ကြောင်း၊ တာဝန်ပေးခန့်ထားမှုမှာ အောက်တိုဘာ ၁ ရက်မှ နိုဝင်ဘာ ၁၅ ရက်အထိ ဖြစ်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးမြင့်ထံမှ သိရသည်။

**နေဝင်းမြင့်(ကျုံပျော်)**




# ပူတာအိုမြို့နယ်၌ မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်ပြည်သူများ၏ ကြိုတင်ဆန္ဒမဲများကို အများရှေ့မှောက်၌ ချိပ်ပိတ်

**ပူတာအို နိုဝင်ဘာ ၂**

ကချင်ပြည်နယ် ပူတာအိုမြို့နယ်၌ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒနယ်ပြင်ပရောက်သူများက ပုံစံ (၁၅) ဖြင့် ကြိုတင်မဲပေးနိုင်ရန် တောင်းဆိုထားသူများမှ မဲဆန္ဒရှင်ပြည်သူများ၏ ကြိုတင်ဆန္ဒမဲ ရောက်ရှိလာသူများကို အများရှေ့မှောက်တွင် ချိပ်ပိတ်ခြင်းလုပ်ငန်းကို နိုဝင်ဘာ ၂ ရက်က ခရိုင်အထွေထွေ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအစည်းအဝေးခန်းမ၌ ဆောင်ရွက်သည်။ **(အောက်ပုံ)**



ပူတာအိုမြို့နယ်တွင် မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်ပြည်သူများက ပုံစံ (၁၅) ဖြင့် ကြိုတင်မဲပေးနိုင်ရန်အတွက် ပြည်တွင်းမှ ၁၃ ဦး၊ ပြည်ပမှ ၃၉ ဦး တောင်းဆိုလာခဲ့ရာ ယနေ့အထိကြိုတင်ဆန္ဒမဲ ပြည်တွင်းမှ နှစ်ဦး၊ ပြည်ပမှ ၂၇ ဦး စုစုပေါင်း ၂၉ ဦး တို့၏ ကြိုတင်ဆန္ဒမဲများရောက်ရှိလာကြောင်း၊ ရောက်ရှိလာသော ကြိုတင်ဆန္ဒမဲများကို ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၁) (၂)၊ ရဝမ်၊ လီဆူ၊ ရှမ်း၊ ဗမာတိုင်းရင်းသား လူမျိုးလွှတ်တော် ကြိုတင်ဆန္ဒမဲပုံး အသီးသီးတွင် သက်ဆိုင်ရာ လွှတ်တော်အလိုက် အများရှေ့မှောက်၌ ထည့်သွင်းကာ ချိပ်ပိတ်ခြင်းလုပ်ငန်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ကျန်ရှိသည့် ကြိုတင်ဆန္ဒမဲများ ရောက်ရှိလာပါကလည်း အများရှေ့မှောက်၌ ပွင့်လင်းမြင်သာစွာ သက်ဆိုင်ရာ လွှတ်တော် ကြိုတင်ဆန္ဒမဲပုံးသို့ ထည့်သွင်းသွားမည်ဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအတွင်းရေးမှူး ဦးရှဘောင်ဖုန်ဝင့်က ပြောသည်။

အဆိုပါ မဲဆန္ဒနယ် ပြင်ပမှ ရောက်ရှိလာသော ကြိုတင်ဆန္ဒမဲများကို မြို့နယ်ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ ရှေ့မှောက်၌ ဆန္ဒမဲပုံး အလွတ်ဖြစ်ကြောင်း ပြသခြင်း၊ လုံခြုံရေးကြိုးများဖြင့် စနစ်တကျပိတ်ခြင်း၊ လုံခြုံရေး လျှို့ဝှက်ကုတ်နံပါတ်များအား တက်ရောက်လာသူများက မှတ်သားစေခြင်းနှင့် ချိပ်ပိတ်ထားသော ကြိုတင်ဆန္ဒမဲလက်မှတ်စာအိတ်များကို သက်ဆိုင်ရာ မဲပုံးအတွင်းထည့်ခြင်း အစီအစဉ်များ ဆောင်ရွက်ကြသည်။

ပူတာအိုမြို့နယ်တွင် မြို့ပေါ်ရပ်ကွက် ၁၁ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၄ အုပ်စု၊ မဲရုံပေါင်း ၄၈ ရုံတွင် မဲဆန္ဒရှင်စုစုပေါင်း ၃၉,၂၂၁ ဦးတို့က နိုင်ငံရေးပါတီ ခုနစ်ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်းများအား သက်ဆိုင်ရာလွှတ်တော်အလိုက် မဲပေးကြမည်ဖြစ်ပြီး မဲဆန္ဒနယ်ပြင်ပရောက် ပြည်တွင်း နှစ်ဦး၊ ချင်းမိုင်မှ ၁၃ ဦး၊ ဘန်ကောက်မှ လေးဦး၊ ဂျပန်မှနှစ်ဦး၊ မလေးရှားမှ နှစ်ဦး၊ စင်ကာပူမှခြောက်ဦး စုစုပေါင်း ၂၉ ဦးတို့၏ ကြိုတင်ဆန္ဒမဲများ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဖုန်ကန်(ပြန်/ဆက်)**

# တာမိုးညဲမြို့၌ မဲပေးပုံအဆင့်ဆင့်သရုပ်ပြသခြင်းနှင့်အတူ အသက် ၆၀ နှင့်အထက် မဲဆန္ဒရှင်များကြိုတင်မဲပေး

**တာမိုးညဲ နိုဝင်ဘာ ၂**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် တာမိုးညဲမြို့၌ ပါတီစုံအထွေထွေ ရွေးကောက်ပွဲတွင် ကျန်းမာရေးလမ်းညွှန်ချက်နှင့်အညီ ပြည်သူများစနစ်တကျ မဲထည့်နိုင်ရန်အတွက် မဲရုံလုပ်ငန်းများနှင့် မဲပေးပုံအဆင့်ဆင့် လက်တွေ့သရုပ်ပြသခြင်းကို ယမန်နေ့က မြို့ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင်များနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများက သက်ဆိုင်ရာမဲရုံများတွင် ဆောင်ရွက်သည်။

ဆက်လက်ပြီး မဲဆန္ဒရှင်ပြည်သူများကြိုတင်ဆန္ဒမဲပေးခြင်းကို ဆောင်ရွက်လျက်ရှိရာ တာမိုးညဲမြို့ မြို့တွင်းရှိ အသက် ၆၀ နှင့်အထက် မဲဆန္ဒရှင်ပြည်သူများက လာရောက်မဲပေးကြသည်။ ထိုသို့ ကြိုတင်ဆန္ဒမဲထည့်ရာတွင် လက်ဆေးကြောခြင်း၊ နှာခေါင်းစည်းတပ်ဆင်စေခြင်းနှင့် တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာဖြင့် ကျန်းမာရေးလမ်းညွှန်ချက်နှင့်အညီ ကြိုတင်မဲများ စနစ်တကျပေးကြကြောင်း သိရသည်။

**ငွေးငွေးကြည်(ပြန်/ဆက်)**

# အင်ဂျန်းယန်မြို့နယ်အတွင်းရှိ အသက် ၆၀ နှင့်အထက် မဲဆန္ဒရှင်ပြည်သူများ ကြိုတင်ဆန္ဒမဲပေး

**အင်ဂျန်းယန် နိုဝင်ဘာ ၂**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် အင်ဂျန်းယန်မြို့နယ်တွင် အသက် ၆၀ နှင့်အထက် မဲဆန္ဒရှင်ပြည်သူများက သက်ဆိုင်ရာ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ကျန်းမာရေးလမ်းညွှန်ချက်နှင့်အညီ ကြိုတင်ဆန္ဒမဲများ လာရောက်ပေးလျက်ရှိသည်။

အင်ဂျန်းယန်မြို့နယ်အနေဖြင့် မဲဆန္ဒနယ်အမှတ် (၁)တွင် မဲဆန္ဒရှင်ဦးရေ ၁၀၆၆ ဦးဖြင့် မဲရုံငါးရုံ၊ မဲဆန္ဒနယ်အမှတ် (၂)တွင် မဲဆန္ဒရှင်ဦးရေ ၉၄၀ ဖြင့် မဲရုံနှစ်ရုံ မဲရုံစုစုပေါင်းခုနစ်ရုံထားရှိပြီး မဲဆန္ဒရှင်ဦးရေ ၂၀၀၆ ဦးအနက် ကြိုတင်မဲပေးမည့် အသက် ၆၀ နှင့်အထက် မဲဆန္ဒရှင် အဘိုးအဘွား ၁၃၀ ရှိပြီး နိုဝင်ဘာ ၁ ရက်အထိ ကြိုတင်ဆန္ဒမဲ ၈၂ ဦး လာရောက်ပေးပြီးကြောင်း မြို့နယ်ရွေးကောက်ပွဲအရာရှိ ဦးတင်လင်းအောင်ထံမှ သိရသည်။

**ကျော်စိုးနိုင်(ပြန်/ဆက်)**

# ပြည်ကြီးမဏ္ဍိုင်မြို့တွင် မသန်စွမ်းနှင့် သက်ကြီးရွယ်အိုများ အိမ်တိုင်ရာရောက် ကြိုတင်မဲပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**ပြည်ကြီးမဏ္ဍိုင် နိုဝင်ဘာ ၂**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ် ပြည်ကြီးမဏ္ဍိုင်မြို့ ပြည်ကြီးမဏ္ဍိုင်ရပ်ကွက်ရှိ အမှတ် (၁) မဲရုံတွင် မသန်စွမ်းနှင့် သက်ကြီးရွယ်အို ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသူ မဲဆန္ဒရှင်များအား နိုဝင်ဘာ ၁ ရက်နှင့် ၂ ရက်တို့တွင် ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲမှ ဆန္ဒမဲထည့်ရန် အိမ်တိုင်ရာရောက် ကွင်းဆင်းဆောင်ရွက်ပေးသည်။

အဆိုပါ ပြည်ကြီးမဏ္ဍိုင်ရပ်ကွက် အမှတ် (၁) မဲရုံတွင် မသန်စွမ်းနှင့် သက်ကြီးရွယ်အို ကြိုတင်ဆန္ဒမဲပေးရန် အခက်အခဲရှိသူများကို ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲမှကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီမဲပေးပိုင်ခွင့်ရှိသူများ မဲပေးနိုင်သည့်အခွင့်အရေးမဆုံးရှုံးစေရန် ဆောင်ရွက်ပေးခဲ့ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဦးမြင့်အေးက ပြောသည်။

**မျိုးလွင်(ပြန်/ဆက်)**




# နမ့်ခမ်းမြို့၌ အသက် ၆၀ နှင့်အထက် သက်ကြီးမဲဆန္ဒရှင်များ ကြိုတင်မဲပေး

**နမ့်ခမ်း နိုဝင်ဘာ ၂**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့၌ အောက်တိုဘာ ၂၉ ရက်မှ စတင်၍ အသက် ၆၀ နှင့်အထက် သက်ကြီးမဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးကြပြီး နိုဝင်ဘာ၂ ရက်တွင် ငါးရက်မြောက်နေ့အဖြစ် ဆက်လက်မဲပေးကြသည်။

ထိုကဲ့သို့ အသက် ၆၀ နှင့်အထက် သက်ကြီးများကြိုတင်မဲပေးကြရာတွင် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာကော်မရှင်အဖွဲ့များ၊ မဲရုံမှူး၊ ဒုမဲရုံမှူးများက သက်ကြီးမဲဆန္ဒရှင်များ အဆင်ပြေမှုရှိစေရန် ကူညီဆောင်ရွက်ပေးပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ လွတ်လပ်ပြီးတရားမျှတမှုရှိစေရန်ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ကြသည်။

အဆိုပါသက်ကြီးမဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ချမှတ်ထားသော စည်းကမ်းအတိုင်းဆောင်ရွက်ကြသည်။

နမ့်ခမ်းမြို့နယ်အတွင်း မဲရုံပေါင်း ၁၁၅ ရုံရှိပြီး မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်ပေါင်း ၈၆၆၃၄ ဦးကျော်တွင် အသက် ၆၀ နှင့်အထက် သက်ကြီးမဲဆန္ဒရှင် ၁၁၇၄၂ ဦးပါဝင်ကြောင်း သိရသည်။

**ဝေမွန်(ရွှေရည်မြေ)**



## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ချင်းပြည်နယ်တာဝန်ခံ ဟားခါးမြို့ပေါ် ကြိုတင်ဆန္ဒမဲပေးနေမှု အခြေအနေများ ကွင်းဆင်းကြည့်ရှု

**ဟားခါး နိုဝင်ဘာ ၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသက်ထွန်း(ချင်းပြည်နယ်တာဝန်ခံ)နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့်အဖွဲ့ဝင်များက နိုဝင်ဘာ ၂ ရက်တွင် ဟားခါးမြို့ပေါ် ရပ်ကွက်(၈)ရပ်ကွက်ရှိ အသက် ၆၀ နှစ်နှင့်အထက် ကြိုတင်ဆန္ဒမဲပေးနေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုသည်။ **(အပေါ်ပုံ)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် ဟားခါးမြို့ပေါ်ရပ်ကွက်များရှိ အသက် ၆၀ နှစ်နှင့်အထက် ကြိုတင်ဆန္ဒမဲပေးနေသည့် နေရာများဖြစ်သည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၊ စာသင်ကျောင်းများသို့ ရောက်ရှိ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသက်ထွန်း (ချင်းပြည်နယ်တာဝန်ခံ) က ကြိုတင်ဆန္ဒမဲပေးနေသည့် နေရာများတွင် တာဝန်ကျသည့် ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပညာရေးဝန်ထမ်းများအနေဖြင့် ယခုလို မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအဖြစ် ကြိုးစားဆောင်ရွက်ပေးသည့်အတွက် အထူးကျေးဇူးတင်ရှိကြောင်း၊ ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားသည့် ကာလအတွင်း ဖြစ်သည့်အတွက် ကြိုတင်မဲပေးသူများနှင့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့် အညီ ဆောင်ရွက်ပေးကြရန်နှင့် နိုဝင်ဘာလ ၈ ရက်နေ့တွင်လည်း ဆက်လက်ကြိုးစားဆောင်ရွက်ပေးကြရန် မှာကြားခဲ့ပြီး ကြိုတင်ဆန္ဒမဲပေးနေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုသည်။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ဟားခါးမြို့ပေါ်ရပ်ကွက် (၈) ရပ်ကွက်ရှိ အသက် ၆၀ နှစ်နှင့်အထက် ကြိုတင်ဆန္ဒမဲပေးနိုင်သည့် မဲဆန္ဒရှင်များ ၃၈၀၄ ဦးရှိကြောင်း၊ အောက်တိုဘာ ၂၉ ရက်မှ စတင်၍ ကြိုတင်ဆန္ဒမဲပေးနေပြီဖြစ်ကာ နိုဝင်ဘာ ၁ ရက်အထိ ကြိုတင်ဆန္ဒမဲ ပေးသူ ၉၆၇ ဦး အထိ ရှိလာပြီး ဟားခါးမြို့နယ်အတွင်း မဲရုံပေါင်း ၉၅ ရုံရှိ၍ ဆန္ဒမဲပေးနိုင်သူပေါင်း ၃၉၁၂၃ ဦး ရှိကြောင်း ဟားခါးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရှမ်းပြည်နယ်(မြောက်ပိုင်း)တာဝန်ခံနှင့် "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွေ့ဆုံ

**ဟိုပန် နိုဝင်ဘာ ၂**

"ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့၌ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရှမ်းပြည်နယ်(မြောက်ပိုင်း)တာဝန်ခံ ဦးသန်းဌေးက ယနေ့တွင် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ရုံး အစည်းဝေးခန်းမတွင် "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် တွေ့ဆုံသည်။ **(အောက်ပုံ)**

တွေ့ဆုံပွဲတွင် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ရှမ်းပြည်နယ်(မြောက်ပိုင်း) တာဝန်ခံ ဦးသန်းဌေးက ၂၀၂၀ ရွေးကောက်ပွဲ အောင်မြင်စွာ ပြုလုပ်နိုင်ရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အနေဖြင့် အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သဖြင့် ရွေးကောက်ပွဲကို အချိန်ကျော်လွန်ခြင်း မရှိဘဲ မဖြစ်မနေ ကျင်းပရခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့်လည်း ဌာနဆိုင်ရာ တာဝန်နှင့် နိုင်ငံတော်တာဝန်ကို ခွဲခြားသိမြင်ရန် လိုအပ်ကြောင်း၊ ကိုဗစ် - ၁၉ ကာလအတွင်း အရှေ့တောင်အာရှရှိ ရွေးကောက်ပွဲကျင်းပပြီးသည့် နိုင်ငံများနှင့် ဆွေးနွေးချက်များအရ ရွေးကောက်ပွဲကျင်းပပြီးသည့် နိုင်ငံများတွင် ကိုဗစ် - ၁၉ ရောဂါ ကူးစက်မှုနှုန်းမြင့်မားလာခြင်း မရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့်လည်း ပြည်သူများ စိတ်ချလက်ချမဲပေးနိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီ စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ အနေဖြင့် လူပုဂ္ဂိုလ်၊ ပါတီများကို ဘက်လိုက်မှုများ မပြုလုပ်ဘဲ လွတ်လပ်၍တရားမျှတစွာဆောင်ရွက်သွားရန် ပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာသော "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်ပြီး ဆောင်ရွက်ထားရှိမှု အခြေအနေ၊ အခက်အခဲများကို တင်ပြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းဌေးက ဖြေရှင်းဆောင်ရွက်ပေးပြီး လိုအပ်ချက်များအား သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ပေးသည်။

ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရှမ်းပြည်နယ် (မြောက်ပိုင်း)တာဝန်ခံနှင့် အဖွဲ့သည် ခရိုင်/မြို့နယ်ရွေးကောက်ပွဲကော်မရှင်ရုံးသို့ သွားရောက်ပြီး ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ ပြင်ဆင် ဆောင်ရွက်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**






စစ်ကိုင်းမြို့မဲရုံများတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ အသက် ၆၀ နှစ်နှင့်အထက် အဘိုးအဘွားများကြိုတင်ဆန္ဒမဲပေးခြင်းကို စစ်ကိုင်းမြို့မြို့ပေါ်ရပ်ကွက်များရှိ မဲရုံများတွင် ပြုလုပ်လျက်ရှိရာ တကောင်းရပ်ကွက်မဲရုံတွင် နိုဝင်ဘာ ၂ ရက်က အသက် ၆၀ နှစ် ပြည့်ပြီးသူတစ်ဦး ကြိုတင်ဆန္ဒမဲပေးနေမှုကိုတွေ့ရစဉ်။

ခိုင်ဇေယျ

## ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ မဲရုံများ ကိုဗစ်-၁၉ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ပြင်ဆင်ဆောင်ရွက်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**ပြည်ကြီးတံခွန် နိုဝင်ဘာ ၂**

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ မဲရုံများကို ကိုဗစ် - ၁၉ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့် အညီ ပြင်ဆင်ဆောင်ရွက်နိုင်ရေး ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။ **(အောက်ပုံ)**

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်ကြီးတံခွန်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလရော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်သန်းနှင့် တာဝန်ရှိသူများ ပူးပေါင်းကာ မြို့နယ်အတွင်းရှိ မဲရုံများသို့ သွားရောက်၍ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး မဲရုံများကို ကိုဗစ်-၁၉ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့် အညီ ဆောင်ရွက်နိုင်ရေး ကွင်းဆင်းစစ်ဆေးကြသည်။



"ပြည်ကြီးတံခွန်မြို့နယ်အတွင်းမှာရှိတဲ့ မဲရုံတွေကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ကိုဗစ် -၁၉ ကာကွယ်ရေး လမ်းညွှန်ချက်တွေနဲ့အညီ ပြင်ဆင်ဖို့ ကွင်းဆင်းစစ်ဆေးတာပါ။ ပြည်သူတွေ အဆင်ပြေပြေမဲပေးနိုင်ရေး ကြိုတင်ပြင်ဆင်မှုတွေ ဆောင်ရွက်နေပါတယ်။ မြို့နယ်အတွင်းမှာရှိတဲ့ မဲရုံတွေကို ကျန်းမာရေးလမ်းညွှန်ချက်များနှင့် အညီဆောင်ရွက်နေပါတယ်" ဟု မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလရော်က ပြောသည်။

ပြည်ကြီးတံခွန်မြို့နယ်တွင် ရပ်ကွက် ၁၈ ရပ်ကွက်ရှိပြီး မဲရုံပေါင်း ၇၁ ရှိကာ မဲဆန္ဒရှင် ၁၉၆၀၀၀ ကျော်ရှိကြောင်း မဲရုံများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ် - ၁၉ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ပြင်ဆင်ဆောင်ရွက်နိုင်ရေး ကွင်းဆင်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **သန်းဇော်မင်း(ပြန်/ဆက်)**

## ထူးခြားသည့်ညအပူချိန်များ

**နေပြည်တော် နိုဝင်ဘာ ၂**

ထူးခြားသည့်ညအပူချိန်များမှာ မင်းတပ်မြို့တွင် ၁၁ ဒီဂရီစင်တီဂရိတ်နှင့် ဟားခါးမြို့တွင် ၁၂ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ စဥ့်ကူး(စိုက်ပျိုးရေး)တွင် ၃ ဒသမ ၉၀ လက်မ၊ ခန္တီးမြို့တွင် ၃ ဒသမ ၄၆ လက်မ၊ မောင်တောမြို့တွင် ၂ ဒသမ ၇၂ လက်မ၊ နန်းယွန်းမြို့တွင် ၂ ဒသမ ၆၄ လက်မ၊ ကလေးဝမြို့ (သစ်ချောက်) နှင့် တကောင်း(စိုက်ပျိုးရေး)တို့တွင် ၁ ဒသမ ၆၄ လက်မစီ၊ ကျောက်မြောင်းမြို့တွင် ၁ ဒသမ ၅၇ လက်မ၊ မင်းကင်းမြို့နှင့် မြစ်သား(စိုက်ပျိုးရေး)တို့တွင် ၁ ဒသမ ၅၀ လက်မစီ၊ ဂန့်ဂေါမြို့တွင် ၁ ဒသမ ၄၆ လက်မနှင့် ကျောက်တော်မြို့နှင့် တောင်ငူမြို့တို့တွင် ၁ ဒသမ ၄၂ လက်မစီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

mVoter 2020
"ရွေးချယ်မှန်ကန် မဲပေးဖို့ mVoter ကိုသုံးကြစို့"

# မြန်မာ့လက်ရွေးစင်အသင်းများ လေ့ကျင့်မည့်ရက် မသတ်မှတ်ရသေး

**ရန်ကုန် နိုဝင်ဘာ ၂**

မြန်မာ့လက်ရွေးစင်နှင့် သက်တမ်းအလိုက် လူငယ်လက်ရွေးစင်အသင်းများသည် လာမည့်နှစ်တွင် နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရမည်ဖြစ်သော်လည်း လေ့ကျင့်မည့်ရက် မသတ်မှတ်ရသေးကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင်နှင့် လူငယ်လက်ရွေးစင်အသင်းများသည် ကိုဗစ်-၁၉ ရောဂါကြောင့် ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ရခြင်းမရှိသလို လေ့ကျင့်နိုင်ခြင်းလည်းမရှိသေးပေ။ မြန်မာနိုင်ငံတွင် ရောဂါကူးစက်မှုအခြေအနေနှင့် ထိန်းချုပ်နိုင်မှုအပေါ်မူတည်၍ စခန်းဝင်လေ့ကျင့်ရမည်ဖြစ်ပြီး အစောဆုံး နှစ်ကုန်ပိုင်းမှသာ လေ့ကျင့်နိုင်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်နှင့် လူငယ်လက်ရွေးစင်အသင်းများသည် လာမည့်နှစ်တွင် အာရှအဆင့်နှင့် အာဆီယံအဆင့်ပြိုင်ပွဲများ ယှဉ်ပြိုင်ရမည်ဖြစ်ကာ နိုင်ငံတကာပြိုင်ပွဲများကို ၂၀၂၁ ခုနှစ် မတ်လတွင် အစောဆုံး ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် အမျိုးသားအသင်းသည် ၂၀၂၂ ကမ္ဘာ့ဖလားနှင့် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စုလက်ကျန်ပွဲများ၊ အာဆီယံဆုဇူကီးဖလားပြိုင်ပွဲ၊ လက်ရွေးစင်အမျိုးသမီးအသင်းက အာဆီယံအမျိုးသမီးပြိုင်ပွဲ၊ အာရှဖလားခြေစစ်ပွဲနှင့် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲ၊ ယူ-၂၂ အမျိုးသားအသင်းက အာရှ ယူ-၂၃ ခြေစစ်ပွဲနှင့် ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲ၊ ယူ-၁၉ အမျိုးသားအသင်းက အာဆီယံ ယူ-၁၉ ပြိုင်ပွဲ၊ ယူ-၁၆ အမျိုးသားအသင်းက အာဆီယံ ယူ-၁၆ ပြိုင်ပွဲ၊ ယူ-၂၀ အမျိုးသမီးအသင်းက အာဆီယံပြိုင်ပွဲနှင့် အာရှဖလား ခြေစစ်ပွဲ၊ ယူ-၁၇ အမျိုးသမီးအသင်းက အာဆီယံပြိုင်ပွဲနှင့် အာရှဖလားခြေစစ်ပွဲ၊ ဖူဆယ်လက်ရွေးစင်အသင်းက အာဆီယံပြိုင်ပွဲတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။



၂၀၁၉ ခုနှစ် နိုဝင်ဘာက ကျင်းပခဲ့သည့် ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် မြန်မာနှင့် တာဂျစ်ကစ္စတန်အသင်းတို့ ယှဉ်ပြိုင်စဉ်။

အာရှဘောလုံး အဖွဲ့ချုပ်သည် လာမည့်နှစ်တွင် ပြုလုပ်မည့် အာရှအဆင့်ပြိုင်ပွဲများနှင့် ခြေစစ်ပွဲများ ထုတ်ပြန်ထားသော်လည်း ကပ်ရောဂါအပေါ်မူတည်၍ နှစ်ကုန်ပိုင်းတွင် ပြန်လည်အတည်ပြုမည် ဖြစ်သည်။ အာဆီယံ ဘောလုံးအဖွဲ့ချုပ်မှာမူ အာဆီယံဆုဇူကီးဖလားပြိုင်ပွဲကိုသာ အတည်ပြုသေးပြီး ကျန်ပြိုင်ပွဲများကို ကပ်ရောဂါအပေါ်မူတည်၍ ပြန်လည်အတည်ပြုမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

---

■ *ကျောဖုံးမှ*

ဂုဏ်ပြုစကားပြောကြားကြသည်။

အဆိုပါပြိုင်ပွဲတွင် အသက်(၁၀)နှစ်အောက် ကာလာအဆင့်(ကျား၊ မ) တစ်ဦးချင်းထေဂုတ်ကကွက်(၃)၊ အသက်(၁၀)နှစ်အောက် ခါးစည်းအနက်အဆင့်(ကျား၊ မ) တစ်ဦးချင်းထေဂုတ်ကကွက် (၆)၊ အသက်(၁၂)နှစ်အောက် ကာလာအဆင့်(ကျား၊ မ) တစ်ဦးချင်းထေဂုတ်ကွက်(၄)၊ အသက်(၁၂)နှစ်အောက် ခါးစည်းအနက်အဆင့်(ကျား၊ မ) တစ်ဦးချင်းထေဂုတ်ကကွက်(၇)၊ အသက်(၁၄)နှစ်အောက် ကာလာအဆင့်(ကျား၊ မ)တစ်ဦးချင်းထေဂုတ်ကကွက်(၅)၊ အသက်(၁၄)နှစ်အောက် ခါးစည်းနက်အဆင့်(ကျား၊ မ)တစ်ဦးချင်းထေဂုတ်ကကွက်(၈)၊ အသက်(၁၆)နှစ်အောက် ကာလာအဆင့်(ကျား၊ မ)တစ်ဦးချင်းထေဂုတ်ကကွက်(၆)၊ အသက်(၁၆)နှစ်အောက် ခါးစည်းနက်အဆင့်(ကျား၊ မ) တစ်ဦးချင်းကကွက်(ဂိုလီယို) ဖွမ်းဆေး၊ အသက်(၁၈)နှစ်အောက် ကာလာအဆင့်(ကျား၊ မ)တစ်ဦးချင်းယှဉ်ထေဂုတ်ကကွက်(၇)၊ အသက်(၁၈)နှစ်အောက် ခါးစည်းနက်အဆင့်(ကျား၊ မ)တစ်ဦးချင်းကကွက်(ဂွန်ဂမ်)ဖွမ်းဆေး၊ အသက်(၁၈)နှစ်အထက် ကာလာအဆင့်(ကျား၊ မ) တစ်ဦးချင်းယှဉ်ပြိုင်ရမည့် ထေဂုတ်ကကွက်(၈)၊ အသက်(၁၈)နှစ်အထက် ခါးစည်းနက်အဆင့်(ကျား၊ မ)တစ်ဦးချင်းကကွက်(ထေဘက်)ဖွမ်းဆေး၊ အထူးပြိုင်ပွဲမာစတာများအတွက် အသက်(၄၀)အထက် ခါးစည်းအနက်အဆင့်(ကျား၊ မ) တစ်ဦးချင်းကကွက် (ဖြောန်ဝမ်) ဖွမ်းဆေးပြိုင်ပွဲများ ယှဉ်ပြိုင်ကြသည်။

ယင်းယှဉ်ပြိုင်ပွဲကို နိုဝင်ဘာ ၁ ရက်နှင့် ၂ ရက်တို့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ကလပ်၊ အသင်း ၁၅ သင်းမှ အားကစားသမား ၁၅၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ **သတင်းနှင့်ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

---

*ကျောဖုံးမှ*

အဆိုပါ နှစ်သင်း၏ အနီးစပ်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်များတွင် ရီးရဲမက်ဒရစ်အသင်းက လာလီဂါတွင် ဟူစကာအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ဟာဇက်၊ ဘင်ဇီမာ၊ ဗယ်ဗာဒီတို့၏ သွင်းဂိုးများနှင့်အတူ လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားသည်။ လာလီဂါအမှတ်ပေးဇယားတွင်လည်း ရီးရဲမက်ဒရစ်အသင်းက ခုနစ်ပွဲယှဉ်ပြိုင်ကစားပြီး ရမှတ် ၁၆ မှတ်ဖြင့် အဆင့် (၂) နေရာတွင် ရပ်တည်ထားနိုင်သည့် အသင်းဖြစ်သည်။ အင်တာမီလန်အသင်းက စီးရီးအေပြိုင်ပွဲတွင် ပါးမားအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး တစ်ဖက်နှစ်ဂိုးစီ သရေကျထားသည်။ အင်တာမီလန်အသင်းသည် စီးရီးအေအမှတ်ပေးဇယားတွင် ခြောက်ပွဲယှဉ်ပြိုင်ကစားပြီး ရမှတ် ၁၁ ဖြင့် အဆင့် (၆) နေရာတွင် ရပ်တည်နေသည့်အသင်းဖြစ်သည်။ ထို့အပြင် ရီးရဲမက်ဒရစ်အသင်းသည် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်ပြိုင်ပွဲ လေးပွဲတွင် ဂလာဘတ်အသင်းကို တစ်ဖက် နှစ်ဂိုးစီ သရေကျထားသည့်ပွဲစဉ်ကလွဲကာ ကျန်သုံးပွဲဖြစ်သည့် မန်စီးတီးအသင်းကို နှစ်ကျော့စလုံး နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ထားပြီး ရှက်တာဒိုးနက်အသင်းနှင့်ပွဲစဉ်တွင်လည်း သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည်ကို တွေ့ရသည်။ ထို့ကြောင့် ရီးရဲမက်ဒရစ်အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် နောက်ဆုံးလေးပွဲဆက် နိုင်ပွဲပျောက်နေသည့်အတွက် ယခု အင်တာမီလန်အသင်းနှင့်ပွဲစဉ်ကို မဖြစ်မနေအနိုင်ရရှိအောင် ကြိုးပမ်းလာဖွယ်ရှိနေသည်။

အင်တာမီလန်အသင်းကလည်း ချန်ပီယံလိဂ်ပြိုင်ပွဲ နောက်ဆုံးလေးပွဲတွင် ပရာဟာအသင်းကိုသာလျှင် သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိထားပြီး ကျန်သုံးပွဲဖြစ်သည့် ဘာစီလိုနာ၊ ဂလာဘတ်၊ ရှက်တာဒိုးနက်အသင်းတို့နှင့်ပွဲစဉ်တွင် နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်ခြင်းမရှိချေ။ ရီးရဲမက်ဒရစ်အသင်းနှင့် အင်တာမီလန်အသင်းတို့ နောက်ဆုံးထိပ်တိုက်တွေ့မှုက ၂၀၁၅ ခုနှစ် နိုင်ငံတကာ ချန်ပီယံဖလားပြိုင်ပွဲတွင်ဖြစ်ပြီး ရီးရဲမက်ဒရစ်အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အင်တာမီလန်အသင်းကို အနိုင်ရရှိထားသည်။

ရီးရဲမက်ဒရစ်အသင်းသည် ယခုပွဲစဉ်ကို နာချို၊ မာတင် အိုဒီဂတ်နှင့် ဒန်နီကာဗာဂျယ်တို့ ဒဏ်ရာကြောင့် ပါဝင်လာဖွယ်မရှိသကဲ့သို့ လူးကပ်စ်ဗက်စ်ကွက်စ်သည်လည်း ပြီးခဲ့သည့် ဟူစကာနှင့်ပွဲစဉ်တွင် ကြွက်သားဒဏ်ရာရရှိထားခြင်းကြောင့် ယခုပွဲစဉ်တွင် ပါဝင်လာမရှိကြောင်း သိရသည်။ အင်တာမီလန်အသင်းကလည်း အသင်း၏ အဓိကတိုက်စစ်မှူးဖြစ်သည့် လူကာကူ ဒဏ်ရာကြောင့် ယခုပွဲစဉ်ကို ပါဝင်ကစားရန် သံသယဖြစ်စရာအနေအထားတွင် ရှိနေသည်။

ထို့ကြောင့် နိုင်ပွဲရရှိရန်လိုအပ်နေသည့် အသင်းနှစ်သင်းဖြစ်သည့်အတွက် မည်သည့်အသင်းက အနိုင်ရလဒ်ကို ဖော်ဆောင်သွားနိုင်မလဲ ယနေ့နံနက် ၂ နာရီခွဲတွင် အဆုံးအဖြတ်ပေးသွားတော့မည်ဖြစ်သည်။ **အောင်ဇော်**

---

# ပရီမီယာလိဂ် ပွဲစဉ်(၇) စပါးနှင့် အာဆင်နယ်တို့ နိုင်ပွဲရ

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၇)မှ နိုဝင်ဘာ ၂ ရက် နံနက်တွင် ယှဉ်ပြိုင်ခဲ့သည့် စပါးနှင့် ဘရိုက်တန်ပွဲတွင် အိမ်ကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် စပါးအသင်း အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် အိမ်ရှင်အသင်းသည် ၄-၂-၃-၁ ကစားကွက်ဖြင့် ဟယ်ရီကိန်းကို အထောင်တိုက်စစ်တွင် အသုံးပြုခဲ့ပြီး ဧည့်သည် ဘရိုက်တန်သည် ၃-၄-၂-၁ ပုံစံဖြင့် ထရိုဆတ်ကို အထောင်တိုက်စစ်ဖြင့် ပွဲထွက်လာသည်။ ပထမပိုင်း ပွဲချိန် ၁၃ မိနစ်တွင် စပါးအသင်း ပယ်နယ်တီ အခွင့်အရေးရရှိကာ ဟယ်ရီကိန်းက အမှားအယွင်းမရှိ ဂိုးအဖြစ် ပြောင်းလဲပေးခဲ့သည်။ ဒုတိယပိုင်း ၅၆ မိနစ်တွင် လမ့်တေး က ဘရိုက်တန်အတွက် ချေပဂိုးသွင်းယူပေးခဲ့သည်။ ပွဲချိန် ၇၃ မိနစ်တွင် လူစားဝင်လာသော ဂါရတ်ဘေးလ်က စပါးအတွက် အနိုင်ဂိုးကို သွင်းယူခဲ့ပြီး အဆုံးသတ်ပေးခဲ့သည်။ ယင်းပွဲတွင် ဧည့်သည် ဘရိုက်တန်က ဘောလုံးပိုင်ဆိုင်မှု အနည်းငယ် အသာစီးရရှိခဲ့ပြီး ဂိုးကန်သွင်းခွင့် ခြောက်ကြိမ်ရရှိကာ နှစ်ကြိမ် ဂိုးပေါက်ခြိမ်းခြောက်နိုင်ခဲ့သည်။ စပါးအသင်းသည် ကိုးကြိမ် ကန်သွင်းခွင့်ရခဲ့ပြီး သုံးကြိမ် ခြိမ်းခြောက်နိုင်ခဲ့သည်။



ပရီမီယာလိဂ်ပွဲစဉ် (၇) မှ တနင်္ဂနွေည၏ ပွဲကောင်းတစ်ပွဲဖြစ်သော မန်ယူနှင့် အာဆင်နယ်ပွဲတွင် အိုးထရက်ဖို့ဒ်ကွင်း၌ တစ်ဂိုး-ဂိုးမရှိဖြင့် အာဆင်နယ်အသင်းအနိုင်ရရှိခဲ့သည်။ ယင်းပွဲတွင် အာဆင်နယ်အတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို ပွဲချိန် ၆၉ မိနစ်တွင် အူဘာမီယန်က ပယ်နယ်တီ အခွင့်အရေးမှ သွင်းယူခဲ့ခြင်းဖြစ်သည်။

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၇)ယှဉ်ပြိုင်အပြီးတွင် ဇယားထိပ်၌လီဗာပူးက ရမှတ် ၁၆ မှတ်ဖြင့် ဦးဆောင်နေပြီး စပါးက ရမှတ် ၁၄ မှတ်ရရှိထားကာ အာဆင်နယ်က ရမှတ် ၁၂ မှတ်ဖြင့် ချယ်ဆီးနှင့် အမှတ်တူညီနေပြီး မန်စီးတီးက ရမှတ် ၁၁ မှတ်၊ မန်ယူက ခုနစ်မှတ်သာ ရရှိထားသည်။

ပွဲစဉ်(၈)တွင် မန်ယူသည် အဲဗာတန်ကို အဝေးကွင်း၌ ယှဉ်ပြိုင် ရမည်ဖြစ်ပြီး ချယ်ဆီးက အိမ်ကွင်းတွင် ရှက်ဖီးလ် ယူနိုက်တက်ကို ဧည့်ခံယှဉ်ပြိုင်ရမည်ဖြစ်သည်။ စပါးကအဝေးကွင်းတွင် ဝက်စ်ဘရွန်းကို ယှဉ်ပြိုင် ရမည်ဖြစ်ကာ အာဆင်နယ်နှင့် အက်စ်တွန်ဗီလာ၊ ပွဲစဉ် (၈) ၏ ပွဲကောင်းတစ်ပွဲဖြစ်သော မန်စီးတီးနှင့် လီဗာပူးပွဲသည် အီတီဟတ်ကွင်းတွင် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ပရီမီယာလိဂ် ပွဲစဉ်(၈)ကို နိုဝင်ဘာ ၆ ရက်၊ ၇ ရက်နှင့် ၈ ရက်များတွင် ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

**သီဟ**

---

# တစ်ရွာတည်းသားချင်း ရန်ဖြစ်စကားများကာ ဓားထိုးမှုဖြစ်ပွား

**ရေတာရှည် နိုဝင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကုန်းကြီးကျေးရွာအုပ်စု ပြီစုတ်ကျေးရွာတွင် နိုဝင်ဘာ ၁ ရက် ည ၁၀ နာရီခွဲခန့်က တစ်ရွာတည်းသားချင်း စကားများကာ ဓားထိုးမှုဖြစ်ပွားခဲ့ပြီး ဓားဖြင့်အထိုးခံရသူမှာ နိုဝင်ဘာ ၂ ရက် နံနက် ၂ နာရီကျော်ခန့်က နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီး၌ သေဆုံးသွားကြောင်း ဆွာနယ်မြေရဲစခန်းမှ သိရသည်။

အမှုဖြစ်စဉ်မှာ ပြီစုတ်ကျေးရွာနေ ဦးမြတ်မင်းအောင်သည် နေအိမ်တွင် အိပ်ပျော်နေစဉ် ရွာဦးဘုရားအနီး ရန်ကုန်-မန္တလေးကားလမ်းအရှေ့ဘက်ဘေး၌ တူဖြစ်သူ ငြိမ်းချမ်းအောင်မှာ ဓားဖြင့်အထိုးခံရပြီး လဲကျနေကြောင်း သိရသဖြင့် သွားရောက်ကြည့်ရှုရာ ငြိမ်းချမ်းအောင်မှာ ထိုးသွင်းဒဏ်ရာဖြင့် လဲကျနေသည်ကိုတွေ့ရ၍ နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီး သို့ တင်ပို့ပေးခဲ့ရခြင်းဖြစ်သည်။ အခင်းဖြစ်ပွားရာသို့ ဆွာနယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ် မျိုးတင့် ဦးစီးအဖွဲ့က သွားရောက်စစ်ဆေးရာ ငြိမ်းချမ်းအောင်နှင့် တစ်ရွာတည်းနေ ဂျပန်ကြီး(ခ) ဇာနည်မိုး (၃၅ နှစ်)တို့မှာ စကားများကာ ဂျပန်ကြီး (ခ) ဇာနည်မိုးက အသင့်ပါရှိသော ဓားဦးချွန်ဖြင့်ထိုးခဲ့ခြင်း ဖြစ်ကြောင်းသိရ၍ ဆွာနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **သန်းလွင်**

---

## ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး နိုဝင်ဘာ ၁ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၅၂ စီး၊ သွင်းကုန် ၂၄၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှု ယာဉ် သွင်းကုန် ၉၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၁၀၀ သန်းတန်ဖိုးရှိ စိန်ကလဲ့ကျေးရွာအနီးတွင် စုပုံရပ်တန့်ထားသည့် တရားဝင် အထောက်အထားတင်ပြနိုင်ခြင်းမရှိသော မော်တော်ဆိုင်ကယ် Honda Pal (Used) C/O # Japan သုံးစီး၊ Yamaha Excel (Used) C/O # Japan တစ်စီး၊ Honda Click (Used) C/O #Thai တစ်စီး စုစုပေါင်း လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် ငါးစီးကို ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



(၂၂) ကြိမ်မြောက် ဝါတွင်းတနင်္ဂနွေ အပတ်စဉ် နံနက်တိုင်း မြို့နယ်အတွင်း စာသင်တိုက်နှင့် ဘုန်းတော်ကြီးကျောင်းပေါင်း ၂၃ ကျောင်း၌ သီတင်းသုံးတော်မူသော သံဃာတော်အပါး ၂၀၀ ကျော်တို့အား အရုဏ်ဆွမ်း၊ နေ့ဆွမ်းလောင်းလှူပွဲကို နိုဝင်ဘာ ၁ ရက်က သဃ်န်းကျွန်းမြို့နယ် ဆယ်သိန်းရပ်ကွက်၊ သုမင်္ဂလာအိမ်ရာ သံဃာ့ဒါနဆွမ်းလောင်းအသင်း၊ ကုဿသယ မေ္ဘာရုံ အရုဏ်ဆွမ်းလောင်း မင်္ဂလာမဏ္ဍပ်၌ ပြုလုပ်စဉ်။ ၁၈၀

# ဆွမ်ပရာဘွမ်မြို့နယ်အတွင်းရှိ ကျေးရွာများ၏ သောက်သုံးရေ အရည်အသွေးစမ်းသပ်စစ်ဆေး

**ဆွမ်ပရာဘွမ် နိုဝင်ဘာ ၂**

ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ကျေးရွာများ၏ ကျေးလက်နေပြည်သူများ နေ့စဉ်သောက်သုံးလျက်ရှိသည့် ရေနမူနာများရယူကာ နိုဝင်ဘာ ၁ ရက်မှစ၍ ရေအရည်အသွေးများ စမ်းသပ် စစ်ဆေးပေးလျက်ရှိကြောင်း ဆွမ်ပရာဘွမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **(အောက်ပုံ)**

ထိုသို့ စစ်ဆေးပေးရာတွင် ဆွမ်ပရာဘွမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အငယ်တန်း အင်ဂျင်နီယာ-၂ ဦးအောင်ငြိမ်းချမ်းနှင့် ဝန်ထမ်းများက ဒေသခံပြည်သူများ၏ နေ့စဉ်သောက်သုံးလျက်ရှိသော ရေထွက်ပင်ရင်းမှ ရေနမူနာကို ရယူပြီး ရေများတွင် အီးကိုလိုင်ဗက်တီးရီးယားပိုးနှင့် လူနှင့်တိရစ္ဆာန်များ၏ အညစ်အကြေးများ ပါဝင်မှုရှိအား ၂၄ နာရီအတွင်း စစ်ဆေးပေးခြင်းဖြစ်ကြောင်း၊ အဆိုပါ အီးကိုလိုင်ပိုး၊ အညစ်အကြေးများ ပါဝင်မှု ရှိပါက ဝမ်းပျက်၊ ဝမ်းလျှောနှင့် အခြားသော ရောဂါများဖြစ်ပွားနိုင်သည့်အတွက် သောက်သုံးရန် သင့်မသင့် သိရှိနိုင်ရန်နှင့် ရောဂါဖြစ်ပွားမှု အန္တရာယ်မှ ကာကွယ်နိုင်ရန် ရည်ရွယ်၍ စစ်ဆေးရခြင်းဖြစ်ကြောင်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်ဦးက ပြောသည်။

မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရေး မြို့နယ်အတွင်းရှိ အင်ဆိုင်းယန်၊ ခင်ဒူယန်၊ ဖုန်ကျန်း၊ အင်ကောမ၊ ခင်ဒူကောင်၊ ပင်စောင်း၊ ဆူယန်၊ အင်တားဂလူ၊ လိုင်ဝါးယန်၊ ခါ့ကရန်းယန်၊ မိုင်ထောင် စသည့်ကျေးရွာ ၁၁ ရွာမှ အသုံးပြုလျက်ရှိသည့် ရေထွက်ပင်ရင်းများ၏ ရေများကို စမ်းသပ်စစ်ဆေး ပေးလျက်ရှိကြောင်း သိရသည်။

**သန်းလွင်(မကွေး)**






## အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot – line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂ - ၁၁ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၃၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၅၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၃၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၃၅၈၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၁၅/၅၅၅ | ကျပ် | ၅၅၅/၅၆၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၂၅/၅၇၀ | ကျပ် | ၅၇၀/၅၈၀ | ကျပ် |
| အောက်တိန်း ၉၂ | ၄၇၅/၅၀၅ | ကျပ် | ၅၃၅/၅၄၅ | ကျပ် |
| အောက်တိန်း ၉၅ | ၆၀၀/၆၂၀ | ကျပ် | ၆၆၀/၆၈၀ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၂၈၇ . ၄ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၅၁၃ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၄၅ . ၉၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၆၇၄ . ၆ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၃၄ . ၇ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၁၇ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၁ . ၇၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၇ . ၄၂၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၃ . ၅၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၀၉ . ၈၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၁ . ၂၈၉ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၀၀၀ | ၉၉၀၀ | ၂၃၁ | ၂၃၀၉၉၀၀ |
| MTSH | ၃၇၀၀ | ၃၆၅၀ | ၃၀၆ | ၁၁၂၇၁၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၂၅၀၀ | ၂၂၀၀၀ | ၅၄ | ၁၁၉၅၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၄၇၃ | ၁၂၈၀၉၀၀ |
| EFR | ၃၃၀၀ | ၃၅၅၀ | ၁၀၅ | ၃၄၇၁၀၀ |

ခင်ရတနာ – စုစည်းသည်

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | – | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | – | ဝင်းကျော် |
| သတင်းထောက်ချုပ် | – | မြင့်ဆွေ |
| စာတည်းများ | – | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊ |
| ဘာသာပြန် စာတည်း | – | ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | – | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | – | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး၊ မိမိဖြိုး |
| ဓာတ်ပုံ သတင်းထောက် | – | တင်စိုး |
| သုတေသန | – | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – | ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – | ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – | သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-**စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# သံပုံစေတီပွဲ ဓလေ့

**မောင်သာ(ရှေးဟောင်းသုတေသန)**

**မြန်မာတို့၏ ၁၂ လ ရာသီပွဲတော်များတွင် တပေါင်းလ သံပုံစေတီပွဲဟု ဖော်ပြထားသည့်အတိုင်း တပေါင်းလတွင် ဗုဒ္ဓဘုရားရှင်ကို ရည်မှန်းလျက် သဲများဖြင့် စေတီတည်ကာ ပူဇော်သည့်ထုံးတမ်းသည် အလွန်ထင်ရှားခဲ့သည်။ ယခုအချိန်တွင် သံပုံစေတီပွဲကျင်းပသည့် မြန်မာ့ယဉ်ကျေးမှုဓလေ့သည် နည်းပါးခဲ့ပြီဖြစ်သည်။**

သို့တိုင်အောင် ရှေးအခါက တည်ထားခဲ့သည့် သံပုံစေတီများကို မန္တလေးမြို့နှင့် ရန်ကုန်မြို့အပါအဝင် မြန်မာနိုင်ငံ၊ နေရာဒေသအချို့၌ ယခုတိုင် ဖူးမြင်နိုင်ကြသည်။ ယင်းတို့အနက် မန္တလေးမြို့၌ သံပုံစေတီများသည် ရွှေတချောင်း၏အရှေ့ဘက်ခြမ်းတွင် ငါးဆူနှင့် အနောက်ဘက်ခြမ်းတွင် တစ်ဆူတည်ရှိသည်။ ထို့အတူ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်၊ စမ်းချောင်း၊ တွံတေး စသည့် မြို့နယ်များ၊မွန်ပြည်နယ်၊ သထုံ၊ မော်လမြိုင် စသည့် မြို့နယ်များနှင့် ကျိုက္ခမီ၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်အပါအဝင် နေရာ ဒေသများစွာ၌ သံပုံစေတီများကို တွေ့ရှိနိုင်ကြပေသည်။

### တပေါင်းလ နှင့် မြန်မာနိုင်ငံ

မြန်မာပြက္ခဒိန်နှစ်တွင် တပေါင်းလသည် ၁၂ လမြောက်နှင့် နောက်ဆုံးလဖြစ်ကာ ဆောင်းရာသီမှ နွေရာသီသို့ကူးပြောင်းသည့်လ ဖြစ်သည်။ဆောင်းရာသီမကုန်သေးသဖြင့် ညပိုင်းတွင် အေးချမ်း၍ နွေရာသီရောက်ပြီဖြစ်သဖြင့် နေ့ပိုင်းတွင် ပူပြင်းလေ့ရှိသောကြောင့် တပေါင်းလကို နေ့ပူ ညချမ်း၊ တပေါင်းလ လသရမ်းဟုဆိုခဲ့ကြသည်။ မြန်မာနိုင်ငံ၌ နွေမိုးဆောင်းသုံးရာသီတွင် တပေါင်းလပြည့်နေ့အထိသည် ဆောင်းရာသီတွင်ပါဝင်၍ တပေါင်းလပြည့်ကျော် တစ်ရက်မှစ၍ နွေရာသီသို့ ရောက်ရှိသည်။ တပေါင်းလတွင် များစွာသော အပင်များဖူးပွင့်ကြပြီး သရဖီနှင့် ပုန်းညက်ကို တပေါင်းလ၏ ပန်းများအဖြစ် သတ်မှတ်ခဲ့သည်။

ဦးဖိုးလတ်က တပေါင်းလကို ထန်းလျက်ချက်သည့်လ ဟုဆို၍ လေ့သင်းအတွင်းဝန်က တပေါင်းသည် တပသျှားမှလာ၍ ပူပန်ခြင်းကောင်းသောလ (အပူပြင်းထန်သောလ)ဖြစ်သည်ဟုဆိုကြောင်း စာရေးဆရာကြီးမောင်ထင်က ကောက်နုတ်ပြခဲ့သည်။၁၂ လရာသီစွင်၌ တပေါင်းလသည် မိန်ရာသီတွင် ကျရောက်၍ ငါးနှစ်ကောင်အရုပ်က တပေါင်းလကို ကိုယ်စားပြုသည်။

ဘုရားရှင် လက်ထက်တော်က ကာဠုဒါယီအမတ်သည် ဘုရားရှင်အား ဖူးမြင်လိုသည့် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးအား ရာဇဂြိုဟ်မှ ကပိလဝတ်သို့ ကြွမြန်းရန် တပေါင်းလ၏ သာယာပုံများကို လျှောက်ထားခဲ့သည်။ ယင်းအကြောင်းအရာများကို ကဗျာစာဆို ရှင်အုန်းညို၊က ဂါထာခြောက်ဆယ် ပျို့အမည်ဖြင့် စပ်ဆိုခဲ့သည်။

မြန်မာနိုင်ငံရှိ ထင်ရှားသော စေတီပုထိုးအချို့၏ဘုရားပွဲတော်များကို တပေါင်းလတွင်ကျင်းပလေ့ရှိရာ ရွှေတိဂုံဘုရား ပွဲတော်သည်လည်း အပါအဝင်ဖြစ်သည်။ အောက်မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ သိမ်းပိုက်ထားချိန်ဖြစ်သည့် မြန်မာသက္ကရာဇ် ၁၂၃၃ ခုနှစ်တွင် မင်းတုန်းမင်းသည် ရန်ကုန်မြို့သို့မှူးမတ်များကိုစေလွှတ်ကာ ရွှေတိဂုံစေတီတော်ကို ထီးတော်တင်စေခဲ့ပြီး ထိုနှစ် တပေါင်းလပြည့်(၁၈၇၂ ခုနှစ် မတ်လ ၁ ရက်) တွင် ရွှေတိဂုံဘုရားပွဲတော်ကို ကျင်းပခဲ့သည်။ ရွှေတိဂုံဘုရားပွဲတော်ကို ဂျပန်ခေတ်မှလွဲ၍ ယခုတိုင် နှစ်စဉ်ကျင်းပလျက်ရှိပေသည်။

### သံပုံစေတီအစ

မြန်မာဝေါဟာရ စေတီသည် ပါဠိဝေါဟာရ စေတိယမှ ဆင်းသက်လာကာ မြန်မာအဘိဓာန်တွင် စေတီကို ရိုသေပူဇော်အပ်သည့် အရာ၊ ဓာတ်တော် မွေတော်တို့ကို ဌာပနာထားသော အဆောက်အအုံဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ ထို့အတူ သံပုံစေတီကို ခွေ အဆင့်ဆင့်ခံ၍ သဲဖြင့် တည်ထားသော စေတီဟု အနက်ဖွင့်သည်။ စေတီတော် လေးမျိုးဖြစ်သည့် ဓာတုစေတီ၊ ဓမ္မစေတီ၊ ပရိဘောဂစေတီနှင့် ဥဒ္ဒိဿစေတီတို့အနက် သံပုံစေတီသည် မြတ်စွာဘုရားရှင်ကို ရည်မှတ် ရှိခိုးပူဇော်ရန် တည်ထားကိုးကွယ်သည့် ဥဒ္ဒိဿစေတီဖြစ်သည်။

ကဿပ်ရာ ဘုရားရှင်လက်ထက်တွင် သူဆင်းရဲတစ်ဦးသည် စေတီဘုရား တည်သည့် ကုသိုလ်ကောင်းမှုများတွင် မပါဝင် နိုင်သဖြင့် စိတ်မချမ်းမသာဖြစ်ခဲ့သည်။ တစ်နေ့၌ သူသည် မြစ်ကမ်းနဖူးတစ်နေရာ၌ နေရောင်ခြည်ကြောင့် ငွေရောင်တောက်နေသည့် သဲပုံမို့မို့ တစ်ခုကို တွေ့ရှိခဲ့ကာ ကြည်ညိုလှသော စိတ်ဖြင့် သဲမှုန်များကို ရှုံ့နှင့်ရောစပ်လျက် စေတီတစ်ဆူကို တည်ကာ ပန်းများဖြင့် တန်ဆာဆင်ခဲ့သည်။ စာပေမှတ်တမ်းများအရ ပထမဆုံး သံပုံစေတီတည်ခြင်းဖြစ်သည်။

ပိဋကတ်သုံးပုံ၊ ထေရာအပါဒါန်တွင် ယမကတောင်အနီးရှိ ကျောင်းသခ်န်းတွင် သီတင်းသုံးနေသည့် နာရဒရသေ့သည် အမရိကမြစ်သို့ ချဉ်းကပ်၍ သဲပုံစေတီတည်ကာ သက်တော်ထင်ရှားမြတ်စွာဘုရားကဲ့သို့ ရည်စူးရှိခိုးခဲ့ကြောင်း ဖော်ပြထားသည်။

ထို့အတူ အင်္ဂုတ္တိုရ် အဋ္ဌကထာ၊ မောဃရာဇတ္ထေရဝတ္ထု၌ ဗာဝရီအမည်ရှိ ပုဏ္ဏားရသေ့၏ သစ်ရွက်မိုးသောကျောင်း၏ တံခါး၌ သဲပုံစေတီကို တည်၍ နီသောအဆင်းရှိသော ပန်းတို့ကို ကြဲခဲ့ကြောင်း ရေးသားထားသည်။

တပေါင်းလ၌ သဲပုံစေတီတည်ကြသည့် အကြောင်းကို ဦးယာ၏ တပေါင်းလဘွဲ့လူးတား၊ လူဦးမင်း၏ ဆယ့်နှစ်ရာသီ လေးချိုး၊ မဟာအတုလမင်းကြီး၏ ဆယ့်နှစ်ရာသီဘွဲ့လွမ်းချင်း၊ ဦးအောင်ကြီး၏ ဆယ့်နှစ်ရာသီဘွဲ့လူးတားစသည်တို့တွင် ဖတ်ရှုနိုင်ကြပေသည်။

သဲပုံစေတီများကို အများအားဖြင့် တပေါင်းလတွင် တည်ကြကာ အချို့အရပ်ဒေသများတွင် တန်ဆောင်မုန်းလနှင့် တန်ခူးလတို့တွင် သဲပုံစေတီပွဲ ကျင်းပခြင်းများလည်း ရှိခဲ့သည်။

### ရှေးက သဲပုံစေတီ ပွဲ

သဲပုံစေတီများကိုတည်ရာတွင် ယေဘုယျအားဖြင့် ဉာဏ်တော် အမြင့်သည် အလွန်အရေးမကြီးဘဲ သုံးပေမှ ကိုးပေ အကြား တည်ကြပြီး အဝိုင်းပုံခွေ ငါးဆင့်ပါရှိသည်။ အပေါ်သို့ တစ်ဆင့်မှ တစ်ဆင့် သေးငယ်သွားသည့် ခွေငါးဆင့်သည် မြင့်မိုရ်တောင်၏ ဘုံငါးဆင့်ကို ရည်ညွှန်းသည်။ သဲပုံစေတီတည်ရန် ခွေများကို ကြိမ်သို့မဟုတ်ဝါးဖြင့် ရက်လုပ်၍ အတွင်းသို့ သန့်ရှင်းသောသဲဖြူများ ဖြည့်သွင်းကာ ဘေးပတ်လည်ကို ရွှေလွှာ၊ ငွေလွှာများဖြင့် အလှဆင်သကဲ့သို့ ငှက်ပျောဖက်များဖြင့်လည်း ပတ်ထားလေ့ရှိသည်။ စေတီ၏ထိပ်တွင် တံခွန်ကုက္ကားများ စိုက်ထူပြီးနောက် သဲပုံစေတီကို အနေကဇာတင်ကာ ဆွမ်း၊ ပန်း၊ ဆီမီး၊ သစ်သီးနှင့် လှူဖွယ် ဝတ္ထုများ လှူဒါန်းကြသည်။ ရွာသူရွာသားများက အိုးစည်ဗုံမောင်းများတီးခတ်၊ ကခုန်၍ စေတီတော်ကို သုံးပတ် လှည့်လည် ပူဇော်ကြကာ သဲပုံစေတီပွဲကိုကျင်းပကြသည်။ အချို့သော ဒေသများတွင် သံဃာတော်များကို ပင့်ဖိတ်၍ ရွာသူရွာသားများက သီလ ဆောက်တည်ကာ တရားနာယူလေ့ရှိခဲ့ကြသည်။

ရှေးအခါက သဲပုံစေတီများကို မြစ်ချောင်းကမ်းများအနီး၌ တည်ထားလေ့ရှိခဲ့သည်။ နွေဦးရာသီ တပေါင်းလသို့ ရောက်လျှင် မြစ်ချောင်းများတွင် ရေလျော့နည်းလာကာ သဲများပေါ်လာလေ့ရှိသဖြင့် ထိုသဲများဖြင့် စေတီတည်ကာ ကုသိုလ်ယူကြသည့် ဓလေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အလွန်မြတ်နိုးဖွယ်ရာ ထုံးတမ်းတစ်ရပ်ဖြစ်ခဲ့သည်။ ယင်းအချိန်သည် လယ်ယာလုပ်သားများ စိုက်ပျိုးရေးလုပ်ငန်းများ ရပ်နားချိန်ဖြစ်သဖြင့် အားလပ်သည့် အချိန်လည်း ဖြစ်ပေသည်။

### မြန်မာနိုင်ငံနှင့် သဲပုံစေတီ

မြန်မာနိုင်ငံတွင် သဲပုံစေတီများကို မည်သည့်အချိန်တွင် ပထမဆုံး တည်ခဲ့ကြောင်း အတိအကျ မသိရှိရသေးသော်လည်း အင်းဝခေတ်စာဆိုရှင်မဟာသီလဝံသသည် ဗုဒ္ဓုပ္ပတ္တိပျို့တွင် သဲပုံစေတီပွဲကိုထည့်သွင်းစပ်ဆိုခဲ့သဖြင့် အင်းဝခေတ်တွင် သဲပုံစေတီတည်သည့် ဓလေ့ရှိနေပြီဟု ယူဆနိုင်ပေသည်။ အလောင်းမင်းတရားလက်ထက်တွင်ပြုစုခဲ့သည့် အင်ရုံစာတမ်း၊ ၁၂ ရာသီပွဲ တော်များတွင် သဲပုံစေတီပွဲတော် မပါရှိခဲ့သော်လည်း လက်ဝဲသုန္ဒရ၏ သာဓိနပျို့တွင် ဂူလုံးသဲပုံ ဟူသည့် စကားလုံးကို ထည့်သွင်း ရေးဖွဲ့ခဲ့သည်။ ထို့ကြောင့် ပျို့ပါ အထောက်အထားအရ ကုန်းဘောင်ခေတ်လယ်တွင်လည်း မြန်မာနိုင်ငံ၌ သဲပုံစေတီ တည်ထားသည့် ဓလေ့ရှိခဲ့ကြောင်း မှန်းဆနိုင်ခဲ့ကြသည်။

သုတေသီအချို့က သဲပုံစေတီတည်ထားခြင်းဓလေ့သည် မြန်မာနိုင်ငံသို့ ရောက်ရှိလာခဲ့သည့်ယိုးဒယားများနှင့် အတူပါလာသည့် ဓလေ့ဖြစ်ကြောင်း ယူဆခဲ့သည်။



ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ ဗုဒ္ဓဝါဒြုက သဲပုံစေတီ။

ကုန်းဘောင်မင်းဆက်၊ မြေဒူးမင်းလက်ထက်၊ ၁၇၆၄ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်တွင် မဟာနော်ရထာအကြီးအမှူးပြုသည့် စစ်သည် ၂၀၀၀၀ သည် ယိုးဒယားသို့စစ်ချီခဲ့သည်။ ၁၇၆၆ ခုနှစ် နိုဝင်ဘာလတွင် စစ်သူရဲမဟာနော်ရထာသည် ယိုးဒယားတွင် ကွယ်လွန်ခဲ့ပြီးနောက် နေမျိုးသီဟပတေ့သည် ၁၇၆၇ ခုနှစ်ဧပြီလ ၇ ရက်တွင် ယိုးဒယား(ထိုင်း)ကို ထီးနန်းမြို့ပြတိုင်းခရိုင်အလုံး သိမ်းရုံး အောင်မြင်ခဲ့ပြီး ယိုးဒယားမင်း၊ မိဖုရား၊သမီး၊နမ၊မြေးတို့နှင့်တကွ ယိုးဒယားအိမ်ထောင်စုများကိုနေပြည်တော်သို့ ခေါ်ဆောင်လာခဲ့သည်။ ယင်းတို့တွင် ရဟိုင်း၊ ပိတ်တုံကျော်၊ သောက္ကတဲ၊ သုဝဏ်ခလောက်၊ ပိဿလောက်နှင့် ယွန်း၊ ဇင်းမယ်၊ လောမှ မိသားစုများ ပါဝင်ခဲ့သည်။

ယွန်း၊ ဇင်းမယ်၊ လောမှ မိသားစုဝင်များကို လင်းဇင်းတပ်ဖွဲ့တွင် ဇင်းမယ်အမှုထမ်းများအဖြစ် ခန့်ထားခဲ့သည်။ အမရပူရ မြို့တွင် တည်ရှိသည့် လင်းဇင်းကုန်းသည် လင်းဇင်းတပ်ဖွဲ့ဝင်များနှင့် လင်းဇင်းမင်းမှုထမ်းများ နေထိုင်ခဲ့သည့် ရပ်ကွက်ဖြစ်ခဲ့သည်။ မြေဒူးမင်းသည် မင်းနေပြည်တော်ဖြစ်လာမည့် အမရပူရနေရာနှင့် မန္တလေးဝန်းကျင်၌ ယိုးဒယားမှ ခေါ်ဆောင်လာသူများကို နေရာချထားခဲ့ရာ မင်းသားစုရပ်ကွက်(၈၂ လမ်းနှင့် ၄၅ လမ်း တစ်ဝိုက်)တွင် ယိုးဒယားမင်းညီမင်းသားများနှင့် တော်ဝင်မိသားစုများ နေထိုင်ခဲ့ကြသည်။ အမတ်များကို မုန့်တီစု အရပ်၊ အခိုင်းအစေများကို ပလင်းဝင်း၊ ဗျောက်အိုးလုပ်သူများကို မတ္တရာနယ်၊ ဆူးခါးရွာတွင် နေရာချထားခဲ့သည်။

၁၇၈၃ ခုနှစ် မေလ ၁၂ ရက်တွင် ဘိုးတော်ဘုရား ဗဒုံမင်းသည် အင်းဝမှ အမရပူရသို့ပြောင်းရွှေ့ နန်းစံခဲ့ပြီးနောက် ဝင်းတော်မှူး ဦးရောက်ကြီးကို ကြီးကြပ်စေလျက် မတ္တရာနှင့် အမရပူရကိုဆက်သွယ်သည့် ရွှေတချောင်းကို တူးဖော်ခဲ့သည်။ ရွှေတချောင်းတူးဖော်ရာတွင် ချောင်းနေရာအနီးတွင် နေထိုင်နေကြသည့် ယိုးဒယားများလည်း ပါဝင်ခဲ့သည်။

ရွှေတချောင်းသည် ရေစီးသန်သည့် ချောင်းတစ်ခုဖြစ်ကာ မတ္တရာမှ တက်သေးအင်းအထိ လှေများဖြင့် သွားလာနိုင်ခဲ့ပြီး ကုန်စည်ပို့ဆောင်၊ ကူးသန်းရောင်းဝယ်ရေးတွင် အရေးပါသည့် ရေလမ်းကြောင်းလမ်းဖြစ်လာခဲ့သည်။ ထို့ကြောင့် ယိုးဒယားတို့သည် ရွှေတချောင်းအနီးသို့ ပြောင်းရွှေ့၍ မင်းသားစု ရပ်ကွက်နှင့် ရဟိုင်းရပ်ကွက်နေရာများတွင် နေထိုင်ခဲ့ကြသည်။ ယင်းရပ်ကွက်များနှင့် ဆက်စပ်လျက် ယိုးဒယားဈေးပေါ်ပေါက်လာခဲ့ကာ ယိုးဒယားလူမျိုးများကိုးကွယ်သည့် ရာမနတ်စင်များ ကျန်ရှိခဲ့သည်။ သဲပုံစေတီကိုးကွယ်သည့်ဓလေ့ကို ယိုးဒယားတို့ နေထိုင်ခဲ့သည့် ရွှေတချောင်းမြောင်းတစ်လျှောက်၌ တွေ့ရှိရပေသည်။

### မန္တလေးမြို့နှင့် သဲပုံစေတီများ

အစောပိုင်းတွင် သဲပုံစေတီများကို ရွှေတချောင်းမြောင်း အနောက်ဘက်တွင် တည်ထားခဲ့ကြသော်လည်း သုံးနှစ်တစ်ကြိမ် ရေလွှမ်းမိုးမှုကြောင့် အရှေ့ဘက်ကို ပြောင်းရွှေ့တည်ထားခဲ့ကြသဖြင့် မြောင်း၏ အရှေ့ဘက်ကမ်းတွင် ငါးဆူနှင့် အနောက်ဘက်ကမ်းတွင် တစ်ဆူ တည်ရှိသည်။

သဲပုံစေတီများကို စတင်တည်ထားခဲ့စဉ်က မြစ်ချောင်းများအနီးတွင် ဖြူစင်သန့်ရှင်းသော သဲများဖြင့်သာတည်ခဲ့ကြပြီး တစ်နှစ်လျှင် တစ်ကြိမ် ပြန်လည် တည်ကြမြဲဖြစ်သည်။သို့သော်နောက်ပိုင်းတွင် အုတ်နှင့် ဘိလပ်မြေကို အသုံးပြု၍ တည်ခဲ့ကြသဖြင့် အချိန်တိုအတွင်းပြိုပျက်ခြင်းမရှိတော့ဘဲ ယနေ့တိုင်မြင်တွေ့ကြရပေသည်။

မန္တလေးမြို့၊ရွှေတချောင်းမြောင်းတစ်လျှောက်ရှိ သဲပုံစေတီခြောက်ဆူသည် အထူးထင်ရှားခဲ့ရာလေးဆူကို အုတ် အင်္ဂတေများဖြင့် အခိုင်အမာ တည်ဆောက်ခဲ့ပြီး ရွှေတချောင်းအနောက်ဘက်ကမ်း၊ မင်းသားစု ရပ်ကွက်ရှိ သဲပုံစေတီနှင့်ချောင်းအရှေ့ဘက်ကမ်း၊ မဟာအောင်မြေမြို့နယ်၊ မုန့်တီစုရပ်ကွက်၊ ၃၇ လမ်းနှင့် ၃၈ လမ်းအကြား၊ ၈၅ လမ်းပေါ်ရှိ သဲပုံစေတီတို့ကို သဲဖြင့် နှစ်စဉ် တည်ထားကာ အစဉ်အလာကို ထိန်းသိမ်းလျက်ရှိသည်။

*စာမျက်နှာ ၂၇ သို့*

**"သဲပုံစေတီများကို စတင်တည်ထားခဲ့စဉ်က မြစ်ချောင်းများအနီးတွင် ဖြူစင်သန့်ရှင်းသော သဲများဖြင့်သာတည်ခဲ့ကြပြီး တစ်နှစ်လျှင် တစ်ကြိမ် ပြန်လည်တည်ကြမြဲ ဖြစ်သည်။ သို့သော်နောက်ပိုင်းတွင် အုတ်နှင့် ဘိလပ်မြေကို အသုံးပြု၍ တည်ခဲ့ကြသဖြင့် အချိန်တိုအတွင်း ပြိုပျက်ခြင်းမရှိတော့ဘဲ ယနေ့တိုင် မြင်တွေ့ကြရပေသည်"**

# အတွေးအမြင်ကို ရှင်သန်နေစေချင်သူ

ခင်လှိုင်ကြူ

"စိတ်မကောင်းလိုက်တာ… စိတ်မကောင်းလိုက်တာ" သည်စကားစုကိုပင် ကျွန်မ အကြိမ်ကြိမ် ရေရွတ်နေမိသည်။

အတွေးအမြင်စာစောင်ကို ဆရာမောင်ဝံသ မရှိတော့သော်လည်း ဆက်လက်ရှင်သန်စေရန် အားထုတ်ကြိုးပမ်းခဲ့သူ၊ ဆရာ၏ ချစ်ဇနီး ဒေါ်မြင့်မြင့်(သီရိဝံသ) ဆုံးသည့် သတင်းသည် နွေခေါင်ခေါင်မှာ မိုးကြိုးပစ်သံကြားလိုက်ရသလို ကျွန်မအကြီးအကျယ် တုန်လှုပ်သွားမိသည်။ စိတ်ထိခိုက်မိပါသည်၊ နှမြောတသ ကြေကွဲဝမ်းနည်းရပါသည်။

အတွေးအမြင်မှာ ကျွန်မရေးဖြစ်သည်မှာ ဆရာ မောင်ဝံသ၏ တိုက်တွန်းချက်ကြောင့် ဖြစ်ပါသည်။ ဆရာက သူ့အတွေးအမြင်မှာ ရေးပေးဖို့ပြောတော့ ကျွန်မ လက်တွန့်မိသည်။ ကျွန်မနားလည်ထားသည်မှာ အတွေးအမြင်က ကျွန်မ အရေးအသားနှင့် လိုက်ဖက်သည်မဟုတ်။ ကျွန်မက ဝတ္ထုရေးသူ၊ ဆောင်းပါးတို့၊ အက်ဆေးတို့ ရေးလေ့ရှိသူမဟုတ်။ ရေးတတ်သူမဟုတ်။ သည့်ထက် အတွေးအမြင်မှာ ရေးနေကြသည်မှာ အများအားဖြင့် ပညာရှင်များ ဖြစ်ကြသည်။ ဒဿနတွေ၊ အယူအဆတွေကို အထောက်အထား အချက်အလက်တွေနှင့် ရေးကြသည်ကို ဖတ်နေရသည့်အတွက် ဝတ္ထုသာရေးတတ်သော "ကျွန်မအရေးအသားက အဆင်မပြေ" ဟု ယူဆ၍ ကျွန်မ ဆရာ့ကို ငြင်းပါသည်။

### အတွေးအမြင် ဆက်လက်ရှင်သန်စေလို

ဆရာက ရေးပါဟု တိုက်တွန်းပြန်တော့ ဆရာ့ကိုအားနာပြီး ရေးဖြစ်ခဲ့သည်။ အဆင်ပြေပ့ါမလားဟု စိုးရိမ်မိသည်။ ဆရာက လိုလိုလားလား တိုက်တွန်းတော့ ရံဖန်ရံခါ ဆိုသလို ရေးဖြစ်ခဲ့သည်။ ဆရာကွယ်လွန်သွားတော့ ဆရာ့ဇနီးက အတွေးအမြင်ကို အသက်ဆက်ရှင်သန်စေလိုသည့်အတွက် ရေးပေးပါ ဆိုပြန်သည်။ ကျွန်မဆက်ရေးဖြစ်သည်။ ဆရာ့အတွေးအမြင် ဆက်လက်ရှင်သန်ဖို့ တစ်တပ်တစ်အားအနေဖြင့် ရေးခဲ့သည်။ ဆက်တိုက်ရေးနိုင်သမျှ ရေးဖြစ်အောင် ကြိုးစားခဲ့သည်။ အဓိကမှာ ဆရာ့ဇနီးသည် မြင့်မြင့်၏ အတွေးအမြင် ဆက်လက်ရှင်သန်စေလိုသည့် စေတနာကို အသိအမှတ်ပြု လေးစားသည့်အတွက် ဖြစ်ပါသည်။

ကျွန်မနှင့် မြင့်မြင့်က ကျောင်းနေဖက် သူငယ်ချင်းတော့ မဟုတ်ပါ။



သို့သော်လည်း ကျွန်မတို့ သူငယ်ချင်း ဖြစ်ခဲ့ကြပါသည်။

### ယုံကြည်ချက်တူသူ ရဲဘော်ရဲဘက်များ

ကျွန်မခင်ပွန်းသည် ကွယ်လွန်သွားသည့်အချိန်မှာ ခင်ပွန်းသည်နှင့် ယုံကြည်ချက်တူသူ ရဲဘော်ရဲဘက်များနှင့် သူတို့၏ ဇနီးသည်များက စာနာစိတ်ဖြင့် အားပေးနှစ်သိမ့်ကြသည်။ သည်အထဲမှာ ခင်ပွန်းသည်နှင့်အတူ ရန်ကုန်တက္ကသိုလ်ကျောင်းသားလှုပ်ရှားမှုမှာ အတူတိုက်ပွဲဝင်ခဲ့သည့် သူငယ်ချင်း၊ နောက်ဆုံး ကွယ်လွန်သည့်အချိန် ထောင်ထဲမှာ အတူနေခဲ့ကြသည့် ဆရာမောင်ဝံသက ကျွန်မကို ပိုပြီး သံယောဇဉ်ရှိသည်၊ အားပေးသည်၊ ကူညီသည်။ မိန်းမချင်းဖြစ်သည့် မြင့်မြင့်ကတော့ ပြောဖွယ်မရှိ။ ကိုယ်ချင်းစာစိတ်၊ ကြင်နာစိတ်ဖြင့် ကျွန်မကို အားပေးခဲ့သည်။ သည်ကတည်းက ကျွန်မတို့ သူငယ်ချင်း ဖြစ်ခဲ့သည်။

ဆရာမောင်ဝံသ ကွယ်လွန်သွားသည်။ ကျွန်မတို့ ဘဝတူ ဖြစ်သွားသည်။ သူနှင့်ကျွန်မ တစ်ခါတစ်ရံ ဒေါင်းစာပေအိမ်မှာ လူချင်းဆုံဖြစ်သည်။ မိတ်ဖက်ဖြစ်သူတို့၏ ကိစ္စကြီးငယ်ရှိလျှင် အတူသွား အတူလာ လုပ်ခဲ့ကြသည်။ အထူးသဖြင့် ညဘက်များမှာ ဖုန်းဆက်ပြီး စကားတွေ ပြောဖြစ်ကြသည်။ အထီးကျန်ဆန်သောဘဝ၏ နေ့ရက်များကို စကားစမြည် ပြောရင်း ဖြေဖျောက်ခဲ့ကြသည်။ ရွယ်တူချင်း၊ ဘဝတူချင်း၊ အတွေးတူသူချင်း စကားစမြည်ပြောရသည့် အရသာကို ကျွန်မတို့ ခံမင်ခဲ့ကြသည်။

### နည်းတဲ့သတ္တိမဟုတ်

အတွေးအမြင်ကို ဆရာမောင်ဝံသက ၁၉၈၄ခုနှစ် အောက်တိုဘာလမှာ ဦးစီးထုတ်ဝေခဲ့သည်။ အဲဒီကတည်းက မြင့်မြင့်ဆိုသည့် ဆရာ့ဇနီးက သီရိဝံသအမည်နဲ့ အယ်ဒီတာအဖြစ် တာဝန်ယူခဲ့သည်။ ဆရာမောင်ဝံသက နိုင်ငံရေးလောကမှာ လှုပ်ရှားဆောင်ရွက်နေချိန် ကာလတစ်လျှောက် နောက်ပိုင်းက မိသားစုတာဝန်အပြင် အတွေးအမြင် ပုံမှန်ထွက်နိုင်ဖို့ အများကြီး ပံ့ပိုးပေးခဲ့သည့် ပါရမီဖြည့်ဖက် ဇနီးတစ်ယောက် ဖြစ်ခဲ့သည်။ ဆရာအဖမ်းခံရပြီး ထောင်ထဲရောက်ချိန်မှာလည်း အတွေးအမြင် ရပ်မသွားအောင် သူလုပ်နိုင်ခဲ့သည်။ အလွန်ပင်ပန်းသည့်အလုပ်။ အာဏာပိုင်တွေ၏ အငြိုအငြင်ကို အန်တုပြီး ဖြစ်အောင်လုပ်ရသည်မှာ နည်းတဲ့သတ္တိမဟုတ်။

ဆရာမောင်ဝံသ မရှိတော့သည့်အချိန်၊ မမျှော်လင့်ဘဲ မှီခိုရာ၊ အားထားရာ လက်တွဲဖော် မရှိသည့်အချိန်၊ အားအင်ကုန်ခန်းလို့ ခြေကုန်လက်ပန်း ကျနေသည့်အချိန်မှာ သူ့ကိုယ်သူ ထောင်မတ်ပြီး ခင်ပွန်းသည် တန်ဖိုးထားသည့် အတွေးအမြင်၊ စာဖတ်ပရိသတ်တွေ တန်ဖိုးထားသည့် အတွေးအမြင်ကို ဆက်လက်ရှင်သန်အောင် သူလုပ်ခဲ့သည်၊ လုပ်နိုင်ခဲ့သည်။ ချီးကျူးစရာပါ။

တစ်ခါတလေ ကျွန်မက စာမူပို့ရမယ့်ရက်ကို မေ့လျော့နေသည့်အခါ၊ အဆင်သင့် ရေးစရာမရှိသေးလို့ ဈေးဆစ်သည့်အခါ အတွေးအမြင် မရပ်စေချင်လို့ သူ အပင်ပန်းခံပြီး လုပ်နေတာကို ပေ့ါပေ့ါတန်တန် သဘောထားရကောင်းလားဆိုသည့်သဘော သူငယ်ချင်းပြော ပြောတတ်သည်။ သူ အတွေးအမြင်ပေါ်မှာ အလေးအနက်ထားသည်ကို ကျွန်မ နားလည်ပါသည်။ သူ ပြောလေ့ရှိပါသည်။

"ကိုယ် အသက်ရှင်နေသရွေ့တော့ အတွေးအမြင် မရပ်အောင် ဆက်လက်ရှင်သန်နေအောင် လုပ်သွားမှာပဲ"တဲ့။

အခု သူ မရှိတော့ပြီ။ သမီးကြီးထိုက် ရေးထားသည်ကို ဖတ်လိုက်ရသည်။ သူက အတွေးအမြင်ကို ဆက်လက်တာဝန်ယူ လုပ်သွားမယ်တဲ့။ မိဘရဲ့ စာပေတာဝန်ကို ဆက်လက်ထိန်းသွားမယ်ဆိုတဲ့သဘောပေ့ါ။

အခြေအနေအရ အတွေးအမြင် ယာယီရပ်ဆိုင်းထားသည့်အချိန်မှာ သူ့ဆီမှာ ကျွန်မရဲ့စာမူနှစ်ခုရှိပါသည်။ တစ်ခုက တောင်နှင့် ပတ်သက်သည့်အကြောင်း၊ တစ်ခုက ချောင်းနှင့် ပတ်သက်သည့်အကြောင်း၊ သူက နောက်တစ်ပုဒ်ဆိုရင် တောနဲ့ပတ်သက်တာ ရေးတဲ့။ အခုတော့ တောနဲ့ ပတ်သက်တာ မရေးရဘဲ သူ့အကြောင်း ရေးနေရပြီ။

သူငယ်ချင်း မြင့်မြင့်ရေ …

မိသားစု ဝတ္တရားကျေတဲ့ အမေ၊ စာပေဝတ္တရားကျေတဲ့ ဒေါင်းမိခင်၊ စိတ်ကောင်းရှိတဲ့ အမျိုးသမီး၊ သဘောထား ပြည့်တဲ့ မိန်းမမြတ်၊ ကိုယ်ချစ်တဲ့ သူငယ်ချင်း… မြင့်မြတ်တဲ့ဘုံမှာ အေးချမ်းစွာ နားနေပါတော့။

သံသရာတစ်ကွေ့မှာ အခုလိုပဲ သူငယ်ချင်း သို့မဟုတ် ညီအစ်မအဖြစ်နဲ့ ချစ်ခင်စွာ ပြန်ဆုံချင်ပါသေးတယ်။ အဲဒီ အခါမှာတော့ ကိုယ်တို့တွေ ခက်ခဲကြမ်းတမ်းတဲ့ ဘဝတွေနဲ့ မဟုတ်ဘဲ သာယာအေးချမ်းတဲ့ ဘဝတွေ ပိုင်ဆိုင်ချင်ပါတယ်။ ။

**"ဆရာမောင်ဝံသ မရှိတော့သည့်အချိန်၊ မမျှော်လင့်ဘဲ မှီခိုရာ၊ အားထားရာ လက်တွဲဖော်မရှိသည့်အချိန်၊ အားအင်ကုန်ခန်းလို့ ခြေကုန်လက်ပန်းကျနေသည့်အချိန်မှာ သူ့ကိုယ်သူ ထောင်မတ်ပြီး ခင်ပွန်းသည် တန်ဖိုးထားသည့် အတွေးအမြင်၊ စာဖတ်ပရိသတ်တွေ တန်ဖိုးထားသည့် အတွေးအမြင်ကို ဆက်လက်ရှင်သန်အောင် သူလုပ်ခဲ့သည်၊ လုပ်နိုင်ခဲ့သည်။ ချီးကျူးစရာပါ"**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပင်လည်ဘူးမြို့နယ် မူးမြစ်ကူး တံတားတည်ဆောက်

ပင်လည်ဘူး နိုဝင်ဘာ ၂

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပင်လည်ဘူးမြို့နယ်နှင့် ၁၈ မိုင်ခန့် ဝေးသော ကနီအုပ်စု ဝမ်းဘဲအင်းကျေးရွာအနီးတွင် ဘိုးပိုင်အုတ်မြစ်ချ သံကူကွန်ကရစ် ကိုယ်ထည်နှင့် အပေါ်ထည် သံကူကွန်ကရစ်ကြမ်းခင်း၊ တန် ၆၀ ခံနိုင်ဝန်ရှိပြီး အရှည်ပေ ၁၀၀၀ ရှိသည့် မူးမြစ်ကူးတံတား တည်ဆောက်လျက်ရှိသည်။

ပင်လည်ဘူး၊ကောလင်း၊ကျွန်းလှ သုံးမြို့နယ်ရှိ သီးနှံများ ထွက်ရာ မြို့နယ်ချင်းဆက် ကူးသန်းနိုင်ရန် တံတားအထူးအဖွဲ့ (၁) အထူးအဖွဲ့ (၄) မှ တာဝန်ခံ၍ မူးမြစ်ကူးတံတား သံကူကွန်ကရစ် တံတားတည်ဆောက်ခြင်းလုပ်ငန်းကို ၁.၃.၂၀၁၉ ရက်က စတင်တည်ဆောက်ရာ ၇၅ ရာခိုင်နှုန်း ပြီးစီးပြီ ဖြစ်ကြောင်း တံတားတာဝန်ခံ တစ်ဦးက ပြောသည်။

ယခု မူးမြစ်ကူး ကူးတို့ခကို ဆိုင်ကယ်ပါ ငွေကျပ် ၁၀၀၀ ပေးရပြီး ခရီးသည် စောင့်ပေးရချိန်ကြာမြင့်ခြင်း၊ မိုးရွာလေတိုက်ချိန်စောင့်ဆိုင်းရခြင်း၊ ညပိုင်းကူးတို့ကူးရသည်မှာ အန္တရာယ်များသည့်အတွက် တံတားတည်ဆောက်ပြီးစီးပါက ပင်လည်ဘူး၊ ကောလင်း၊ ကျွန်းလှ စသည့် မြို့နယ်ပေါင်းစုံ အားကိုးအားထားပြုရမည့် တံတားတစ်စင်းဖြစ်ကြောင်း သိရသည်။

ငွေအိုး (ကသာ)





## ပွင့်ဖြူမြို့နယ်၌ မိုးရွာသွန်းမှုကြောင့် ကြီးအုံကြီးဝတမံ ရေပိုလွှဲမှ ရေပြည့်အမှတ်ထက် ရေကျော်ကျလျက်ရှိ

ပွင့်ဖြူ နိုဝင်ဘာ ၂

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း အောက်တိုဘာ ၃၀ ရက် ညနေပိုင်းမှ စတင်၍ နိုဝင်ဘာ ၁ ရက်အထိ မိုးရွာသွန်းခဲ့သည့်အတွက် ကြီးအုံကြီးဝတမံအတွင်း ရေဝင်ရောက်မှု တိုးလာခဲ့ပြီး ယနေ့ နံနက် ၆ နာရီ တိုင်းထွာချက်အရ ယင်းတမံရေပြည့် အမှတ်ဖြစ်သည့် ပေ ၃၄၀ ထက် ရေပိုလွှဲမှ ၂ ဒသမ ၇၀ ပေ ဆက်လက်ရေကျော်ကျလျက်ရှိနေကြောင်း **(အပေါ်ပုံ)** အဆိုပါ ကြီးအုံကြီးဝတမံမှ အငယ်တန်းအင်ဂျင်နီယာ ဦးစိုးလင်းအောင်ထံမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ မိုးရွာသွန်းမှုအနေဖြင့် အောက်တိုဘာ ၃၀ ရက်က မိုးရေချိန် ၁ ဒသမ ၃၂ လက်မ၊ အောက်တိုဘာ ၃၁ ရက်နေ့တွင် မိုးရေချိန် ၀ ဒသမ ၃၆ လက်မတို့ ရွာသွန်းခဲ့သဖြင့် ကြီးအုံကြီးဝတမံအတွင်း ရေဝင်ရောက်မှု တိုးလာခဲ့ပြီး နိုဝင်ဘာ ၁ ရက်တွင် သတ်မှတ်ထားသော တမံရေပြည့်အမှတ် ၃၄၀ ပေ ထက် ရေပိုလွှဲမှ ၂ ဒသမ ၃၀ ပေ ရေကျော်ကျမှုရှိခဲ့ပြီး ယမန်နေ့ ညပိုင်းက မိုးဆက်လက်ရွာသွန်းခဲ့သဖြင့် တမံအတွင်း ရေဝင်ရောက်မှု ထပ်မံတိုးလာသည့်အတွက် ရေပိုလွှဲမှ ၂ ဒသမ ၇၀ ပေခန့် ဆက်လက်ရေကျော်ကျခြင်းဖြစ်ကြောင်း သိရသည်။ အဆိုပါ ရေကျော်ကျမှုနှင့် ပတ်သက်ပြီး ပြည်သူများ သိရှိနိုင်ရန် အချိန်နှင့် တစ်ပြေးညီ အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ထားရှိကြောင်း သိရသည်။

ရဲဝင်းနိုင်(ပြန်/ဆက်)

# ကန့်ဘလူမြို့နယ်၌ လမ်း၊တံတား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ကျပ်သိန်းသုံးထောင်ကျော်ဖြင့် ဆောင်ရွက်မည်

**ကန့်ဘလူ နိုဝင်ဘာ ၂**

ကန့်ဘလူမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် လမ်း၊တံတား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၃၂၆၀၀၀၀၀၀ ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

မြို့ပေါ်ရပ်ကွက်များရှိ အဆင့်မြှင့်တင်မည့်လမ်းများမှာ အမှတ်(၃)ရပ်ကွက် မာဃလမ်းသွယ်(၁)ကတ္တရာခင်းခြင်း၊ ရွှေကျွမ်းတောလမ်းသွယ်များ ကတ္တရာခင်းခြင်း၊အထက(ခွဲ) ညောင်အိုင်ကျောင်းရှေ့ ကတ္တရာခင်းခြင်း၊အမှတ်(၄)ရပ်ကွက် တောင်ပိုင်းလမ်းမကြီး ကတ္တရာလမ်းခင်းခြင်း၊တောင်ကျောင်းကြီးအနောက်ဘက်လမ်း ကတ္တရာခင်းခြင်း၊ အမှတ်(၂)ရပ်ကွက် စွယ်တော်လမ်း ကွန်ကရစ်နှင့်ကတ္တရာခင်းခြင်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း (ရဲစခန်းဘေး) ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ စည်ပင်သာယာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ အမှတ်(၄)ရပ်ကွက် ဦးအောင်မြတ်လမ်း (ဂုဏ်ရောင်ခတ်ပုံတိုက်ရှေ့) ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ မြို့တွင်းလမ်းများတွင် လမ်းပေါက်ဖာထေးခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်မည်ဟု သိရသည်။

ထို့ပြင် အမှတ်(၁)ရပ်ကွက် အောင်သိဒ္ဓိလမ်း ကျောက်ချောခင်းခြင်း၊ ရေထုတ်မြောင်းတံတား သုံးစင်းတည်ဆောက်ခြင်း၊အမှတ်(၅)ရပ်ကွက် နီလာလမ်း ကျောက်ချောခင်းခြင်း၊ ဦးအောင်ဇေယျလမ်းပေါ် ရေထုတ်မြောင်းတံတား တစ်စင်းတည်ဆောက်ခြင်း၊ ထန်းကုန်းကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း၊ ချပ်သင်းကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း၊ ကိုးထောင်ဘို့ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း၊ မလယ်ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းနှင့် မြို့တွင်းရေပိုက်လိုင်းများနှင့်ဂိတ်ဘားများပြုပြင်ခြင်း၊သားသတ်ရုံမြေနေရာဝယ်ယူခြင်း၊ သားသတ်ရုံ၂၉ ရုံတည်ဆောက်ခြင်း၊ အမှိုက်ကန် သုံးကန်ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



ကန့်ဘလူမြို့နယ်၌ အဆင့်မြှင့်တင်ခြင်းပြုလုပ်မည့်လမ်းကို တွေ့ရစဉ်။

## ဖလမ်းမြို့ရှိ အသစ်ဖော်ဆောင်ထားသည့် မြေကွက် ၂၄၅ ကွက်ကို မဲနှိုက်စနစ်ဖြင့် ရောင်းချပေး

**ဖလမ်း နိုဝင်ဘာ ၂**

ဖလမ်းမြို့ တလန်လိုရပ်ကွက်နှင့် ကျင်မွာလ်ရပ်ကွက်အတွင်းရှိ အသစ်ဖော်ဆောင်ထားသည့် မြေကွက် ၂၄၅ ကို မဲနှိုက်စနစ်ဖြင့်ရောင်းချခြင်းအား နိုဝင်ဘာ ၂ ရက် နံနက် ၁၀ နာရီမှစ၍ ဖလမ်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြားအွယ်တို့ ဦးဆောင်သည့် ဝန်ထမ်းများက မြေကွက် ၂၄၅ ကွက်အတွက် မဲနှိုက်ခြင်းများ ဆောင်ရွက်ပေးခဲ့သည်။ အဆိုပါမြေကွက်ရရှိသော ပြည်သူများအနေဖြင့် ရန်ပုံငွေများကို ရက်ပေါင်း ၃၀ အတွင်း မြန်မာ့စီးပွားရေးဘဏ်၌ ကိုယ်တိုင်ပေးသွင်းရမည်ဖြစ်ကြောင်း၊ ရက်ပေါင်း ၃၀ အတွင်း ရန်ပုံငွေမပေးသွင်းနိုင်သည့် ပြည်သူများ၏ မြေကွက်များကို ပြန်လည်ရုပ်သိမ်းမည်ဖြစ်ကြောင်းနှင့် မြေကွက် ၂၄၅ ကွက်အတွက် လျှောက်ထားသူ ၈၀၃ ဦးရှိကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## မြန်မာနိုင်ငံဆရာဝန်အသင်းမှ ကျန်းမာရေးပြဿနာများ ဖုန်းဖြင့် ၂၀၇၉ ကြိမ်ဆွေးနွေးပေးခဲ့

**ရန်ကုန် နိုဝင်ဘာ ၂**

မြန်မာနိုင်ငံဆရာဝန်အသင်း အထွေထွေရောဂါကုဆရာဝန်များအဖွဲ့မှ လက်ရှိဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ကာလအတွင်း ပြည်သူများ ကျန်းမာရေးပြဿနာများကို ဖုန်းဖြင့်ဆွေးနွေးတိုင်ပင်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ ၂၀၇၉ ကြိမ်ရှိကြောင်း သိရသည်။

ပြည်သူများမှ ကိုဗစ်-၁၉ ရောဂါ စိုးရိမ်ပူပန်မှုနှင့် ဆေးရုံဆေးခန်းများသို့ သွားရောက်ပြသရန် အခက်အခဲရှိမှုကြောင့် ဖုန်းဖြင့်ဆက်သွယ်ဆွေးနွေးမှုများကို မြန်မာနိုင်ငံဆရာဝန်အသင်း အထွေထွေရောဂါကုဆရာဝန်များအဖွဲ့မှ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆွေးနွေးရာတွင် ကိုဗစ်-၁၉ ရောဂါကြောင့် ဆက်သွယ်မေးမြန်းသူဦးရေ ၁၂၆၆ ကြိမ်၊ Non Covid ရောဂါကြောင့် မေးမြန်းသူက ၈၃ ကြိမ်ရှိသည်။

ကျန်းမာရေးပြဿနာများကို တိုင်ပင်ဆွေးနွေးကြသူများမှာ ရန်ကုန်တိုင်းဒေသကြီးမှ ပြည်သူများအပြင် ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်နှင့် မွန်ပြည်နယ်တို့မှ ပြည်သူများပါဝင်ပြီး ဆက်သွယ်စုံစမ်းမေးမြန်းမှုများကို ဆွေးနွေးတိုင်ပင်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်သူရ**

## ရှမ်းရွာသစ်မြို့၌ ကြိုတင်ဆန္ဒမဲပေးခြင်းများ ဆက်လက်ဆောင်ရွက်

**ရှမ်းရွာသစ် နိုဝင်ဘာ ၂**

ကရင်ပြည်နယ် ဘားအံခရိုင် ရှမ်းရွာသစ်မြို့တွင် ၂၀၂၀ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲရုံတွင်တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများမှ ကြိုတင်ဆန္ဒမဲထည့်ခြင်းကို ရှမ်းရွာသစ်မြို့အမှတ်(၂)ရပ်ကွက်နှင့် ကျီးလေးကျေးရွာအုပ်စုရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါကြိုတင်ဆန္ဒမဲပေးရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး မဲရုံသို့ မလာရောက်နိုင်သော သက်ကြီးအဘိုးအဘွားများအား အိမ်တိုင်ရာရောက် လိုက်လံ၍ ဆန္ဒမဲပေးနိုင်အောင်စီစဉ်ဆောင်ရွက်လျက်ရှိပြီး ရှမ်းရွာသစ်မြို့အနေဖြင့် မဲရုံပေါင်း ၁၆ ရုံနှင့် ဆန္ဒမဲပေးခွင့်ရှိသူ ၁၂၃၈၂ ဦးရှိကြောင်း သိရသည်။

**ဇင်လေး(ပြန်/ဆက်)**

## နတ်မောက်မြို့နယ်အတွင်းရှိ မဲရုံများအား တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်

**နတ်မောက် နိုဝင်ဘာ ၂**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အဆင်ပြေချောမွေ့စွာ အောင်မြင်စေရေးအတွက် ရပ်ကွက်နှင့် ကျေးရွာများမှ ထားရှိဆောင်ရွက်မည့် မဲရုံများသို့ မကွေးခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် တာဝန်ရှိဌာနဆိုင်ရာများက ယမန်နေ့ နေ့လယ် ၂ နာရီခန့်မှ စတင်၍ ကွင်းဆင်းဆောင်ရွက်၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ပေါင်းစပ်ညှိနှိုင်း**

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် မကွေးခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခင်မောင်လွင်နှင့် တာဝန်ရှိဌာနဆိုင်ရာများက ရပ်ကွက်၊ ကျေးရွာများရှိ မဲရုံများတွင် ပြည်သူများမဲပေးရာ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ကြရန်လိုကြောင်း ၊ မဲရုံအခင်းအကျင်းနှင့် မဲရုံလုံခြုံရေး ဆောင်ရွက်ထားရှိမှုတို့အား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

**လှဝင်း(နတ်မောက်)**




## သွားလာကန့်သတ်ခံယူနေသူ ၂၁ ဦးအား ကြိုတင်ဆန္ဒမဲများပေးနိုင်ရေးဆောင်ရွက်

**ကျောက်ဆည် နိုဝင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ နည်းပညာတက္ကသိုလ် အနော်ရထာအဆောင်၌ သွားလာကန့်သတ်ခံယူနေသူ ၂၁ ဦးအား ကြိုတင်ဆန္ဒမဲများပေးနိုင်ရေး ယနေ့ နံနက်က နည်းပညာတက္ကသိုလ် သွားလာကန့်သတ်နေရာ၌ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်ရောက်နေသူများ**

သွားလာကန့်သတ်ခံယူနေသူများမှာ ကျောက်ဆည်မြို့နယ် ပြည်တော်သာကျေးရွာမှ အမျိုးသား နှစ်ဦး၊ ဖျောက်ဆိပ်ပင်ကျေးရွာမှ အမျိုးသား တစ်ဦး၊ ငါးလုံကုန်းကျေးရွာမှ အမျိုးသား တစ်ဦး၊ ထနောင်းတပ်ကျေးရွာမှ အမျိုးသား တစ်ဦး၊ ပေါင်လောင်လေးကျေးရွာမှ အမျိုးသမီး သုံးဦး၊ သမန္တတလင်း ကျေးရွာမှ အမျိုးသမီးတစ်ဦး၊ ဟံမြင့်မိုရ်ကျေးရွာမှ အမျိုးသား တစ်ဦးနှင့် အမျိုးသမီးတစ်ဦး၊ သပြေသာကျေးရွာမှ အမျိုးသား တစ်ဦး၊ အနောက်သာဂရ ကျေးရွာမှ အမျိုးသမီး တစ်ဦး၊ မုံပေါင်းကျေးရွာမှ အမျိုးသမီး တစ်ဦး၊ ကျောက်ဖျာ ကျေးရွာမှ အမျိုးသမီး သုံးဦး၊ ဆူးကုန်းရပ်ကွက်မှ အမျိုးသမီး နှစ်ဦး၊ မြင်စိုင်း ရပ်ကွက်မှ အမျိုးသား တစ်ဦးနှင့် စုကြီးရပ်ကွက်မှ အမျိုးသား တစ်ဦးတို့ ဖြစ်ကြောင်း သိရသည်။

အဆိုပါ သွားလာကန့်သတ်ခံယူနေသူများ ဆန္ဒမဲပေးပိုင်ခွင့်များ မဆုံးရှုံးစေရေး သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်းပြီး ရပ်ကွက်/ကျေးရွာရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များက ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာ ၆ ရက်နှင့် ၇ ရက်နေ့တို့တွင် ကြိုတင်ဆန္ဒမဲများ ပေးနိုင်ရေး စနစ်တစ်ကျဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

**သက်မောင် (ကျောက်ဆည်)**

## ကြိုတင်ဆန္ဒမဲပေးလျက်ရှိသည့် အသက်အရွယ်ကြီး ဘိုးဘွားများနှင့် မသန်စွမ်းသူများ ဆန္ဒမဲပေးခွင့်မဆုံးရှုံးစေရေး အိမ်တိုင်ရာရောက် ကြိုတင်ဆန္ဒမဲများကောက်ယူ

**မိုင်းယောင်း နိုဝင်ဘာ ၂**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်တွင် ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲကြီးအတွက် ကြိုတင်ဆန္ဒမဲများပေးလျက်ရှိရာ အသက် ၆၀ နှင့်အထက် ဘိုးဘွားများနှင့် မဲရုံတွင် တာဝန်ထမ်းဆောင်ကြမည့်သူများသည် နိုဝင်ဘာ ၂ ရက်က ကြိုတင်ဆန္ဒမဲပေးခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိုင်းယောင်းမြို့နယ်တွင် ကြိုတင်ဆန္ဒမဲပေးခြင်းကို အောက်တိုဘာ ၂၉ ရက်ကစတင်၍ နိုဝင်ဘာ ၅ ရက်အထိ သတ်မှတ်ထားပြီး အသက် ၆၀ နှင့်အထက်ဘိုးဘွားများ၊ မဲရုံတွင် တာဝန်ထမ်းဆောင်ကြမည့် ဆရာ ဆရာမများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အထူးရဲများ၊ မသန်စွမ်းသူများနှင့် ခရီးသွားရန်ရှိသူများက ကြိုတင်ဆန္ဒမဲများကို ပေးလျက်ရှိရာ မဲရုံသို့ ကိုယ်တိုင်မလာရောက်နိုင်သည့် ကျန်းမာရေးမကောင်းသည့် သက်ကြီးဘိုးဘွားများ၊ အသက်အရွယ်ကြီးသူများ၊ မသန်စွမ်းသူများလည်း ဆန္ဒမဲပေးခွင့်မဆုံးရှုံးစေရေးအတွက် ကြိုတင်ဆန္ဒမဲပေးနိုင်ရေး အိမ်တိုင်ရာရောက် ရွေ့လျားစနစ်ဖြင့် ကြိုတင်ဆန္ဒမဲများကို ရပ်/ကျေးရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက လိုက်လံကောက်ယူပေးလျက်ရှိကြောင်း သိရသည်။

မိုင်းယောင်းမြို့နယ်အတွင်း ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲကြီးအတွက် မဲဆန္ဒနယ်အမှတ်(၁)နှင့် အမှတ်(၂)တို့မှ မဲရုံပေါင်း ၆၈ ရုံဖြင့် ကျင်းပမည်ဖြစ်ပြီး အသက်(၁၈)နှစ်ပြည့်ပြီးသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၂၇၀၀၀ ကျော်ရှိကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

**အားချာ(ပြန်/ဆက်)**

# နှစ်ပေါင်း ၁၅၀ ပြည့်ပြီဖြစ်သော ပထမဆုံး သစ်တောကြိုးဝိုင်းများနှင့် သစ်တောသယံဇာတများ ထာဝစဉ်တည်တံ့စေရေး

**သစ်တောမောင်**

**ကြိုးဝိုင်း ကြိုးပြင်ကာကွယ်တော (သို့မဟုတ်) သစ်တောနယ်မြေ**

ယနေ့အချိန်တွင် ကမ္ဘာ့ပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာမှုနှင့်အတူ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးသည် ရာသီဥတုပြောင်းလဲမှုများနှင့် နောက်ဆက်တွဲအကျိုးဆက်များကို ရင်ဆိုင်တွေ့ကြုံရလျက်ရှိသည်။ မြေထု၊ ရေထု၊ လေထုများ ညစ်ညမ်းလာခြင်း၊ ကမ္ဘာ့အိုဇုန်းလွှာ ပျက်စီးယိုယွင်းလာခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟစနစ်များ ယိုယွင်းပျက်စီးလာခြင်း၊ သဲကန္တာရ ဖြစ်ထွန်းခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်းတိုက်ခြင်း၊ မီးတောင်များ ပေါက်ကွဲခြင်း၊ ငလျင်လှုပ်ခြင်း၊ တောမီးလောင်ခြင်း စသည့် သဘာဝဘေး အန္တရာယ်များကိုလည်း ရင်ဆိုင်ကြုံတွေ့နေရသည်။

ယနေ့ ကမ္ဘာတစ်ဝန်း၌ ရင်ဆိုင်နေရသော ရာသီဥတုပြောင်းလဲခြင်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ၏ အဓိကအကြောင်းအရင်းများစွာအနက် သစ်တောများပြုန်းတီးမှု၊ သစ်တောအတန်းအစား ကျဆင်းမှုသည် အဓိက အကြောင်းအရာတစ်ခုဖြစ်သည်။ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေး အဖွဲ့ (FAO)၏ ၂၀၀၀ ပြည့်နှစ် သစ်တောသယံဇာတ ဆန်းစစ်လေ့လာခြင်း အစီရင်ခံစာအရ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၅၁ ဒသမ ၅၄ ရာခိုင်နှုန်း၊ ၂၀၁၀ ပြည့်နှစ် အစီရင်ခံစာတွင် နိုင်ငံဧရိယာ၏ ၄၆ ဒသမ ၉၆ ရာခိုင်နှုန်း၊ ၂၀၁၅ ခုနှစ် အစီရင်ခံစာတွင် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၉၂ ရာခိုင်နှုန်း နှင့် ၂၀၂၀ ပြည့်နှစ် အစီရင်ခံစာတွင် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်း ရှိခဲ့သည်။ သစ်တောပြုန်းတီးမှုနှုန်းအနေဖြင့် ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၅ ခုနှစ် အတွင်း နှစ်စဉ် ၁ ဒသမ ၇ ရာခိုင်နှုန်း ရှိခဲ့ပြီး ၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း နှစ်စဉ် ဝ ဒသမ ၉ ရာခိုင်နှုန်း ပြုန်းတီးခဲ့သည်။

သစ်တောကြိုးဝိုင်းများ ဖွဲ့စည်းတည်ထောင်ခြင်း၊ ကြိုးပြင်ကာကွယ်တောများ သတ်မှတ်ကြေညာခြင်းသည် သစ်တောများ စနစ်တကျ စီမံအုပ်ချုပ်နိုင်ရန်၊ ထိန်းသိမ်းကာကွယ်နိုင်ရန် အခြေခံအကျဆုံး လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး သစ်တောမြေမှ အခြားမြေအသုံးချမှုများအဖြစ် ပြောင်းလဲအသုံးချမှုများ၊ သစ်တောသစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ဖျက်ဆီးခြင်းများကို တားဆီးကာကွယ်နိုင်ရန်အတွက်လည်း ဖြစ်သည်။ သစ်တောပြုန်းတီးမှုနှုန်း လျှော့ချရန်နှင့် ကျန်ရှိနေသော သဘာဝသစ်တောများကို ထိထိရောက်ရောက် စီမံအုပ်ချုပ် ထိန်းသိမ်းကာကွယ်ရန်အတွက်လည်းဖြစ်သည်။ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)၏ ၂၀၁၅ ခုနှစ် သစ်တောသယံဇာတ ဆန်းစစ်လေ့လာခြင်း အစီရင်ခံစာအရ ၂၀၁၀ မှ ၂၀၁၅ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအတွင်း သစ်တောပြုန်းတီးမှုသည် ၁ ဒသမ ၃၈ ရာခိုင်နှုန်းသာရှိပြီး သစ်တောကြိုးဝိုင်း ပြင်ပ သစ်တောပြုန်းတီးမှုသည် ၂ ဒသမ ၃၆ ရာခိုင်နှုန်း ရှိခဲ့သည်။

သစ်တောကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများကို အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းတည်ထောင်လျက်ရှိသည်-

(၁) သစ်နှင့် သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်ယူရရှိရေးနှင့် သားစဉ်မြေးဆက် သစ်တောသယံဇာတများ တည်မြဲရေး၊

(၂) ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး၊

(၃) ပြည်သူလူထု အခြေခံစားဝတ်နေရေးအတွက် ဖြည့်ဆည်းရေး၊

(၄) ဒီရေတောများ၊ ရေဝေရေလဲဒေသနှင့် မြေဆီလွှာထိန်းသိမ်းရေး၊

(၅) တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုအမွေအနှစ်များ၊ ရိုးရာဓလေ့များ၊ အသိပညာ ဗဟုသုတများ ထိန်းသိမ်းရေး၊


(၆) ရာသီဥတုပြောင်းလဲမှုလျော့ပါးသက်သာရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာဝန်ဆောင်မှုများ တိုးပွားလာစေရေး၊

(၇) သစ်တော၊ ရာသီဥတု၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ကတိကဝတ်များ ဖြည့်ဆည်းနိုင်ရေး စသည့် ရည်ရွယ်ချက်များ ဖြစ်သည်။

ကနဦးကာလများတွင် သစ်တောကြိုးဝိုင်းများ ဖွဲ့စည်းရာ၌ ကျွန်းပေါက်ရောက်သော သစ်တောများကို အဓိက ဦးစားပေး၍ ကြိုးဝိုင်းများဖွဲ့ခဲ့သော်လည်း နောက်ပိုင်းတွင် အဖိုးတန်သစ်မာပင်များပေါက်သော သစ်တောများကိုပါ ကြိုးဝိုင်းတောများအဖြစ် ဖွဲ့စည်းလာခဲ့သည်။ ဖွဲ့စည်းပြီး သစ်တောကြိုးဝိုင်းများတွင် သစ်တောအုပ်ချုပ်လုပ်ကိုင်မှု ကွက်စိပ်စီမံကိန်းများရေးဆွဲ၍ ကျွန်းသင်းသတ်ခြင်း၊ ကျွန်းနှင့် သစ်မာ ခုတ်လှဲထုတ်လုပ်ခြင်း၊ စိုက်ခင်းများ တည်ထောင်ခြင်း၊ အုပ်မိုး ကာဆိုင်း ခုတ်လှဲခြင်း၊ ပင်ကျပ်နုတ်ခြင်း၊ လမ်းဖောက်ခြင်း စသော သစ်တောစီမံအုပ်ချုပ်မှု လုပ်ငန်းများ၊ သစ်တောထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ခဲ့ကြသည်။

**နှစ်ပေါင်း (၁၅၀) ပြည့် ပထမဆုံး သစ်တောကြိုးဝိုင်းများ**

၁၈၅၂-၅၄ ခုနှစ် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ပွဲဖြင့် အောက်မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက် ဒေါက်တာဘရန်းဒစ်သည် သစ်တောစီမံအုပ်ချုပ်မှု လုပ်ငန်းများကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန်အတွက် သစ်တောကြိုးဝိုင်းများကို စတင်ဖွဲ့စည်းခဲ့သည်။ မြန်မာနိုင်ငံ၏ ပထမဆုံး သစ်တောကြိုးဝိုင်းများအဖြစ် ပြည်သစ်တောနယ်(ယခု သာယာဝတီသစ်တောခရိုင်)




တွင် ကြိုးဝိုင်းကြီးလေးခု၊ ဟင်္သာတသစ်တောနယ်(သာယာဝတီသစ်တောခရိုင်)တွင် ကြိုးဝိုင်း ၁၀ ခု၊ ပြည်သစ်တောနယ်(ယခု ပြည်သစ်တောခရိုင်)တွင် ကြိုးဝိုင်းသုံးခု စုစုပေါင်း ၁၇ ခုကို ၁၈၇၀ မေလ ၁၀ ရက် ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။ မြန်မာနိုင်ငံတွင် ပထမဆုံး စတင်ဖွဲ့စည်းတည်ထောင်ခဲ့သည့် သစ်တောကြိုးဝိုင်းများသည် ယခု ၂၀၂၀ ပြည့်နှစ်တွင် သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၅၀ ပြည့်ပြီဖြစ်သည်။

ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများ၏ နယ်နိမိတ်များသည် သစ်တောများ ထိန်းသိမ်းကာကွယ်ရေးအတွက်(သစ်တောဦးစီးဌာန၏) ပင်မသွေးကြောများဖြစ်ပြီး မြေပြင်၌ ထင်ရှားစွာ သတ်မှတ်ထားရသည်။ ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများကို သဘာဝအတိုင်းတည်ရှိနေသော သို့မဟုတ် သဘာဝ နယ်နိမိတ်များဖြစ်သည့် ချောင်းမြောင်းများ၊ တောင်ကြောများကို အဓိကထား သတ်မှတ်လေ့ရှိသည်။ သစ်တောလုပ်ငန်းများကို ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများတွင် အကောင်အထည်ဖော် ဆောင်ရွက်ကြရသည်။ ကြိုးဝိုင်း နယ်နိမိတ်ဘုတ်တိုင်များ၊ နယ်နိမိတ်မှန်ထစ်များကို ထင်ရှားစွာ မှတ်သား စိုက်ထူကြရသည်။

**သစ်တောကြိုးဝိုင်းဖွဲ့စည်းနိုင်ရေး ဥပဒေအထောက်အပံ့များ**

သစ်တောကြိုးဝိုင်းများကို စတင်ဖွဲ့စည်းပြီးနောက် စနစ်တကျ စီမံအုပ်ချုပ်နိုင်ရန်အတွက် ၁၈၈၁ ခုနှစ်တွင် အောက်မြန်မာပြည် သစ်တောများအတွက် သစ်တောဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ၁၉၀၂ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး အတွက် ပိုမိုပြည့်စုံကောင်းမွန်သော သစ်တောအက်ဥပဒေကို ပြင်ဆင်ရေးဆွဲခဲ့ပြီး ကြိုးဝိုင်းများကို တိုးချဲ့ဖွဲ့စည်းလာခဲ့သည်။ နှစ်ပေါင်း ၉၀ ကြာပြီး နောက် ပြောင်းလဲလာသော ခေတ်စနစ်နှင့် လိုက်လျောညီထွေဖြစ်စေရန် ၁၉၉၂ ခုနှစ် တွင် သစ်တောဥပဒေ(၁၉၉၂)ကို ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် သစ်တောဥပဒေ (၂၀၁၈)ကို ပြဋ္ဌာန်းခဲ့သည်။

၁၉၉၂ ခုနှစ် သစ်တောဥပဒေ မပြဋ္ဌာန်းမီအထိ ၁၉၀၂ သစ်တောအက်ဥပဒေ အရ ကြိုးဝိုင်းတောများကိုသာ ဖွဲ့စည်းတည်ထောင်ခဲ့ပြီး သစ်တောဥပဒေ (၁၉၉၂)နှင့် သစ်တောဥပဒေ(၂၀၁၈)တို့တွင် ကြိုးဝိုင်းတောများ ဖွဲ့စည်းရုံသာမက ကြိုးပြင်ကာကွယ်တောများကိုပါ သတ်မှတ်ကြေညာရန် ပြဋ္ဌာန်းခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် သတ်မှတ်ကြေညာခဲ့သည့် ညောင်ဦးမြို့နယ် လောကနန္ဒာ ကြိုးပြင်ကာကွယ်တော ၁၁၄ ဧကသည် ပထမဆုံး သတ်မှတ် ကြေညာခဲ့သည့် ကြိုးပြင်ကာကွယ်တောဖြစ်သည်။ သစ်တောဥပဒေ(၂၀၁၈)အရ ကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများသည် သစ်တောနယ်မြေများ ဖြစ်သည်။

**ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းခြင်း**

မြန်မာ့သစ်တောမူဝါဒ(၁၉၉၅)နှင့် အမျိုးသားသစ်တောကဏ္ဍ ပင်မစီမံကိန်း (၂၀၀၁-၂၀၀၂ မှ ၂၀၃၀-၂၀၃၁) ရည်မှန်းချက်များအရ ကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများကို နိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်း (၅၀,၁၅၅,၇၇၆)ဧကအထိ ဖွဲ့စည်းသွားရန် လျာထားဆောင်ရွက်လျက်ရှိသည်။ ယနေ့အချိန်အထိ ကြိုးဝိုင်း ၈၂၈ ခု(ဧရိယာ ၂၉၇၀၁၆၁၇ ဒသမ ၈၅ ဧက)၊ ကြိုးပြင်ကာကွယ်တော ၄၃၈ ခု(ဧရိယာ ၁၃၀၁၄၇၀၃ ဒသမ ၅၉ ဧက) စုစုပေါင်း ၄၂၇၁၆၃၂၁ ဒသမ ၄၃ ဧက(၆၆၇၄၄ ဒသမ ၂၅ စတုရန်းမိုင်) နိုင်ငံဧရိယာ၏ ၂၅ ဒသမ ၅၅ ရာခိုင်နှုန်း ဖွဲ့စည်းတည်ထောင်နိုင်ခဲ့ပြီဖြစ်သည်။ ရည်မှန်းချက်ပြည့်မီစေရေးအတွက် နှစ်စဉ်ဧရိယာ ၇၀၂၉၀၄ ဧကကို ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများ ဖွဲ့စည်းတည်ထောင်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများကို အရှိန်အဟုန်ဖြင့် ဖွဲ့စည်းနေသကဲ့သို့ တစ်ဖက်ကလည်း ပြည်သူများ၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးဆိုင်ရာ ရည်ရွယ်ချက်အမျိုးမျိုးအတွက် ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများကို ဆက်စပ်ပတ်သက်သော ဌာနများနှင့် ညှိနှိုင်းပြီး အတိုင်းအတာတစ်ခုအထိ ပယ်ဖျက်ပေးခဲ့သည်။ ၁၉၈၆ မှ ၂၀၁၁ ခုနှစ်အတွင်း ဧရိယာ ၁၀၂၁၈၈၈ ဒသမ ၅၈ ဧက၊ ၂၀၁၁ မှ ၂၀၁၆ ခုနှစ်အတွင်း ၆၃၃၄၅၅ ဒသမ ၃ ဧကနှင့် ၂၀၁၆ မှ ၂၀၂၀ ပြည့်နှစ်အထိ ၂၂၄၁၂ ဒသမ ၉၆ ဧက စုစုပေါင်း ဧရိယာ ၁၆၇၇၇၅၆ ဒသမ ၈၄ ဧကကို ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများအဖြစ်မှ ပယ်ဖျက်ပေးခဲ့သည်။ ပယ်ဖျက်ပေးခဲ့သော ဧရိယာပမာဏသည် လက်ရှိဖွဲ့စည်းပြီး ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တော ဧရိယာ၏ ၃ ဒသမ ၉၃ ရာခိုင်နှုန်း ရှိသည်။

*စာမျက်နှာ ၂၆ သို့*

**“သစ်တောနယ်မြေများ (ကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများ)ကို နိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်း၊ သဘာဝနယ်မြေများကို နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်း အထိ တိုးချဲ့ဖွဲ့စည်းမည်ဖြစ်ကြောင်း ကတိကဝတ်ပြုထားပြီး ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအတွင်း သစ်တောဖုံးလွှမ်းမှု တိုးပွားလာစေရေးနှင့် သစ်တောများ အရည်အသွေးပိုမိုကောင်းမွန်လာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ”**

# ဝန်းသိုမြို့နယ်အတွင်းရှိ ကျေးရွာ ကိုးရွာတွင် ကုန်ထုတ်လမ်းသုံးခုနှင့် လေးလက်မစက်ရေတွင်း ခြောက်တွင်း တူးဖော်ဆောင်ရွက်မည်

**ဝန်းသို နိုဝင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ကိုးရွာတွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျေးလက်နေပြည်သူများ၏ ထုတ်ကုန်ပစ္စည်းများ ဈေးကွက်သို့ လျင်မြန်စွာသယ်ယူပို့ဆောင်နိုင်ရေးအတွက် ကုန်ထုတ်လမ်း သုံးလမ်း ဖောက်လုပ်ခြင်းနှင့် ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိစေရေးအတွက် လေးလက်မ စက်ရေတွင်း ခြောက်တွင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းထံမှ သိရသည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင် မြိုင်ဇေယျာကျေးရွာ ကုန်ထုတ်လမ်း(မြေသား+ဂျင်း) ၀/၅ မိုင်ဖောက်လုပ်ခြင်း၊ ယင်းလမ်းပေါ်တွင် လိုအပ်သောကွန်ကရစ်တံတား တစ်စင်း၊ ရေထုတ်ပြွန်၊ ရေနုတ်မြောင်းတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းနှင့်ကနဖော့ကျေးရွာ ကုန်ထုတ်လမ်း (မြေသား+ ဂျင်း) ၀/၄ ဒသမ ၅၅ မိုင် ဖောက်လုပ်ခြင်းလုပ်ငန်းများကို ပြည်ထောင်စု ဘတ်ဂျက်ခွင့်ပြုငွေကျပ် ၆၂ ဒသမ ၂၃ သန်းဖြင့်လည်းကောင်း၊ အောင်းပင်ကျေးရွာ ကုန်ထုတ်လမ်း (မြေသား+ဂျင်း) ၂/၀ မိုင် ဖောက်လုပ်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီး ဘတ်ဂျက်ခွင့်ပြုငွေကျပ် သန်း ၉၃ ဒသမ ၁၃၀ ဖြင့် လည်းကောင်း ဆောင်ရွက်မည်ဖြစ်သည်။

ထို့အတူ ရေပေးရေးလုပ်ငန်းများဖြစ်သည့် လေးလက်မစက်ရေတွင်းနှင့် ဆက်စပ်လုပ်ငန်းများကို ပြည်ထောင်စုဘတ်ဂျက်ခွင့်ပြုငွေကျပ် သန်း ၅၀ ဒသမ ၄၄၀ ဖြင့် မော်နိုင်းအုပ်စု နောင်ကွင်းကျေးရွာ၊ ညောင်ပင်သာအုပ်စု ဒုံးဒုတ်ကျေးရွာ၊ ဂျီးတောင်အုပ်စု ကြူတောကျေးရွာ၊ ပေကုန်းအုပ်စု အင်းပုဒ်ကုန်းကျေးရွာတို့တွင် လည်းကောင်း၊ တိုင်းဒေသကြီးဘတ်ဂျက်ခွင့်ပြုငွေကျပ် သန်း ၂၅ ဒသမ ၉၀ ဖြင့် ရေဝေမြင်သာအုပ်စု၊ မြိုင်ဇေယျာကျေးရွာနှင့် ကင်းမြင်သာအုပ်စု၊ ခပ်ချိုကျေးရွာတို့တွင် လည်းကောင်း ရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ကျော်မြိုင် (ပြန်/ဆက်)**

# လေရှီးမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**လေရှီး နိုဝင်ဘာ ၂**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးစီမံကိန်းဖြင့် အိန္ဒိယနိုင်ငံ အထောက်အပံ့ရန်ပုံငွေကျပ် ၁၇၅ ဒသမ ၃၃၅ သန်းဖြင့် ဆောင်ရွက်သော နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ် ကူကီးရွာမကျေးရွာ အထကကျောင်းပေ ၉၀၃၀ အာစီနှစ်ထပ်ကျောင်းဆောင် တည်ဆောက်ရေးလုပ်ငန်းကို မြို့နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးမှူး ဦးခင်မောင်လင်း (လက်ထောက်ညွှန်ကြားရေးမှူး)နှင့် တာဝန်ရှိသူများက ယမန်နေ့တွင် လုပ်ငန်းပြီးစီးမှု အခြေအနေများကို သွားရောက်စစ်ဆေးသည်။

အဆိုပါလုပ်ငန်းကို ဟောလေးလံဝါးကုမ္ပဏီမှ (စတုတ္ထအကြိမ်) အိန္ဒိယနိုင်ငံ အထောက်အပံ့ရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိကာ အဆောက်အအုံ အမျိုးအစားမှာ အာစီ ရေ၊ မီး၊ မိလ္လာအပါအဝင် နှစ်ထပ်ကျောင်းဆောင် ဖြစ်သည်။

ယင်းကျောင်းဆောင် တည်ဆောက်ပေးခြင်းအားဖြင့် လေရှီးမြို့နယ် ကူကီးရွာမကျေးရွာအုပ်စုအတွင်း နေထိုင်ကြသော ဒေသခံပြည်သူများ၏ ပညာရေးအတွက် အထောက်အကူ ပြုနိုင်မည်ဖြစ်ကြောင်းနှင့် ကျောင်းနေအရွယ်ကလေးသူငယ်များအား ပညာရေးအထောက်အပံ့များ အကျိုးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ခဘိုး(လေရှီး)**

## ရုံး/ဌာနများတွင် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရန် ကြီးကြပ်သူများ/ တာဝန်ကျဝန်ထမ်းများအနေဖြင့် အချင်းချင်း သတိပေးပြောကြားရမည့် အချက်များ

(အနည်းဆုံး တစ်နေ့ (၃)ကြိမ် ပြောကြားပေးပါရန်)

- (COVID-19) ရောဂါပိုးသယ်ဆောင်ထားသော်လည်းအမြင်အားဖြင့်နေကောင်းကျန်းမာစွာဖြင့် ရောဂါလက္ခဏာတစ်စုံတစ်ရာ မပြသူများမှာ (၇၀%)အထက်တွင်ရှိနေသည်။
- (COVID-19)ရောဂါပိုးသည်အသက်ရှူထုတ်ခြင်းဖြင့်အကွာအဝေး(၅)ပေခန့်အထိ၊ ချောင်းဆိုးခြင်းဖြင့် တစ်စက္ကန့်လျှင်(၃၃)ပေနှုန်းဖြင့် (၆)ပေခွဲကျော်အထိ၊ နှာချေခြင်းဖြင့် တစ်စက္ကန့် လျှင် (၁၆၄)ပေနှုန်းဖြင့်(၁၉)ပေခွဲကျော်အထိ ရောက်ရှိနိုင်ပါသည်။
- (COVID-19)ရောဂါပိုးသည် အလုံပိတ်အခန်းများ/Air-con အခန်းများတွင် လေထဲလွင့်မျော၍ ကူးစက်ခြင်း(air borne transmission) မှတစ်ဆင့်ကူးစက်နိုင်ပါသည်။

- ထမင်းစားချိန်တွင် စုဝေး၍စားသောက်ခြင်း မပြုရပါ၊ မိမိ၏ အလုပ်စားပွဲ (သို့မဟုတ်) ထမင်းစားရန်သတ်မှတ်ထားသော နေရာတွင်သာ တစ်ဦးချင်း သီးသန့် စားသောက်ပါ။
- အစားအသောက်၊ အသုံးအဆောင်ပစ္စည်းများကို မျှဝေသုံးစွဲခြင်း မပြုရပါ။

- ဖျားခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း စသည့် COVID-19 ရောဂါ သံသယဖြစ်ဖွယ်လက္ခဏာများ ခံစားနေရခြင်း၊ လွန်ခဲ့သော (၁၄)ရက်အတွင်း (COVID-19) ဓာတ်ခွဲအတည်ပြုလူနာ၊ စောင့်ကြည့်လူနာနှင့် အသွားအလာ ကန့်သတ်ခြင်းခံရသူတို့နှင့် ထိတွေ့မှုရှိခြင်း၊ ရောဂါဖြစ်ပွားမှု များပြားနေသောဒေသများသို့ ခရီးသွားရောက်ခဲ့ခြင်းတို့ရှိခဲ့ပါက ရုံး/ဌာနသို့ လာရောက်ခြင်း လုံးဝမပြုရပါ၊ သက်ဆိုင်ရာဌာနအကြီးအကဲ နှင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ဆက်သွယ်အကြောင်းကြားပါ။

## မိုင်းဖြတ်၌ ရွေးကောက်ပွဲကာလ မီးဘေးလုံခြုံရေး စက်သုံးဆီအရောင်းဆိုင်များသို့ ကွင်းဆင်းအသိပညာပေး

**မိုင်းဖြတ် နိုဝင်ဘာ ၂**

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ်တွင် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကာလတွင် မီးဘေးလုံခြုံမှုရှိစေရေးအတွက် နိုဝင်ဘာ ၂ရက်က မြို့နယ်အတွင်းရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များသို့ ကွင်းဆင်းစစ်ဆေးခြင်း၊ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မျိုး၊ မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးခိုင်စိုးဝင်း၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးစိုင်းအေးမင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်မြတ်စိုး၊ မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဦးမျိုးဝင်နှင့်တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များတွင် မီးသတ်ဆေးဘူးများထားရှိမှု ရှိ မရှိ၊ သက်တမ်းကုန်လွန်သည့် မီးသတ်ဆေးဘူးများအသုံးမပြုရေး၊ မီးသတ်ရေကန်များ၌ ရေဖြည့်တင်းထားနိုင်ရေး၊ အထူးသဖြင့် မီးလောင်မှုမဖြစ်ပွားစေရေးအတွက် လိုက်နာရမည့် အချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အဆိုပါပူးပေါင်းအဖွဲ့သည် မြို့မဈေးအတွင်းရှိ မီးသုံးစွဲသည့် ဈေးဆိုင်များတွင် စစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများကို ကွင်းဆင်းဆောင်ရွက်သည်။

**သန်းထွန်းအေး(ပြန်/ဆက်)**




*စာမျက်နှာ ၂၅ မှ*

### သစ်တောနယ်မြေများနှင့် နိုင်ငံတကာ ကတိကဝတ်

ရာသီဥတုပြောင်းလဲမှုလျော့ချရေးအတွက် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်း(UNFCCC)သို့ အဖွဲ့ဝင်နိုင်ငံများက တင်သွင်းကြရမည့် အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှု လျော့ချရေးဆိုင်ရာ အကောင်အထည်ဖော်မည့် လုပ်ငန်းအစီအစဉ် (Nationally Determined Contribution–NDC) ကို မြန်မာနိုင်ငံက ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး အဆိုပါ NDC တွင် သစ်တောကဏ္ဍကို အဓိကလုပ်ငန်းစဉ်တစ်ခုအဖြစ် ထည့်သွင်းထားသည်။

သစ်တောနယ်မြေများ(ကြိုးဝိုင်းနှင့် ကြိုးပြင်ကာကွယ်တောများ)ကို နိုင်ငံ ဧရိယာ၏ ၃၀ ရာခိုင်နှုန်း၊ သဘာဝနယ်မြေများကို နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်း အထိ တိုးချဲ့ဖွဲ့စည်းမည်ဖြစ်ကြောင်း ကတိကဝတ်ပြုထားပြီး ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများအတွင်း သစ်တောဖုံးလွှမ်းမှု တိုးပွားလာစေရေးနှင့် သစ်တောများ အရည်အသွေး ပိုမိုကောင်းမွန်လာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် ကြိုးဝိုင်း၊ ကြိုးပြင် ကာကွယ်တောများ တိုးချဲ့ဖွဲ့စည်းမှုကို နှစ်စဉ်လျာထားချက်ပြည့်မီစေရေးအတွက် ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်ထားသော ကြေးတိုင်ပုံစံများ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ခြင်း၊ ဒေသခံပြည်သူများနှင့် ဆက်စပ်ပတ်သက်သော ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

### နှစ်ပေါင်း ၁၅၀ မှသည် နှစ်ပေါင်းများစွာသို့

မြေသယံဇာတများသည် နိုင်ငံသားများ၏ စားဝတ်နေရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ရေရှည်ရည်မှန်းချက်ချမှတ်ပြီး အထူးအလေးထား၍ စီမံအုပ်ချုပ် အသုံးချရမည့် အရင်းအမြစ်များဖြစ်သည်။ မြေအရင်းအမြစ်များကို စနစ်တကျ အသုံးချ စီမံခန့်ခွဲနိုင်သည်နှင့်အမျှ ပြည်သူတို့၏ အခြေခံလိုအပ်ချက်များ ပြည့်ဝလာစေရန် ဟန်ချက်ညီစွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း အမျိုးသားမြေအသုံးချမှုမူဝါဒ(၂၀၁၆)တွင် ရှင်းလင်းစွာ ဖော်ပြထားသည်။

သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများသည် သစ်နှင့် သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ် ထုတ်လုပ်သုံးစွဲနိုင်ရန် ဖွဲ့စည်းထားခြင်းသာမက ငွေကြေးဖြင့် ဝယ်ယူ၍မရနိုင်သော၊ ငွေကြေးဖြင့် တန်ဖိုးမဖြတ်နိုင်သော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများ စဉ်ဆက်မပြတ်တိုးပွားရေး၊ သစ်တောသယံဇာတများကို စနစ်တကျ ထိရောက်စွာ စီမံအုပ်ချုပ်နိုင်ရေး၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ နိုင်ငံတကာ ကတိကဝတ်များ ဖြည့်ဆည်းရေးအတွက် ဖွဲ့စည်းတည်ထောင်ထားခြင်း၊ ရည်မှန်းချက်ပြည့်မီရန် တိုးချဲ့ဖွဲ့စည်းခြင်းဖြစ်သဖြင့် ဆက်စပ်ဌာနများ၊ ဒေသခံ တိုင်းရင်းသားပြည်သူများ၊ သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများက သစ်တောဦးစီးဌာနနှင့်အတူ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများသည် နှစ်ပေါင်း ၁၅၀ မှသည် နှစ်ပေါင်းများစွာတိုင်အောင် တည်တံ့နေမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

**ကိုးကား**
မြန်မာနိုင်ငံသစ်တောသမိုင်း(၂၀၀၈)- သစ်တောရေးရာဝန်ကြီးဌာန။

# လမ်းမတော်အမှတ်(၂) တံတားနှင့် စဉ့်အိုးတန်း အမှတ်(၂) ဆိပ်ခံတံတားအကြား သမ္ဗန်စီးခရီးသည်များ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေး ပြန်လည်ဖွင့်လှစ်ပေး

**ရန်ကုန် နိုဝင်ဘာ ၂**

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ လမ်းမတော်အမှတ်(၂) တံတားနှင့် စဉ့်အိုးတန်း အမှတ်(၂) ဆိပ်ခံတံတားအကြားရှိ ရေကာတံတိုင်းပျက်စီးနေမှုများကို ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီးနောက် သမ္ဗန်စီးခရီးသည်များ အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် ယနေ့နံနက်ပိုင်းမှစ၍ ပြန်လည်ဖွင့်လှစ်ပေးထားကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ထံမှ သိရသည်။

"လမ်းမတော်အမှတ်(၂) တံတားနဲ့ စဉ့်အိုးတန်း အမှတ်(၂)အကြားမှာ ကမ်းထိန်းနံရံကလေးက ပြိုသွားတယ်။ ဒီဘဏ္ဍာနှစ်မှာ အသစ်ပြန်လုပ်ပေးတာပါ။ ဒီနှစ်ခုကြားထဲမှာ သမ္ဗန်ဆိပ်လေးခုရှိတယ်၊ ကျွန်တော်တို့ ပြန်ပြင်နေတဲ့အချိန်မှာ စဉ့်အိုးတန်း အမှတ်(၂)တံတားရဲ့ ညာဘက်အခြမ်းမှာ ယာယီသမ္ဗန်ဆိပ်လေး လုပ်ပေးထားတယ်။ အခုကတော့ ပြီးသွားပြီဖြစ်တဲ့အတွက်ကြောင့် ခရီးသွားတာလည်း အဆင်ပြေအောင် ဒီနေ့မနက်ပိုင်းကစပြီး ဖွင့်ပေးလိုက်တာပါ" ဟု မြန်မာ့ဆိပ်ကမ်းအာဏာပိုင် လက်ထောက်မန်နေဂျာ (ကုန်လုပ်ငန်းဌာန) ဦးအောင်ကျော်ဦးက ပြောသည်။

လမ်းမတော်အမှတ်(၂) တံတားနှင့် စဉ့်အိုးတန်း အမှတ်(၂)တံတားအကြား ရေကာတံတိုင်းမှာ အရှည် ၄၃၂ ပေရှိပြီး သံကူကွန်ကရစ်အမျိုးအစားဖြင့် တည်ဆောက်ထားကြောင်း သိရသည်။ ယင်းနေရာတွင် ရန်ကုန်မြစ်တစ်ဖက်ကမ်းသို့ ကူးသန်းသွားလာနေသော ကမာကသွယ်ဆိပ်၊ ရေကန်ဆိပ်၊ စက်မြေဆိပ်၊ ကမာကဆစ်စသော သမ္ဗန်ဆိပ်လေးခုရှိကြောင်း သိရသည်။ အဆိုပါသမ္ဗန်ဆိပ်လေးခုတွင် သမ္ဗန်အစီးရေ ၁၂၀ ခန့်ရှိပြီး ခရီးသွားပြည်သူ နှစ်သောင်းခန့် ရန်ကုန်တစ်ဖက်ကမ်းသို့ ကူးသန်းသွားလာနေကြကြောင်း သိရသည်။

ရန်ကုန်မြစ်ကမ်းနံဘေးရှိ ရေကာတံတိုင်းပျက်စီးနေမှုကို ၂၀၂၀ ပြည့်နှစ်မတ်လမှစတင်ကာ ပြုပြင်တည်ဆောက်မှုလုပ်ငန်းများ အပိုင်းအလိုက် ဆောင်ရွက်ခဲ့ပြီး ယခုအခါ တည်ဆောက်ရေးလုပ်ငန်းများအားလုံး၏ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။



ထင်ပေါ်ဝင်း(ကမာရွတ်)

ဓာတ်ပုံ – လင်းညွန့်

# မန့်ဟီးရိုးမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ လှူဒါန်း

**မန့်ဟီးရိုး နိုဝင်ဘာ ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မန့်ဟီးရိုးမြို့၌ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ (ယူနန်တယ်ဟုန်ပြည်နယ်)၊ လွတ်လပ်စွာကူးသန်း ရောင်း ဝယ်မှုစမ်းသပ်ဒေသ၊ တယ်ဟုန်ဒေသအုပ်ချုပ်ရေးကော်မတီနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လန်ထင်းလူမှုကယ်ဆယ်ရေးအသင်းတို့မှ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို မြန်မာ-တရုတ်နှစ်နိုင်ငံ အဝင်/အထွက်ဂိတ် (နှစ်ပြည်တစ်ရွာဂိတ်)၌ ယနေ့ နံနက်ပိုင်းက လာရောက်ပေးအပ် လှူဒါန်းသည်။ တရုတ်(ရွှေလီ) မြန်မာ(မူဆယ်)နယ်စပ်ဒေသနေ ပြည်သူများ၏ ဘေးအန္တရာယ်လုံခြုံရေးနှင့် တရုတ်-မြန်မာချစ်ကြည်မှုကို ပိုမိုတိုးတက်စေရန်အတွက် ယခုလို ကျန်းမာရေးအထောက်အကူပြုပစ္စည်းများကို လာရောက်လှူဒါန်းရခြင်း ဖြစ်ကြောင်း တယ်ဟုန်ဒေသ အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက ပြောကြားခဲ့ပြီး နှာခေါင်းစည်း ခုနစ်သောင်း၊ ပိုးသတ်ဆေးရည် ၈၀ ဖာ၊ ပိုးသတ်စက် ၁၈ ခု၊ ပိုးသတ်ဆေးမှုန့် ၂၀ ဖာ၊ ကာကွယ်ရေးဝတ်စုံ ၃၅၀၊ ဆေးရုံသုံးလက်အိတ် လေးဖာ၊ ပိုးသတ်တာဝါ လေးဖာတို့ကို ပေးအပ်လှူဒါန်းသည်။ အဆိုပါပစ္စည်းများကို မန့်ဟီးရိုးမြို့အုပ်ချုပ်ရေးမှူးဦးစိုင်းမြတ်အောင်၊ မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးရှင်ဖူတို့က လက်ခံရယူခဲ့ကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ (ဓါတ်ပုံ)



ဆက်လက်ပြီး မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း(မူဆယ်ရုံးခွဲ)ဥက္ကဋ္ဌ ဦးရှင်ဖူက မြို့အုပ်ချုပ်ရေးမှူးအား မန့်ဟီးရိုးမြို့အပါအဝင် ရပ်ကွက် သုံးရပ်ကွက်နှင့် ကျေးရွာအုပ်စု လေးအုပ်စုတို့ရှိ ဒေသခံပြည်သူများအတွက် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်နိုင်ရေး အထောက်အကူပြုပစ္စည်းများကို တစ်ဆင့်ပြန်လည် လှူဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

**စန္ဒာ(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း ဝေးလံခက်ခဲဒေသများရှိ မဲရုံများ ကိုဗစ်-၁၉ရောဂါကာကွယ်ရေးပစ္စည်းများရောက်ရှိရေး ဆောင်ရွက်

**ခန္တီး နိုဝင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း ဝေးလံခက်ခဲဒေသများရှိ မဲရုံများအတွက် (COVID -19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီမှ ပေးပို့လှူဒါန်းသော ကိုဗစ် ရောဂါကာကွယ်ရေး ပစ္စည်းခုနစ်မျိုးကို အောက်တိုဘာ ၃၁ ရက်က ခန္တီးမြို့၊ ဟုမ္မလင်းမြို့နှင့် လေရှီးမြို့တို့တွင် ရောက်ရှိနေပြီဖြစ်ရာ အဆိုပါပစ္စည်းများကို သက်ဆိုင်ရာ ရပ်ကွက် / ကျေးရွာရွေးကောက်ပွဲကော်မရှင်အဆင့်ဆင့်သို့ အမြန်ဆုံးရောက်ရှိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ရောဂါကာကွယ်ရေးပစ္စည်းများကို စစ်ကိုင်းတိုင်းဒေသကြီး ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ ခန္တီး၊ ဟုမ္မလင်း၊ လဟယ်နှင့် လေရှီးမြို့နယ်များအတွက်ကို မုံရွာမှတစ်ဆင့် အမြန်ရေယာဉ်ဖြင့် ပေးပို့ခဲ့ပြီး နန်းယွန်းမြို့နယ်အတွက်ကို ကချင်ပြည်နယ်မှတစ်ဆင့် ပေးပို့ခဲ့ကြောင်း၊ ယမန်နေ့က ခန္တီးမြို့သို့ရောက်ရှိလာသော ပစ္စည်းများသည် ခန္တီးမြို့နယ်နှင့် လဟယ်မြို့နယ်အတွက်ဖြစ်ပြီး ပစ္စည်းများကို လဟယ်မြို့သို့ ထပ်ဆင့်ပေးပို့လိုက်ပြီဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးပစ္စည်းများမှာ NK-95၊ Exam Glove၊ Face Shield၊ Coverall (PPE-3)၊ Surgiral Glove (PPE-3)၊ Protective mask (PPE-3)နှင့် Boots (PPE-3) များဖြစ်ပြီး ရွေးကောက်ပွဲမဲရုံများအတွက် ဖြစ်ကြောင်း သိရသည်။

**အမ်းအင်းလမ်း**

# ပင်လည်ဘူး-ကောလင်း လမ်းပိုင်း၌ တန်ပိုစစ်ဆေးရေးဂိတ် ထားရှိ

**ဝန်းသို နိုဝင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင် ဝန်းသိုမြို့နယ် ပင်လည်ဘူး-ကောလင်းသွား ကားလမ်းမပေါ်၌ တန်ပိုစစ်ဆေးရေးဂိတ် ထားရှိမည်ဟုသိရသည်။ စစ်ကိုင်းတိုင်းဒေသကြီးလမ်းဦးစီးဌာနညွှန်ကြားရေးမှူးဦးကျော်ထွန်းလင်း၊ ကသာခရိုင် လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဒေါ်ခင်ခင်ထိုက်တို့သည် ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူးမြို့နယ်လမ်းဦးစီးတို့သည်(ဆင်ကုန်း-ဝန်းသို-ပင်လည်ဘူး)လမ်း၊ ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူးမြို့နယ်များအား မိုးဒဏ်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများအား ယမန်နေ့က ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဝန်းသိုမြို့နယ် (၅)မိုင်လမ်းဆုံအနီး ပင်လည်ဘူး-ကောလင်းသွား ကားလမ်းမပေါ်၌ တန်ပိုစစ်ဆေးရေးဂိတ် ထားရှိမည့်နေရာ ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်မည့်အခြေအနေများ မှာကြားခဲ့သည်။ အဆိုပါ(၅)မိုင်လမ်းဆုံတွင် တည်ဆောက်မည့် တန်ပိုစစ်ဆေးဂိတ်ကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းဖြင့် တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

**မြင့်ထွန်းမင်း(ကောလင်း)**

# ကချင်ပြည်နယ်အဝင် စစ်ဆေးရေးဂိတ်စခန်း၌ ကုန်တင်ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား ကျန်းမာရေးစစ်ဆေး

**မိုးညှင်း နိုဝင်ဘာ ၂**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု မော်ဟဲကျေးရွာအနီး ကျန်းမာရေးစစ်ဆေးရေးဂိတ်တွင်ကချင်ပြည်နယ်အတွင်းသို့ ဝင်ရောက်လာသည့်ကုန်တင်ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များအား နှာခေါင်းတို့ပတ်နှင့် အာခေါင်းတို့ပတ် ရယူ၍ Rapid Test Kit များဖြင့် ကိုဗစ်-၁၉ ရောဂါရှိ/မရှိတို့ကို နေ့စဉ် ဓာတ်ခွဲအတည်ပြုစစ်ဆေးဆောင်ရွက်လျက်ရှိရာ ယမန်နေ့က ကုန်တင်ယာဉ် ၁၀ စီးပေါ်ရှိ ယာဉ်မောင်းနှင့် ယာဉ်နောက် လိုက် ၂၁ ဦးတို့ကို စစ်ဆေးဆောင်ရွက်ခဲ့ရာ ၂၁ ဦးလုံး ပိုးမရှိကြောင်း သိရပြီး အောက်တိုဘာ ၃၁ ရက်က ဝင်ရောက်လာသည့် ကုန်တင်ယာဉ် ၂၁ စီးတို့၏ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် ၃၇ ဦးတို့ကို နှာခေါင်းတို့ဖတ်နှင့် အာခေါင်တို့ဖတ်တို့အား စစ်ဆေးခဲ့ရာ အဆိုပါ ၃၇ ဦးလုံးမှာလည်း ပိုးမတွေ့ကြောင်း မိုးညှင်းခရိုင်အုပ်ချုပ်ရေးမှူးရုံးမှ ခရိုင်ဦးစီးအရာရှိ ဦးကျော်ဇင်ထိုက်ထံမှ သိရသည်။

**စနစ်တကျစစ်ဆေးခဲ့**

အဆိုပါဂိတ်စခန်းသို့ အောက်တိုဘာ ၉ ရက်မှ နိုဝင်ဘာ ၁ ရက် အထိ ကုန်တင်ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် ၁၀၀၀ ကျော်ခန့်တို့ကို စနစ်တကျ စစ်ဆေးခဲ့ရာ ယနေ့အချိန်အထိ တစ်ဦးတစ်ယောက်မျှ မတွေ့ရှိရကြောင်း သိရသည်။

**၀၇၈**

စာမျက်နှာ ၂၂ မှ

မန္တလေးသို့ ခေါ်ဆောင်လာသူများတွင် ယိုးဒယားနန်းစွန့်ဘုရင်(ကျောက်ဘွားတောက်)လည်းပါဝင်ခဲ့ကာ ရဟန်းဝတ်ပြီး ရဟိုင်းဈေးအရှေ့ဘက်ရှိ ပေါင်းလဲတိုက်တွင် သီတင်းသုံး နေထိုင်၍ ၁၁၈၅ ခုနှစ်တွင် ပျံလွန်ခဲ့သည်။ ဘုရင့်အနွယ် မင်းညီမင်းသားဆွေမျိုးများက ယင်းတို့ နေထိုင်သည့် ရွှေတချောင်းဘေးတွင် ယင်းတို့၏ ရိုးရာဓလေ့အတိုင်း သဲပုံစေတီတည်ထားကိုးကွယ်ခွင့်တောင်းခဲ့ရာ ဘိုးတော်ဘုရားက ခွင့်ပြုခဲ့သည်။ ထို့ကြောင့် ခရစ်နှစ် ၁၇၈၃ ခုနှစ်တွင် ယိုးဒယားဘုရင်ဟောင်း ရဟန်းတော် ဦးဆောင်လျက် မင်းသားစု ရပ်ကွက်တွင် သဲပုံစေတီကို စတင်တည်ထားကိုးကွယ်ခဲ့ကြောင်း ဘုရားဝင်းအတွင်းရှိ ကမ္ပည်းစာတွင် ရေးထိုးထားသည်။

မင်းသားစုရပ်ကွက်ရှိ သဲပုံစေတီကို နှစ်စဉ် သင်္ကြန်အကျရက်တွင် တည်ကြပြီး တစ်နှစ်ပြည့်လျှင်ဖျက်၍ အသစ်ပြန်တည်ကာ သဲပုံစေတီပွဲကို ကျင်းပကြသည်။ ယိုးဒယားများ ရှိစဉ်က သဲပုံစေတီတည်ချိန်တွင် ၎င်းတို့၏ အဆက်အနွယ်များက သဲတစ်ဆုပ်နှင့် ရေတစ်မှုတ်ပါဝင်လှူဒါန်းကြရပြီး သင်္ကြန်အတက်နေ့တွင် စေတီတော်ကို ထီးတင်၍ နှစ်ဆန်းတစ်ရက်တွင် ရဟန်းသံဃာများကို ပင့်ဖိတ်၍ ရေစက်ချ အမျှဝေကြမြဲဖြစ်သည်။

ရွှေတချောင်း၏ အရှေ့ဘက်ရှိ မုန့်တီစု ရပ်ကွက်သည်လည်း ရှေးအခါက ယိုးဒယားရပ်ကွက်ဖြစ်ခဲ့ကာ မင်းသားစု ရပ်ကွက်နှင့်အတူ တစ်ချိန်တည်းပေါ်ပေါက်ခဲ့သည်။ မုန့်တီစု ရပ်ကွက်တွင် နှစ်စဉ် တည်ထားသည့် သဲပုံစေတီသည် မင်းသားစု ရပ်ကွက်မှ စေတီနှင့် ပုံစံရော အရွယ်အစားပါတူညီသည်။ စေတီ၏အနောက်ဘက်တွင် စိုက်ထူထားသည့် ကမ္ပည်းကျောက်စာတွင် မင်းသားစု စေတီကျောက်စာပါ အကြောင်းအရာများကိုပင်ရေးသားသည်။သို့သော် မုန့်တီစု သဲပုံစေတီသည် မင်းသားစု သဲပုံစေတီထက် တစ်နှစ် နောက်ကျကာ ၁၇၈၄ ခုနှစ်တွင် ယိုးဒယား နန်းစွန့်ရဟန်းတော်ကပင် ဦးဆောင်တည်ထားခဲ့သည်။

မုန့်တီစု သဲပုံစေတီကိုလည်း နှစ်စဉ်ကဆုန်လဆန်း ၁၃ ရက်တွင် နေ့ချင်းပြီးတည်လေ့ရှိကြသည်။ ကဆုန်လဆန်း ၁၄ ရက်တွင် လှူဖွယ်ပစ္စည်းများဖြင့် စေတီတော်ကို ပူဇော်၍ ကဆုန်လပြည့်နေ့တွင် ဘုရား အမှူးရှိသော သံဃာတော်များကို စာရေးတံမဲဖောက်၍ ဆွမ်းကြီးလောင်းပွဲကျင်းပပြုလုပ်ကြသည်။

ရန်ကုန်တိုင်းဒေသကြီးတွင်လည်း သဲပုံစေတီများကို ယနေ့တိုင် မြင်တွေ့နိုင်ကြရာ လမ်းမတော်မြို့နယ် ကျုံးကြီးလမ်းနှင့် ကိုင်းတန်းလမ်းထောင့်ရှိ ဗုဒ္ဓဝါဒ္ဓုက စေတီကို မြန်မာသက္ကရာဇ် ၁၂၅၃ ခုနှစ်တွင် တည်ခဲ့သည်။ ထို့အတူ စမ်းချောင်းမြို့နယ် စမ်းချောင်းတောင်ရပ်ကွက်ရှိ ရွာဦးသဲပုံစေတီကို မြန်မာသက္ကရာဇ် ၁၂၂၀ ပြည့်နှစ်တွင်တည်ခဲ့ကာ ၁၂၈၆ ခုနှစ်တွင် အုတ်စေတီ အဖြစ်ပြောင်းလဲတည်ထားခဲ့သည်။မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ်တွင် မာန်လည်ဆရာတော်သည် ရန်ကုန်မြို့သို့ ကြွရောက်ခဲ့စဉ် ယခု လမ်းမတော် မြို့နယ်မော်တင်အနီး၌ တရားပွဲကျင်းပခဲ့ရာ တရားပွဲ အနီး၌ ရှိနေသည့် သဲပုံ စေတီကို လမ်းမတော်မြို့နယ် ၁၀ လမ်း၌ ယခုတိုင် ဖူးတွေ့နိုင်ကြပေသည်။

သဲပုံစေတီများကို ကပ်ကြီးသုံးပါးမှ ကျော်လွှန်နိုင်ရန် ရည်ရွယ်လျက် တည်ထားကိုးကွယ်မှုများရှိခဲ့ရာ ဒုတိယကမ္ဘာစစ်အတွင်းက မြန်မာနိုင်ငံနေရာဒေသများစွာတွင် ဘေးအန္တရာယ်အပေါင်းမှ လွတ်ကင်းစေရန် သဲပုံစေတီများကို တည်ထားခဲ့ကြသည်။

ဗုဒ္ဓဘာသာဝင်များ၏ သက်ဝင်ယုံကြည်မှုအရ သက်ရှိ ထင်ရှား မြတ်ဘုရားကို ရည်မှန်းကာ တည်ထားကိုးကွယ်ခဲ့ကြသည့် သဲပုံစေတီများသည် မြန်မာတို့၏ ဒြပ်ရှိ ယဉ်ကျေးမှုတစ်ရပ်ဖြစ်၍ သဲပုံစေတီပွဲများသည် ဒြပ်မဲ့ ယဉ်ကျေးမှုအဖြစ် ခိုင်မာစွာ တည်ရှိခဲ့ပေသည်။ ။

**ကိုးကား**

**၁။ ဝင်းတွေနဲ့တည်ခဲ့တဲ့မင်းနေပြည်(နတ်မောက်ထွန်းရှိန်)**

**၂။ သဲပုံစေတီပွဲ (ဦးမောင်မောင်တင်)**

**၃။ မြန်မာပြည်ရောက် ယိုးဒယားအနွယ်လာများ (ဆရာဝန်တင်မောင်ကြည်)**





### ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

တောင်တွင်းကြီးမြို့၊ ဆတ်သွားကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၄၊ဈေးသစ်ရပ်)၊ ဦးပိုင်အမှတ်(၄၄-ခ၊ ၄၃-က)၊ ဧရိယာ ၀ ဒသမ ၁၀၁ ဧကရှိ မြေကွက်ကို ဦးဇော်လင်းအမည်ဖြင့် စက်မှုစီးပွားမြေဂရန် ဤရုံးသို့ လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ခိုင်လုံသည့်စာရွက်စာတမ်းအထောက်အထားများဖြင့် တောင်တွင်းကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း၊ မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်လည်းကောင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊အကွက်အမှတ်(၃-ပဒေသာ)၊ ဦးပိုင်အမှတ်(၂၄၄-က)၊ မြေယာ အမှတ် (244-A)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ပြင်ဦးလွင် ခရိုင်ရုံး၊ မြေငှားဂရန် အမှတ်တွဲအမှတ် (၁၆၆/၂၀၁၉-၂၀၂၀)အရ ဦးထွဏ်းမြတ်(ခ)ဦးတင်ဝင်း အမည်ပေါက်ခဲ့သော မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်စံစားခွင့်အရပ်ရပ်အားလုံးတို့ကို နေအိမ်ခြံမြေ အပြီးအပိုင် အရောင်းအဝယ် မှတ်ပုံတင်စာချုပ်အမှတ်(၂၀၅/၂၀၂၀)အရ ဒေါ်ခင်မိမိမော်နှင့် ဒေါ်ကြည်ပြာရွှန်းလဲ့တို့နှစ်ဦးမှ ပူးတွဲ၍ အပြီးအပိုင်ဝယ်ယူခဲ့ပြီး ဦးပိုင်ခွဲ/အမည်ပြောင်းဂရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ဤကြော်ငြာစာပါသည့်ရက်မှအစပြု၍ ၁၄ ရက်အတွင်းလူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**ပြင်ဦးလွင်**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ်(မ/၂-ပဒေသာ)၊ ဦးပိုင်အမှတ် (၃၈+၃၉)၊ မြေယာအမှတ်(38+39)၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ ပြင်ဦးလွင်ခရိုင်ရုံး မြေငှားဂရန်အမှတ်တွဲအမှတ်(၂၉၆/၉၆-၉၇)အရ ဦးတင်လှ အမည်ပေါက်ခဲ့သော မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် စံစားခွင့် အရပ်ရပ်အားလုံးတို့ကို နေအိမ်ခြံမြေ အပြီးအပိုင်အရောင်းအဝယ် မှတ်ပုံတင်စာချုပ် အမှတ်(၁၈၀/၂၀၂၀)အရ ဒေါ်အုန်းအုန်းခိုင်မှ အပြီးအပိုင်ဝယ်ယူခဲ့ပြီး အမည်ပြောင်း/သက်တမ်းတိုး(ဂရန်သစ်) လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ဤကြော်ငြာစာပါသည့်ရက်မှ အစပြု၍ ၁၄ ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**ပြင်ဦးလွင်**

### ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ရပ်ကွက်ကြီး(၁)၊အကွက်အမှတ်(၁၁-တံတားဦးအရှေ့)ဦးပိုင်အမှတ်(၂၅)၊မြေယာအမှတ်(47)မြေဧရိယာ(၀.၀၈၅)ဧကရှိမြေကွက်နှင့်မြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် စံစားခွင့်အရပ်ရပ် အားလုံးတို့ကို မြို့မြေငှားဂရန် အမှတ်တွဲအမှတ်(၇၈/၁၉၈၈-၈၉)အရ ဒေါ်ဝမ်ရှောက်မှီအမည်ဖြင့်၃၀-၈-၁၉၇၁ မှ ၂၉-၈-၂၀၀၁ ရက်အထိ အခွန်တော်ငွေ(၄၅၀/-)ဖြင့် နှစ်(၃၀)ဂရန်ထုတ်ပေးခဲ့ပြီး အဆိုပါဂရန်သက်တမ်းမှာ ကုန်ဆုံးပြီဖြစ်၍ ဒေါ်ဝမ်ရှောက်မှီမှ ၎င်း၏အမည်ဖြင့်ပင် သက်တမ်းတိုးဂရန် လျှောက်ထားလာပါသဖြင့်ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ခရိုင်/မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ ဤကြော်ငြာစာပါသည့်ရက်မှ အစပြု၍ (၁၄)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**ပြင်ဦးလွင်**

### ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊အကွက်အမှတ်(၁၀-တံတားဦးအနောက်ရပ်)ဦးပိုင်အမှတ်(၁၀၅-က/၃) မြေယာအမှတ်(205-A/3)မြေဧရိယာ(၀.၀၅၉)ဧကရှိ ပြင်ဦးလွင်ခရိုင်ရုံး မြေငှားဂရန်အမှတ်တွဲ အမှတ်(၀၈၀/၂၀၁၇-၂၀၁၈)အရ ဒေါ်စူလိုချနာဒေဝီ အမည်ပေါက်ခဲ့သော မြေကွက်နှင့်မြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် စံစားခွင့်အရပ်ရပ်အားလုံးတို့ကို နေအိမ်ခြံမြေ အပြီးအပိုင် အရောင်းအဝယ် မှတ်ပုံတင်စာချုပ်အမှတ်(၁၉၀/၂၀၂၀)အရ ဦးဇော်လင်းသန်းနှင့် ဒေါ်နန်းနွမ်ဖောင်တို့နှစ်ဦးမှ ပူးတွဲ၍ အပြီးအပိုင်ဝယ်ယူခဲ့ပြီး အမည်ပြောင်းဂရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ခရိုင်/မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ ဤကြော်ငြာစာပါသည့်ရက်မှအစပြု၍ (၁၄)ရက်အတွင်း လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါကြောင်းကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်**

### ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊အကွက်အမှတ်(၁၈-ကျောက်တောင်ရပ်)ဦးပိုင်အမှတ် ယခင်(၄၉) ယခု(၅၃) မြေယာအမှတ်ယခင်(64) ယခု (110)မြေဧရိယာ(၀.၂၃၃)ဧကရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် စံစားခွင့် အရပ်ရပ်အားလုံးတို့ကို မြို့မြေငှားဂရန်အမှတ်တွဲအမှတ် (၅၅/၁၉၇၆-၇၇)အရ ဦးသူမှ အမည်ပေါက်ခဲ့ပြီး ၎င်းမှာကွယ်လွန်ခဲ့၍ ၎င်း၏အမွေဆက်ခံသူများဖြစ်သော ဒေါ်ကြိုင်သီရိဝင်းနှင့် ဦးအောင်ကိုကိုဝင်း တို့နှစ်ဦးမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းမြွက်ဟကြေညာစာချုပ်အမှတ်(၂၁၀/၂၀၂၀)အရ ဆက်လက်၍ အမွေဆက်ခံပိုင်ဆိုင်လာခဲ့ကြပြီး ၎င်းတို့နှစ်ဦးမှအမည်ပြောင်း/သက်တမ်းတိုးဂရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ဤကြော်ငြာစာပါသည့်ရက်မှအစပြု၍ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်**

### ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊အကွက်အမှတ်(RA-V) ကွက်ပြင်ရပ်၊ ဦးပိုင်အမှတ် (၁၉/၂)မြေယာအမှတ်(2) မြေဧရိယာ(၀.၁၁၆)ဧကရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် စံစားခွင့် အရပ်ရပ်အားလုံးတို့ကို မြို့မြေငှားဂရန်အမှတ်တွဲအမှတ် (၅၂၆/၉၀-၉၁)အရ ဒုဗိုလ်မှူးကြီးကျော်ဝင်းမှ အမည်ပေါက်ခဲ့ပြီး ၎င်းမှာကွယ်လွန်ခဲ့၍ ဇနီးဖြစ်သူ ဒေါ်ခင်သောင်းမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာ စာချုပ်အမှတ်(၁၀၄/၂၀၂၀)အရ ဆက်လက်၍ အမွေဆက်ခံ ပိုင်ဆိုင်လာခဲ့ပြီး ဒေါ်ခင်သောင်းမှအမည်ပြောင်း/သက်တမ်းတိုးဂရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ခရိုင်/မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ ဤကြေညာစာပါသည့်ရက်မှအစပြု၍ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်**

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)၊ အကွက်အမှတ်(၄-ကွက်၊ စာရေးတန်းရပ်)၊ ဦးပိုင်အမှတ်(၂၃-ခ)၊ မြေဧရိယာ(၀ဒသမ၀၅၅)ဧကရှိ မြေကွက်အား မြေငှားဂရန်(သက်တမ်းတိုး)လျှောက်ထားနိုင်ရေး ဒေါ်အေးအေးခိုင်ပါ(၃)ဦး ၉/မမန(နိုင်)၀၂၃၁၁၈မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

### ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ အကွက်အမှတ် (၂၈/သုမင်္ဂလာရပ်)၊ ဦးပိုင်အမှတ်(၂၂)၊ မြေဧရိယာ (၀ဒသမ ၁၁၃)ဧကရှိ မြေကွက်အား မြေငှားဂရန်(သက်တမ်းတိုး၊ အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်နန်းအမ် ၁၃/တယန(နိုင်) ၀၁၇၂၈၈မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနအတွက် လိုအပ်သော အောက်ဖော်ပြပါ Technical Specifications များနှင့် ကိုက်ညီသော Test Lab အတွက် လိုအပ်သော စက်ပစ္စည်းများကို မြန်မာ ကျပ်ငွေဖြင့်ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

Test Lab (1) Unit

| | |
|---|---|
| (a) Signal Analyzer (Up to 50GHz) | 1 No |
| -Spectrum Measurement | |
| (b) Millimeter Wave Frequency Extenders | 1 No |
| -To extend all the measurement capabilities to 75 GHz Range 50-75 GHz VDi Standard | |
| -Down converter with 9VDC supply | |
| (c) Microwave/Analog Signal Generator | 1 No |
| -To Generete Necessary Microwave and mmWave Signal | |
| (d) Antenna & Field Probes (6 Pair Tx/Rx) | 10 Nos |
| -Transmit Radiators & Receiver | |
| (e) Cables (3m and 10m) | 1 Set |
| -DC To Microwave & mmWave | |
| (f) Connector | 1 Set |
| -DC To Microwave & mmWave | |
| (g) Other Accessories | 1 Set |
| -DC To Microwave & mmWave | |
| (h) Power Amplifier | 1 No |
| -mmWave Amplifire to 65 GHz | |

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၅-၁၁-၂၀၂၀ရက် (ကြာသပတေးနေ့)
၃။ တင်ဒါပုံစံအရောင်းပိတ်မည့်ရက် - ၁၉-၁၁-၂၀၂၀ရက် (ကြာသပတေးနေ့)
၄။ တင်ဒါပုံစံရောင်းချမည့်နေရာ - ပစ္စည်းဌာနစု၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော်
၅။တင်ဒါတင်သွင်းရမည့်နေရာ - တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ်(၂)၊နေပြည်တော်
၆။ တင်ဒါဖွင့်ဖောက်မည့်ရက်နှင့်အချိန် - ၈-၁၂-၂၀၂၀ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီ
၇။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၃၄၀၇၀၅၁၊ ၀၆၇-၃၄၀၇၇၈၀၀တို့သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၂)၊ နေပြည်တော်**

## ရောင်းမည်

ရွှေတိဂုံ၊ ဗဟန်းဈေး၊ ကန်တော်ကြီးသို့ (၁၀)မိနစ်၊ မြို့ထဲ၊ ဗိုလ်ချုပ်ဈေး၊ မြန်မာပလာဇာ၊ စမ်းချောင်း၊ ဓမ္မစေတီလမ်း၊ Market Place by City Mart, People's park တို့ကို မိနစ်(၂၀)နှင့် သွားနိုင်သော ဒုတိယထပ် Pagoda View (၁၅x ၆၅)ပေ တိုက်ခန်းကျယ်ရောင်းမည်။ ဈေးနှုန်း သိန်း ၁၁၁၀၊ ဖုန်း-၀၉-၅၅၀၆၁၇၅
ပွဲစားမလို

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြ ဖ.ဆ.ပ.လ၊ တိုက်(၅၇)၊ အမှတ်(၁၄)နေ ဦးအေးလွင်-ဒေါ်ခင်နွယ်အေးတို့၏သား မောင်သက်ဦး ၁၂/မဂတ(နိုင်)၀၇၄၀၉၅သည် မိဘနှစ်ပါးနှင့် ညီအစ်ကိုမောင်နှမအား ဂုဏ်သိက္ခာထိခိုက်စေပြီး အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုမူသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း။
(စုံစမ်းမေးမြန်းနိုင်သည်)

**ဦးအေးလွင် ၁၂/မဂတ(နိုင်)၀၇၀၉၁၂- ဒေါ်ခင်နွယ်အေး၁၂/မဂတ(နိုင်)၀၀၆၃၁၂**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန မန္တလေးတိုင်းဒေသကြီး (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊မန္တလေးတိုင်းဒေသကြီးတွင် (၂၀၂၀-၂၀၂၁) ဘဏ္ဍာရေးနှစ် အတွင်း အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်း (၇)မျိုး ဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်းလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | တိုင်းဒေသကြီးရုံး(မန္တလေး)ရုံးဝင်းအတွင်းရှိ ယာဉ်မောင်းစစ်ဆေးရေးကွင်း ကွန်ကရစ်လမ်းခင်းခြင်း(အလျား၂၀၉' ၀"၊အနံ၆၆' ၀"၊ထု ၀' ၈") | Lot-1 |
| (ခ) | ခရိုင်ရုံး(မိတ္ထီလာ)အလျား၈၀'၊အနံ၄၀' အမြင့် ၂၃' ရေ၊ မီး၊ ဆေးအပါအဝင် RC (၂)ထပ်သံကူကွန်ကရစ်ရုံးတည်ဆောက်ခြင်း | Lot-2 |
| (ဂ) | ခရိုင်ရုံး(မိတ္ထီလာ)လုပ်ငန်းလာရောက်ဆောင်ရွက်သူ ပြည်သူများနားနေရန် နားနေဆောင်Steel Structure(အလျား၄၀'၊အနံ၁၀'၊အမြင့်၁၁' ၃") တည်ဆောက်ခြင်း | |
| (ဃ) | ခရိုင်ရုံး (မိတ္ထီလာ)(အလျား၃၀'x အနံ၁၂')(၄)ခန်းတွဲ အများသုံးသန့်စင်ခန်း တည်ဆောက်ခြင်း(မိလ္လာကန်အပါအဝင်) | |
| (င) | ခရိုင်ရုံး(ပြင်ဦးလွင်) ရုံးဝင်းအုတ်တံတိုင်း(အရှည် ၁၂၈၆'နှင့်အမြင့်၆') အုတ်ခြစည်းရိုးကာရံခြင်းလုပ်ငန်း | |
| (စ) | ခရိုင်ရုံး(မြင်းခြံ)ယာဉ်မောင်းစစ်ဆေးရေးကွင်း (၁၆၀၀'-၀"အရှည်x၆'အမြင့်)တွင် အလျား၁၄'အရှည် ဂိတ်တံခါး(၂)ခု အပါအဝင်) အုတ်ခြစည်းရိုးကာရံခြင်း | Lot-3 |
| (ဆ) | ခရိုင်ရုံး(ရမည်းသင်း)ဝန်ထမ်းအိမ်ရာ၊ယာဉ်မောင်း စစ်ဆေးရေးကွင်း၊ ယာဉ်စစ်ဆေးရေးကွင်းရှိရုံးဝင်းအား ၂၀'-၀" အရှည်သံဆွဲတံခါး(၂)ခုနှင့် ၁၂'-၀"အရှည်သံဆွဲတံခါး(၁)ခုအပါအဝင် (အရှည် ၇၉၂'-၀" အမြင့်၆')အုတ်ခြစည်းရိုး ကာရံခြင်း(RCတိုင်၊GBပါ) | |

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်းဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပြီး တင်ဒါပုံစံများကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားရေး ဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(မန္တလေး) စီမံရေးရာဌာန၊ သိပ္ပံလမ်း ၇၃x၇၈လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊မန္တလေးမြို့တွင်လာရောက်ဝယ်ယူနိုင်ပါသည်။ ဝယ်ယူရာတွင် ကုမ္ပဏီတစ်ခုလျှင် ကိုယ်စားလှယ်တစ်ဦးသာ Covid-19ရောဂါဆိုင်ရာ အကာအကွယ်(Mask နှင့် Face shield)များ ဝတ်ဆင်၍ လာရောက်ဝယ်ယူပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်-

**တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက်** - ၅-၁၁-၂၀၂၀ရက်မှ ၂၄-၁၁-၂၀၂၀ရက်အထိ (ရုံးချိန်အတွင်း)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၆-၁၁-၂၀၂၀ရက်(ကြာသပတေးနေ့)(ရုံးချိန်အတွင်း)
**တင်ဒါဖွင့်ဖောက်မည့်ရက်** - ထပ်မံကြေညာပါမည်
**တင်ဒါဖွင့်လှစ်မည့်နေရာ** - ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(မန္တလေး)၊ အစည်းအဝေးခန်းမ

၃။ တင်ဒါစည်းကမ်းနှင့်အသေးစိတ် အချက်အလက်များ သိရှိလိုပါက ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတိုင်းဒေသကြီးဦးစီးမှူးရုံး(မန္တလေး) ဖုန်း-၀၂-၄၀၃၆၁၁၆သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း ဦးမင်းသိန်း အဖွဲ့ဝင်၊ မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ အသက်(၅၈)နှစ်

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာန၊ မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့၊ အဖွဲ့ဝင်ဆရာကြီး ဦးမင်းသိန်းသည် ၂-၁၁-၂၀၂၀ရက် နံနက် ၈:၃၀နာရီတွင် မန္တလေးမြို့၊ ကန်တော်နဒီဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**အနုပညာဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း ဒေါ်ခင်မာညို BE(Textile)(1994) (ဒု-စက်ရုံမှူး၊ တပ်မတော်အထည်ချုပ်စက်ရုံ) အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ (က+ဂ)ရပ်ကွက်၊ ၁၇၅လမ်း၊ အမှတ်(၃၅-A၊ မြေညီထပ်)နေ(ဦးလှမန်း-ဒေါ်ခင်ဝင်း)တို့၏ သမီး ဒေါ်ခင်မာညို(ဒု-စက်ရုံမှူး) သည် ၁-၁၁-၂၀၂၀ရက် (တနင်္ဂနွေနေ့) ည ၁၀:၄၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ထမ်းများ၊ တပ်မတော်အထည်ချုပ်စက်ရုံ**

### ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်/ ဘဲ/ငုံးခြံများတွင် အဆိုပါရောဂါကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင် ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု ဆောင်ရွက်ရန်၊
(ခ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(ဂ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူနှင့် ယာဉ်အဝင်/အထွက် ထိန်းချုပ်ရန်၊
(ဃ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/ လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊
(င) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊
(စ) ကြက်၊ ငှက်များကိုကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေး ခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊
(ဆ) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊
(ဇ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(ဈ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်း များတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး
# ဒေါ်ခင်လေး(အကြင်) (ရွှေကျင်)
### အသက်(၉၁)နှစ်

ရွှေကျင်မြို့နေ (ဦးကြိုင်-ဒေါ်ငွေးရွှေ)တို့၏သမီး၊ (ဦးသန်းမြင့်-ဒေါ်မြစော)၊ ဒေါ်ခင်သိန်းဝင်း၊ ဦးအောင်ကြည်-ဒေါ်ကြည်ကြည်ဆင့်တို့၏ အစ်မ၊ (ဦးတင်မောင်)(လွတ်လပ်ရေးမော်ကွန်းဝင်၊ ပဲခူးတိုင်းပညာရေးမှူးဟောင်း)၏ ချစ်လှစွာသောဇနီး၊ ဦးကျော်ထွန်းဦး-ဒေါ်တင်တင်ဦး၊ ဒေါ်တင်တင်လတ်၊ ဦးတင်မောင်ဇော်-ဒေါ်မိုးမိုးခိုင်၊ ဦးတင်မောင်မော်-ဒေါ်သန္တာညွန့်၊ ဦးတင်မောင်ကျော်-ဒေါ်မေခိုင်ဦး၊ (ဦးတင်မောင်သော်)-ဒေါ်မိုးသူမာ၊ (ဦးတင်မောင်ဇေ)-ဒေါ်သင်းသင်းလှိုင်၊ ဦးတင်မောင်မွန်-ဒေါ်အိအိအောင်တို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၂ယောက်၊ မြစ်နှစ်ယောက်တို့၏ ဘွားဘွားကြီး၊ တူ၊ တူမ ခြောက်ယောက်တို့၏ ကြီးဒေါ်သည် ၂-၁၁-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၉:၀၉ နာရီတွင် မင်္ဂလာဒုံ တပ်မတော်အသည်းရောဂါဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃:၃၀နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

ဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်ကျောင်း ဒါယကာကြီး
ရွှေနဒီ ပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း
(ကျောက်ပန်းတောင်းမြို့)၏ တည်ထောင်သူ ဖခင်ကြီး
ဦးစိုးသိမ်း
သီရိသုဓမ္မ မဏိဇောတဓရ
ကျောက်ပန်းတောင်း
အသက်(၉၀)

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်(၇)လမ်း၊ လှိုင်ရတနာမွန်အိမ်ယာ အမှတ်(၆၂/၆၃)နေဒေါ်ဆင့်နု၏ချစ်လှစွာသောခင်ပွန်းသည်(၂-၁၁-၂၀၂၀) တနင်္လာနေ့နံနက်(၉း၂၇)နာရီတွင်ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

ဦးငြိမ်း+အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဒေါ်အုန်းကြင်
OK ဆန်စက်နှင့်ဆန်ရောင်းဝယ်ရေး မိသားစု

---

### တောင်တွင်းကြီးမြို့နယ်အသင်း
### (ရန်ကုန်)
## ဒေါ်လှမြင့်(မြောက်ဥက္ကလာပ)
### သက်ကြီးကန်တော့ခံ
### အသက်(၉၉)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ ဝေပုလ္လအိမ်ရာ(၁)၊ တိုက်(A-4)၊ အခန်း(002)နေ ဒေါ်လှမြင့်သည် ၂၃-၁၀-၂၀၂၀ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁၀-၂၀၂၀ရက်တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

**အမှုဆောင်အဖွဲ့**

---

### တောင်တွင်းကြီးမြို့နယ်အသင်း
### (ရန်ကုန်)
## ဒေါ်တင်တင်ဝင်း
### ဒဂုံမြို့သစ်(မြောက်ပိုင်း)
### အသက်(၇၀)

တောင်တွင်းကြီးမြို့နယ်အသင်း (ရန်ကုန်)၏ တွဲဖက်အတွင်းရေးမှူး(၂) ဦးစိုးမင်း၏ဇနီး ဒေါ်တင်တင်ဝင်းသည် ၂-၁၁-၂၀၂၀ရက် တွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၁-၂၀၂၀ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

**အမှုဆောင်အဖွဲ့**

---

# ဒေါ်လှရင်
### အသက်(၈၇)နှစ်

ရွှေပြည်သာမြို့နယ်၊ (၂)ရပ်ကွက်၊ စပါယ်လမ်း၊ အမှတ်(၃၁/၁၃၃)နေ (ဦးပြည့်-ဒေါ်ရွှေ)တို့၏သမီး၊ (သူရမြစိုးညိမ်း)(သံအမတ်ကြီး-ငြိမ်း)၏ဇနီး၊ (ဦးအောင်ဇေယျ)၊ (ဦးအောင်စိုးညွန့်)-ဒေါ်သီတာ၊ ဦးအောင်မြတ်စိုး-ဒေါ်သင်းသင်းထိုက်တို့၏ မိခင်၊ မောင်ကောင်းစည်သူ၊ မောင်ကောင်းဇေယျာလင်းတို့၏ အဘွားသည် ၁-၁၁-၂၀၂၀ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁၂:၀၄နာရီတွင် အင်းစိန်ပြည်သူ့ ဆေးရုံကြီး ၌ ကွယ်လွန်သွားပါသဖြင့် ၂-၁၁-၂၀၂၀ရက် (တနင်္လာနေ့) မွန်းလွဲ ၁:၁၅နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမျိုးဝင်း
### ဘုရင့်နောင်ပွဲရုံနှင့် ဆန်စက်လုပ်ငန်း
### အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ ကျီတော်လမ်း၊ အမှတ်(၃၂)နေ (ဦးချစ်ဖေ-ဒေါ်မြရှင်)တို့၏ သား၊ (ဦးဦးကြည်-ဒေါ်ခင်လှ)တို့၏ သားသမက်၊ (ဦးစိန်ဝင်း-ဒေါ်သီတာဦး)၊ ဦးကြည်ဝင်း-ဒေါ်သီတာမိုးတို့၏မောင်၊ ဦးဟန်ဝင်းထွန်း- ဒေါ်မေဇော်ဖြိုးတို့၏အစ်ကို၊ ဒေါ်မာမာကြည်၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်မျိုးဝင်း၏ ဖခင်၊ တူ၊ တူမ ၁၇ယောက်တို့၏ ဦးလေးသည် ၁-၁၁-၂၀၂၀ ရက် (တနင်္ဂနွေနေ့) နံနက် ၁၁:၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၁-၂၀၂၀ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ထောက်ကြံ့မြို့၊ မြို့ရှောင်လမ်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

## ဦးစည်သူအေးအောင်
### (Chairman Asia Hi-Tech Construction Group Co.,Ltd)
### အသက်(၄၀)

ရန်ကုန်မြို့၊ မွန်မြတ်မေတ္တာအိမ်ရာနေ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ ငြိမ်း၊ စစ်ကိုင်းတိုင်းဝန်ကြီးချုပ်၊ ငြိမ်း)-ဒေါ်ဝေဝေခိုင်တို့၏သား၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်နေ ဦးကြည်သာ (ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း၊ HPGE)-ဒေါ်မာမာအေးတို့၏သားသမက်၊ မသန္တာအေးအောင်၊ မမေခိုင်စိုးတို့၏ အစ်ကို၊ မဟေမာန်ကြည်သာ၏ခင်ပွန်း၊ မရွှေလဝန်းသာ၊ မောင်ဟိန်းထက်အောင်သာ(အိုင်ဗင်)တို့၏ ဖခင်သည် ၂-၁၁-၂၀၂၀ရက် နံနက် ၄နာရီတွင်တပ်မတော်အသည်းရောဂါအထူးကုဆေးရုံ ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၁၁-၂၀၂၀ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် တပ်မတော် စစ်သင်္ချိုင်း၌ မီးသင်္ဂြိုဟ်ပြီး ရေဝေးသုသာန်၌ ဂူသွင်းမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ရွှေနဒီ ပရဟိတ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း
### (ကျောက်ပန်းတောင်းမြို့)၏ တည်ထောင်သူ ဖခင်ကြီး
## ဦးစိုးသိမ်း(ကျောက်ပန်းတောင်း)
### သီရိသုဓမ္မ မဏိဇောတဓရ
### အသက်(၉၀)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)လမ်း၊ လှိုင်ရတနာမွန်အိမ်ရာ၊ အမှတ်(၆၂/၆၃)နေ ဒေါ်ဆင့်နု၏ ချစ်လှစွာသောခင်ပွန်း၊ ဦးစိုးဝင်း-ဒေါ်ခင်သန်းဝင်း၊ ဦးစိုးလင်း-ဒေါ်အုန်းမြင့်၊ ဦးစိုးမင်း-ဒေါ်ရီရီချို၊ ဦးနေလင်း-ဒေါ်နုနုဆွေ၊ ဦးဝင်းစိုး(ခ)ကိုလုံး-ဒေါ်စမ်းသပြေထွန်း၊ ဦးဝင်းဇော်-ဒေါ်နုနုဝေတို့၏ဖခင်၊ မြေး ၁၆ယောက်၊ မြစ် ၁၂ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂-၁၁-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၉:၂၇နာရီတွင် ရန်ကုန်မြို့၊ ကန်သာယာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၄ နာရီတွင် ထိန်ပင်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူ မိသားစု**
**နဒီရွှေဝါကုမ္ပဏီလီမိတက်မိသားစု**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ရွှေနဒီပရဟိတ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း
### (ကျောက်ပန်းတောင်းမြို့)၏ တည်ထောင်သူ ဖခင်ကြီး
## ဦးစိုးသိမ်း(ကျောက်ပန်းတောင်း)
### သီရိသုဓမ္မ မဏိဇောတဓရ
### အသက်(၉၀)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)လမ်း၊ လှိုင်ရတနာမွန်အိမ်ရာ၊ အမှတ်(၆၂/၆၃)နေ ဒေါ်ဆင့်နု၏ ချစ်လှစွာသောခင်ပွန်း၊ ကိုမြင့်ဇော်လင်း-မချမ်းမြေအေး၊ ကိုဝင်းဇော်လင်း-မဆုမွန်အေး၊ ကိုဝေမိုးလင်း-မသူသူဝင်း၊ ကိုအောင်အောင်-မဝတ်ရည်ထွေး၊ ကိုမောင်မောင်-မရွှေစင်ဖူး၊ ကိုကျော်မျိုးနိုင်-မရွှေရည်ဝင်း၊ မမေရစ်ချို၊ မောင်ကောင်းမင်းချို၊ မောင်နေသုတ၊ မနန့်သာ၊ မလဲ့မွန်သာ၊ မောင်ရဲလှိုင်ဝင်း၊ မဉာဏ်ရည်ထွန်း၊ မကံကော်ထွန်း၊ မောင်သန့်မင်းခန့်၊ မောင်ဘုန်းမင်းခန့်တို့၏ အဘိုး၊ မြစ် ၁၂ယောက်တို့၏ဘိုးဘိုး ကြီးသည် ၂-၁၁-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၉:၂၇နာရီတွင် ရန်ကုန်မြို့၊ ကန်သာယာအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန် သူ၏ဆန္ဒအရ ယင်းနေ့ ညနေ ၄နာရီတွင် ထိန်ပင်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ အားအသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူ မြေး၊ မြစ်မိသားစု**
**နဒီရွှေဝါကုမ္ပဏီလီမိတက်မိသားစု**

---

## ဦးတင်ဝင်း
### (သဲအင်းယောဂီ)
### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၃၃)ရပ်ကွက်၊ ကျွန်းရွှေမြိုင်လမ်း၊ အမှတ်(၂၀၃) နေ (ဦးကျောက်စိန်-ဒေါ်တင်တင်) တို့၏သား၊ ဦးထွန်းရွှေ၊ ဦးသူရ၊ ဦးမျိုးလွင်တို့၏ညီ၊ ဒေါ်ကျင်စိန်၊ ဒေါ်ကျင်ပြုံး၊ ဒေါ်ကျင်ထွေး၊ ဒေါ်တင့်တင့်တို့၏မောင်၊ ဦးဇော်မင်းစိန်၏ အစ်ကို၊ ဒေါ်စိုးစိုး၏ ချစ်လှစွာသောခင်ပွန်း၊ မအေးခိုင်မွန်၊ မစုနွယ်ဝင်း၊ မောင်အောင်မျိုးသန့်တို့၏ ဖခင်သည် ၁-၁၁-၂၀၂၀ရက် ည ၉:၄၀ နာရီတွင် ရန်ကုန်မြို့၊ ပန်းလှိုင်ဆေးရုံကြီး၌ ကင်ဆာရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂-၁၁-၂၀၂၀ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါ သည်။

**ကျန်ရစ်သူမိသားစု**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်မြင့်မြင့်
### ဒေါင်းစာပေ၊ အတွေးအမြင်မဂ္ဂဇင်းထုတ်ဝေသူ
### အသက်(၇၇)နှစ်

ပဲခူးမြို့၊ အမှတ်(၂)မင်းလမ်းနေ (ဦးကျော်လှိုင်-ဒေါ်ခင်နု)တို့၏ တစ်ဦးတည်းသော သမီး၊ ရန်ကုန်မြို့၊ မဟာဗန္ဓုလပန်း ခြံလမ်း(အထက်)၊ အမှတ်(၃၀၀၊ ၆-က)နေ [ဦးစိုးသိမ်း(မောင်ဝံသ)]၏ဇနီး၊ ဦးရဲမြင့်-ဒေါ်ခင်မျိုးမြတ်(နန်းအိအိဇော)(သရဖူမဂ္ဂဇင်း) တို့၏ အဒေါ်၊ ဦးတင်ထွန်းကျော်၊ ဒေါ်ထိုက်ထိုက်စိုး(International Rescue Committee)၊ ဒေါ်လတ်လတ်စိုး(CMMD Journalism School)၊ ကိုနောင်နောင်စိုး (Gammon Pte Ltd, Singapore)၊ ဒေါက်တာချမ်းသာစိုး(UK)-ဒေါက်တာ အိပြည့်ဖြိုးဟန်(UK)တို့၏ ချစ်လှစွာသောမိခင်၊ မောင်ရဲပြည့်ထိုက်၊ မလီလီစိုး၊ မကေသီစိုးတို့၏ ဘွားဘွားကြီး၊ တူ၊ တူမ ခြောက်ယောက်တို့၏အဒေါ်သည် ၂-၁၀-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၁၁:၂၀နာရီတွင် မြောက်ဥက္ကလာပ မြို့နယ်အထွေထွေရောဂါကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၄-၁၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ အရိုးပြာဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(မဟာဗန္ဓုလပန်းခြံလမ်း (အထက်)နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၈-၁၁-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

# ဒေါ်တင်တင်ဝင်း
## ဒဂုံမြို့သစ်(မြောက်ပိုင်း)
## အသက်(၇၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၅၀)ရပ်ကွက်၊ နေကြာ(၃)လမ်း၊ အမှတ်(၃၃၂)နေ (ဦးဘိုးမောင်-ဒေါ်ပူစီ) တို့၏သမီး၊ (ဦးမြသောင်း)-ဒေါ်စိန်မြင့်တို့၏ သမီးချွေးမ၊ ဦးစိုးမင်း၏ ချစ်လှစွာသောဇနီး၊ ဗိုလ်မှူးဇေယျာအောင်-ဒေါ်သူဇာစိုး၊ ဒေါ်မူယာစိုး၊ ဦးဝင်းမောင်မောင်စိုး-ဒေါ်စန္ဒာချစ်တို့၏ မိခင်၊ မောင်စိုးဝင်းနိုင်၏အဘွားသည် ၂-၁၁-၂၀၂၀ရက် နံနက် ၄:၃၀နာရီတွင် ချမ်းမြေ့ဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၄-၁၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၈-၁၁-၂၀၂၀ရက် (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
# ဒေါ်စန်းစန်း
### အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ(၁၆)လမ်း၊ အမှတ်(၆၉၈)က၊ ကံဂေဟာနေ (ဦးရည်မှန်- ဒေါ်မြိုင်)တို့၏သမီး၊ (မီးပုံပျံ ဦးကျော်ရင်-ဒေါ်မမ)တို့၏သမီးချွေးမ၊ [ကာတွန်း ဦးကျော်ဆန်း(ကဆ) မော်ကွန်းဝင် ပထမဆင့်၊ နိုင်ငံ့ဂုဏ်ရည် ဒုတိယဆင့်၊ စတုတ္ထပတ် ဗိုလ်သင်တန်း၊ မင်္ဂလာဒုံ]၏ဇနီး၊ ဦးဝင်းမြင့်(Surveyor, Vanoord Co.,Ltd, Halland)-ဒေါ်သီသီဆန်း၊ ဒေါက်တာဘုန်းမြင့်(ပါမောက္ခ၊ ဌာနမှူး-ငြိမ်း၊ ဆီးနှင့်ကျောက်ကပ်ခွဲစိတ်ကုဌာန၊ ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)-ဒေါ်ဖြူဖြူဆန်း၊ ဦးဆန်းဝင်း(ဒါရိုက်တာ၊ Suntac Technologies Co.,Ltd)-ဒေါ်ထွေးထွေး၊ ဦးရွှေဇင်(One-Star Plaster Cornice)-(ဒေါ်မာမာဆန်း)၊ ဦးဆန်းနိုင်-ဒေါ်အေးအေးဝင်း၊ ဦးတင်ဇော်မြင့်(Field Production Manager, PCNL)-ဒေါ်ကြူကြူဆန်း(ကထိက-ငြိမ်း၊ ဓာတုဗေဒဌာန၊ ပဲခူးတက္ကသိုလ်)၊ ဒေါက်တာဆန်းလင်း(ပါမောက္ခ/ဌာနမှူး၊ စိတ်ကျန်းမာရေးပညာဌာန၊ ဆေးတက္ကသိုလ်-၂၊ ရန်ကုန်)-ဒေါ်ဝါဝါဝင်းတို့၏ မိခင်၊ မြေး ၁၃ယောက်၊ မြစ်တစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂-၁၁-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၁၁:၁၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စန်းစန်း
### ဘီးလင်းမြို့နယ်၊ တောင်ကလေးရွာ၊ အောင်ချမ်းသာ ငါးထပ်ကြီးဘုရား
### ဂန္ဓကုဋိတိုက် အလှူရှင်
### အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ(၁၆)လမ်း၊ အမှတ်(၆၉၈-က)၊ ကံဂေဟာနေ (ဦးရည်မှန်- ဒေါ်မြိုင်)တို့၏သမီး၊ (မီးပုံးပျံ ဦးကျော်ရင်-ဒေါ်မမ)တို့၏သမီးချွေးမ၊ [ကာတွန်း ဦးကျော်ဆန်း(ကဆ) မော်ကွန်းဝင် ပထမဆင့်၊ နိုင်ငံ့ဂုဏ်ရည် ဒုတိယဆင့်၊ စတုတ္ထပတ် ဗိုလ်သင်တန်း၊ မင်္ဂလာဒုံ]၏ဇနီး၊ ဦးဇင်မင်းဦး(Decor-space Co.,Ltd)-ဒေါ်စိုးယုမော်၊ ကို အောင်သူဇင်(ခ)ဘုန်းသျှမ်ထွန်း(Pro Skenh Myanmar)၊ ဦးရန်ပိုင်ဦး-ဒေါ်စုမြတ်မြတ်ဘုန်း၊ ကိုကျော်ဘုန်းသက်(ခ)Kevin Thet (Art Director, Pencell Studio)၊ ဒေါက်တာ အောင်သက်ဇင်(အလုပ်သင်ဆရာဝန်၊ ဆေးတက္ကသိုလ်-၂)၊ ကိုပိုင်စိုးဦး(ခ) ပိုင်ဟိန်းကျော် (Pro Sketch Myanmar)၊ ကိုဝင်းထိုက်ဆန်း(တတိယနှစ်၊ ဆေးတက္ကသိုလ်-၁)၊ မဆန်းအင်ကြင်း၊ ကိုအာကာဆန်း(တတိယနှစ်၊ ရေကြောင်းတက္ကသိုလ်)၊ မနှင်းထက်ထက်နိုင်ဝင့်(တတိယနှစ်၊ အဝေးသင်တက္ကသိုလ်)၊ မဆန်းသစ်ပြည့်တို့၏အဘွား၊ မောင်အောင်ခန့်ဇော်(အဋ္ဌမတန်း)၏ ဘွားဘွားကြီးသည် ၂-၁၁-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၁၁:၁၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ခရစ်တော်၌အိပ်ပျော်ခြင်း
# ဒေါက်တာ ဒေါ်နုနုထွေး
### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ရွှေနှင်းဆီလမ်းသွယ်-၇A၊ ခြံအမှတ်(၃၆၆ B)နေ (ဒေါက်တာစောအောင်ဒင်-ဒေါ်ကစ်တီ)တို့၏သမီး၊ (ဦးလှထွေး)ANTARA နှင့် Nikkei Shimbun သတင်းဌာန၏ဇနီး၊ ဒေါ်စန္ဒာလှထွေး၊ ဦးသစ္စာလှထွေး(TBS သတင်းဌာန)-ဒေါ်စန္ဒီသောင်း၊ ဦးသူရိန်လှထွေး(Nikkei Shimbun သတင်းဌာန)-ဒေါ်စိုးယုလှိုင်တို့၏မိခင်၊ မအေးသစ္စာခင်၊ မောင်သီဟသစ္စာ၊ မချမ်းမြေ့သူရိန်၊ မောင်အောင်ထွေးသူရိန်တို့၏ အဘွားသည် ၂-၁၁-၂၀၂၀ရက် (တနင်္လာနေ့) နံနက် ၇:၂၀နာရီတွင် ပါရမီဆေးရုံ၌ ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၄-၁၁-၂၀၂၀ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် ထိန်ပင်ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဗိုလ်မှူးချုပ်နိုင်ဝင်းဇော်(ကြည်း-၂၃၁၀၆)
### တော(၁၈)
### BSc(Phy),MA(Defence)
### အသက်(၅၁)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဝဲကျွန်းထိန်လယ်ရပ်ကွက်၊ လေသာလမ်း၊ အမှတ်(တ/၁၃၃)၊ နှင်းဆီအရိပ်ခြံနေ ဦးကံဝင်း(တပ်မတော်အငြိမ်းစား)-ဒေါ်ခင်အုန်းနိုင်တို့၏သား၊ ဦးအောင်ထွေး(တနင်္သာရီတိုင်းဒေသကြီး၊ တိုင်းဦးစီးဌာနမှူး၊ စက်မှုလယ် ယာဦးစီးဌာန၊ ထားဝယ်မြို့)၊ ဒေါ်ခင်ဝင်းမော်(ဦးစီးအရာရှိ၊ ထားဝယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့)တို့၏မောင်၊ ဦးနိုင်ဝင်းကျော်(ရွှေဝယ်စတားကုမ္ပဏီ)၊ ဒေါ်ခင်မေဝင်း(ငွေအင်ကြင်းမြိုင်စားသောက်ဆိုင်)၊ မြိတ်မြို့၊ ပင်လုံအိမ်ရာနေ ကိုသန်းထိုက် (မြိတ်အများပိုင်ကုမ္ပဏီ)၊ ဒေါ်ဖြူဝင်းနှောင်းတို့၏ အစ်ကို၊ ဗိုလ်လောင်းသိန်းသူရဝင်း(D.S.A)၊ မခင်ရတနာဝင်း၊ မောင်ထွန်းသူရဝင်း၊ မအိမ့်မက်ဖြူတို့၏ ဦးလေး၊ ပပန(မန္တလေး)နေ ဒေါ်မီမီခိုင်၏ ခင်ပွန်းသည် ၃၀-၁၀-၂၀၂၀ရက် (သောကြာနေ့) ည ၉:၁၀နာရီတွင် မင်္ဂလာဒုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တော(၁၈)မှ**
**သူငယ်ချင်းများနှင့် မိသားစုများ**

---

## သတိပေးနိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၂၀၂ ဦး တွေ့ရှိ

COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ အတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၂,၂၂၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်(၁,၂၀၂)ဦး တွေ့ရှိ**ရပါသည်။

ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၂-၁၁-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁,၈၀၇) ခု | (၂၇၃) ဦး |
| ဆေးသုတေသနဦးစီးဌာန (DMR) | (၂၆၆) ခု | (၉၄) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၈၄၃) ခု | (၇၆) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၉၃) ခု | (၅) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၂၅) ခု | (၂၀) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၁) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် Gene Xpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၆၈) ခု | (၄၈) ဦး |

စာမျက်နှာ ၁၀ ကော်လံ ၁ ❋

# အခြေခံလူတန်းစားဘဝမြှင့်မားရေးပါတီနှင့် အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုတို့မှ ဒုတိယအကြိမ် ထုတ်လွှင့်သွားမည်

နေပြည်တော် နိုဝင်ဘာ ၂

အခြေခံလူတန်းစားဘဝမြှင့်မားရေးပါတီနှင့် အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို နိုဝင်ဘာ ၃ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ မြန်မာ့အသံရေဒီယိုနှင့် MRTV Facebook Page တို့မှ ဒုတိယအကြိမ် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

သတင်းစဉ်

# ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း အားပျော့ပြီဖြစ်

နေပြည်တော် နိုဝင်ဘာ ၂

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အားပျော့သွားပြီဖြစ်ပါသည်။

မိုး/ဇလ




စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းအဝင်တွင် မော်တော်ယာဉ်များ စစ်ဆေးစဉ်။ ဓာတ်ပုံ - စည်သာ

# စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်း ဆိုင်ခန်းများ ပြန်လည်ဖွင့်လှစ်ပါက ကြိုတင်သတင်းထုတ်ပြန်မည်

ရန်ကုန် နိုဝင်ဘာ ၂

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ရန်ကုန်မြို့ရှိ စော်ဘွားကြီးကုန်းပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းဝင်းအတွင်းဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချခြင်းကို ယာယီပိတ်ထားပြီး လူနှင့် ယာဉ်အဝင်/အထွက်ကို

စာမျက်နှာ ၁၁ ကော်လံ ၄ ❍

# မြန်မာ-ကိုရီးယားချစ်ကြည်ရေး အွန်လိုင်းတိုက်ကွမ်ဒိုပြိုင်ပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂

မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်နှင့် ကိုရီးယားသံရုံးတို့ ပူးပေါင်းကျင်းပသည့်မြန်မာ-ကိုရီးယား သံတမန်ချစ်ကြည်ရေး(၄၅)နှစ်မြောက်အထိမ်းအမှတ် အွန်လိုင်းတိုက်ကွမ်ဒိုပြိုင်ပွဲ ၂၀၂၀ ကို ယနေ့နံနက်က ကျင်းပသည်။

မြန်မာ-ကိုရီးယား သံတမန်ချစ်ကြည်ရေး (၄၅) နှစ်မြောက် အထိမ်းအမှတ်သို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေးက အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး မစ္စတာ လီဆန်းဟွာက ပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမြဟန်က စာမျက်နှာ ၁၈ ကော်လံ ၅ ■



အသက် ၁၄ နှစ်အောက် အမျိုးသားပြိုင်ပွဲတွင် အောင်ဆန်းကလပ်မှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။

# နိုင်ပွဲရရှိရန် လိုအပ်နေသည့် ရီးရဲနှင့်အင်တာတို့ ထိပ်တိုက်တွေ့ဆုံမှုက ဘယ်လိုဖြစ်လာမလဲ....

ယနေ့ညတွင် ချန်ပီယံလိဂ်အုပ်စုအဆင့် ပွဲစဉ် (၃) ပွဲစဉ်များကို ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ယခုအပတ်တွင် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များအနက် ပရိသတ်အကြိုက်တွေ့စေမည့်ပွဲစဉ်အဖြစ် စပိန်နာမည်ကြီး ရီးရဲမက်ဒရစ်အသင်းနှင့် အီတလီနာမည်ကြီး အင်တာမီလန်အသင်းတို့ ဆုံတွေ့နေခြင်းဖြစ်သည်။ အဆိုပါပွဲစဉ်ကို နံနက် ၂ နာရီခွဲတွင် ရီးရဲမက်ဒရစ် အိမ်ကွင်း၌ အကြိုတ်အနယ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

စပိန်နာမည်ကြီး ရီးရဲမက်ဒရစ်အသင်းသည် ယခုနှစ်ရာသီ၏ ပထမဆုံး ချန်ပီယံလိဂ်နိုင်ပွဲရရှိအောင် ကြိုးပမ်းလာဖွယ်ရှိနေသည်။ ရီးရဲမက်ဒရစ်အသင်းသည် ယခုနှစ်ချန်ပီယံလိဂ်ပြိုင်ပွဲတွင် နှစ်ပွဲကစားထားကာ ရှက်တာဒိုးနက်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ထားပြီး ဂလာဘတ်အသင်းနှင့် ပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီသရေကျထားသည့်အတွက် နိုင်ပွဲမရရှိသေးဘဲ ရမှတ်တစ်မှတ်ဖြင့် ချန်ပီယံလိဂ်အုပ်စုအဆင့် အုပ်စု (B) ၏ အောက်ဆုံးနေရာတွင် ရပ်တည်နေသည့်အသင်းဖြစ်သည်။ ထိုနည်းတူ ၎င်းနှင့် ယှဉ်ပြိုင်ကစားမည့် အင်တာမီလန်အသင်းကလည်း ချန်ပီယံလိဂ်ပြိုင်ပွဲတွင် နှစ်ပွဲကစားထားကာ ဂလာဘတ်အသင်းနှင့် တစ်ဖက်နှစ်ဂိုးစီ သရေကျထားပြီး ရှက်တာဒိုးနက်နှင့် ပွဲစဉ်တွင်လည်း ဂိုးမရှိသရေကျထားသည့်အတွက် နိုင်ပွဲမရရှိသေးဘဲ ရမှတ်နှစ်မှတ်ဖြင့် အုပ်စု(ခ)၏ တတိယနေရာတွင် ရပ်တည်နေသည်။ အဆိုပါနှစ်သင်းသည် ယခုနှစ်ချန်ပီယံလိဂ်ပြိုင်ပွဲတွင် နိုင်ပွဲမရရှိသေးသည့်အတွက် ယခုပွဲစဉ်ကို နိုင်ပွဲရရှိရန် ပြင်ဆင်လာဖွယ်ရှိနေသည့်အတွက် ပရိသတ်အကြိုက်တွေ့စေမည်မှာ မလွဲပေ။ စာမျက်နှာ ၁၈ ကော်လံ ၅ ❂